# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တန်ခူးလဆန်း (၃) ရက် ၊ ကြာသပတေးနေ့ ၊ (11-4-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၃၄၇)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့်စာအုပ်စာစောင်များပေးအပ်လှူဒါန်းပွဲအခမ်းအနားကျင်းပ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား



**နေပြည်တော် ဧပြီ ၁၀**

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစာကြည့်တိုက်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို လှည့်လည်ကြည့်ရှုစဉ်။**


ဒဂုံနှင့်အတူ ဝုဏ်ယူလိုက်ပါ



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၆၅၁၁၇၇၊ ၀၉ ၆၉၄၃၉၆၅၀၈၀
STARMART nine mile Showroom -(၉)မိုင် ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၅၁၀၉၀၇၇

ရတနာပုံ
၂၀၂၄ ခုနှစ် မေ ၁၁ ရက်
အယ်ဒီတာ့အာဘော်

# တန်ဖိုးရှိသောရေကို စနစ်တကျသုံးစွဲရန်လို

နွေကာလတွင် အချို့ဒေသများ၌ ကြုံတွေ့နေရသည့် အခက်အခဲတစ်ခုမှာ ရေပြတ်လပ်မှုပြဿနာ တစ်နည်းအားဖြင့် သောက်သုံးရေရှားပါးမှုပြဿနာပင်ဖြစ်သည်။ လူတစ်ဦး၏နေ့စဉ်လုံလောက်စွာသောက်သုံးသည့် ရေပမာဏသည် ထိုသူ၏ကျန်းမာကြံ့ခိုင်သော ခန္ဓာကိုယ်ကိုထိန်းသိမ်းရာတွင် အဓိကအခန်းကဏ္ဍမှပါဝင်လျက်ရှိသည်။ လူတစ်ဦး၏ကျန်းမာရေးအတွက် ရေဓာတ်လိုအပ်ချက်ကိုဖြည့်ဆည်းပေးရမည်ဖြစ်သော်လည်း ရေကိုလိုအပ်သည်ထက် ဖြုန်းတီးမှုဖြစ်စေရန်လိုပေသည်။ ထို့ကြောင့် ရေသောက်သုံးရာတွင် အလဟဿမဖြစ်စေဘဲ စနစ်တကျသုံးစွဲသင့်ပေသည်။

ရေသည် သက်ရှိသတ္တဝါများအတွက် အရေးပါဆုံးဓာတ်ဖြစ်ပြီး ရေဓာတ်မရှိပါကအသက်ရှင်နိုင်မည်မဟုတ်ပေ။ လူဦးရေတိုးတက် များပြားလာနေသော ယနေ့ကမ္ဘာကြီးတွင် ရေလိုအပ်ချက်သည် စိန်ခေါ်မှုတစ်ရပ်ဖြစ်သကဲ့သို့ ရေအရင်းအမြစ် လုံခြုံမှုရှိရေးသည်လည်း အရေးကြီးသည်။ ထို့ကြောင့် နိုင်ငံတစ်နိုင်ငံအနေဖြင့် ရေသယံဇာတများကို စနစ်တကျစီမံခန့်ခွဲနိုင်မည့် အမျိုးသားရေသယံဇာတဥပဒေတစ်ရပ်ရေးဆွဲကာ အကောင်အထည်ဖော်ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကို စနစ်တကျလုပ်ဆောင်ခြင်း၊ အများပြည်သူတို့ကလည်း ရေလေလွင့်ဆုံးရှုံးမှုနည်းပါးစေရေးအတွက် စနစ်တကျသုံးစွဲခြင်းဖြင့် ရေအရင်းအမြစ်ကိုထိန်းသိမ်းကြရမည်ဖြစ်ပေသည်။

ကမ္ဘာတစ်ဝန်း၌ လွန်ခဲ့သောဆယ်စုနှစ်များအတွင်းက ရေရရှိရေးအတွက် နည်းလမ်းကောင်းများ တိုးတက်လာသော်လည်း လူဦးရေသန်း ၁၀၀၀ ခန့်သည် သန့်ရှင်းသောသောက်သုံးရေမရရှိနိုင်သေးသည့်အပြင် လူဦးရေသန်း ၂၅၀၀ ခန့်သည်လည်း ကျန်းမာရေးနှင့်ညီညွတ်သောရေကိုဖူလုံစွာမရရှိကြသေးပေ။ ထို့ပြင် ၂၀၂၅ ခုနှစ် ရောက်ရှိချိန်တွင် ကမ္ဘာ့လူဦးရေထက်ဝက်ခန့်သည် ရေကိုအခြေခံသည့် ရောဂါများနှင့်ရင်ဆိုင်ရမည်ဖြစ်ကြောင်း၊ ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးဆဲနိုင်ငံများရှိဒေသများ၌ ရေလိုအပ်ချက်သည် ၅၀ ရာခိုင်နှုန်းကျော်လွန်မည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သုံးသပ်ထားသည်။

ရေသည် လူတို့အတွက် မရှိမဖြစ်လိုအပ်သော သယံဇာတဖြစ်သည်။ သို့သော် ရေကိုလေလွင့်ဆုံးရှုံးမှုမဖြစ်စေရန် စနစ်တကျသုံးစွဲကြရမည်ဖြစ်သည်။ ဥပမာအားဖြင့် ရေချိုးရာတွင်အချိန်ကြာမြင့်စွာရေချိုးခြင်း၊ လက်ဆေးကြောရာတွင် ဆပ်ပြာပွတ်တိုက်နေစဉ်အတွင်း ရေပိုက်ခေါင်းဖွင့်ထားခြင်းမျိုးမပြုလုပ်မိစေရန်၊ ရေပိုက်ခေါင်းများ ရေယိုစိမ့်မှုမဖြစ်စေရန် သတိပြုကြရမည် ဖြစ်ပေသည်။

ထို့ပြင် လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင်လည်း စိုက်ပျိုးရေလိုအပ်ချက်ရှိနေပေသည်။ သို့သော် ရေသုံးစွဲရာတွင်စနစ်တကျရှိစေရန်လိုပေသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် ရေလိုအပ်သည့်အချိန်မှသာ ရေသွင်းခြင်းမျိုးဖြစ်စေရန် သတိပြုကြရမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ ရေအသက်တစ်မနက်ဟု ဆိုထားသည့်အတိုင်း လူတို့သည်အသက်ရှင်ရပ်တည်နေထိုင်နိုင်ရေးအတွက် ရေကိုသောက်သုံးနေကြရသည်။ ထို့ပြင် ရေလိုအပ်သည့် နေရာများတွင်လည်း ရေကို သုံးစွဲနေကြသည်။ သို့သော် ရေကိုသုံးစွဲရာတွင် တန်ဖိုးရှိသောရေကို အလဟဿမဖြုန်းတီးဘဲ စနစ်တကျသုံးစွဲကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် မန္တလေးတိုင်းဒေသကြီး ခရိုင် ရှစ်ခရိုင်၌ နှမ်း ဧက ၄၃၀၀၀ ကျော်ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



မန္တလေး မေ ၁၀

မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင် ရှစ်ခရိုင်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် နှမ်း ဧက ၄၃၀၀၀ ကျော်ထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးတိုးမင်းက ပြောပြ၍ သိရသည်။

အဆိုပါ ခရိုင် ရှစ် ခရိုင်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ဧက ၆၄၆၀၀ ကျော်စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မတ်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ နှမ်း ဧက ၄၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ကျန်ရှိနေသေးသည့် ဧကများကိုလည်း ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"မန္တလေးတိုင်းဒေသကြီး ခရိုင်ရှစ်ခရိုင်အတွင်း ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီမှာ နှမ်း ဧက ၆၄၆၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ စိုက်ပျိုးနေတဲ့ နွေနှမ်းတွေက ဆင်းရတနာ(၄)မျိုးကို အများဆုံးစိုက်ပျိုးပါတယ်။ ခရိုင် ရှစ်ခရိုင်အတွင်းက မြို့နယ်တွေမှာ စိုက်ပျိုးတာပါ။ နွေနှမ်းကိုတော့ ဆည်ရေနဲ့စိုက်ပျိုးပါတယ်။ အချို့နေရာတွေမှာတော့ စက်ရေတွင်း၊ လျှပ်စစ်မြစ်ရေတင်နဲ့ စိုက်ပျိုးတာရှိတယ်။ ဒါ့ပြင် အချို့တောင်သူတွေက တစ်နိုင်တစ်ပိုင် မိမိတို့စက်ရေတွင်းနဲ့ စိုက်ပျိုးတာရှိပါတယ်။ ရေရရှိတဲ့လုပ်ငန်းပေါ်မူတည်ပြီးတော့မှ နွေနှမ်းစိုက်ဧကတွေကို စိုက်ပျိုးတာဖြစ်ပါတယ်။ လာမဲ့နှစ်မှာ ဝှန်အလိုက်သတ်မှတ်ပြီး နွေနှမ်းကိုစိုက်ပျိုးသွားမှာပါ"ဟု တိုင်းဒေသကြီးဦးစီးမှူး ဦးတိုးမင်းက ပြောပြသည်။

အဆိုပါ ဆီထွက်သီးနှံ နွေနှမ်းကို ခရိုင်အလိုက်စိုက်ပျိုးရန် လျာထားမှုအနေဖြင့် အောင်မြေသာစံခရိုင်တွင် ၄၃၉၆ ဧက၊ အမရပူရခရိုင်တွင် ၅၀၀၈ ဧက၊ သပိတ်ကျင်းခရိုင်တွင် ၂၅ ဧက၊ ကျောက်ဆည်ခရိုင်တွင် ဧက ၄၂၇၇၀၊ တံတားဦးခရိုင်တွင် ၁၅၁၂ ဧက၊ မိတ္ထီလာခရိုင်တွင် ဧက ၅၀၀၀၊ မြင်းခြံခရိုင်တွင် ၃၉၃၃ ဧက၊ ညောင်ဦးခရိုင်တွင် ဧက ၂၀၁၀ တို့ဖြစ်ကြောင်း သိရသည်။ (၁၈၅)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးသို့ မူးမြစ်ရိုးတစ်လျှောက်ဒေသမှ ဝင်ရောက်လာသည့် ခရမ်းချဉ်သီးများ အရောင်းအဝယ်ကောင်းနေ

မန္တလေး မေ ၁၀

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာကုန်စိမ်းဈေးသို့ မူးမြစ်ရိုးတစ်လျှောက်ဒေသမှထွက်ရှိပြီး ဝင်ရောက်လာသည့် ခရမ်းချဉ်သီးများ အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါဈေးအတွင်းရှိ အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

အဆိုပါခရမ်းချဉ်သီးများသည် မူးမြစ်ရိုးတစ်လျှောက် ဒေသမှ လှိုင်လှိုင်ထွက်ရှိလာပြီး မန္တလေး သီရိမာလာ ကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ခြောက်ဘီးကား ၁၀ စီးမှ ၁၂ စီးထိ ပုံမှန်ဝင်ရောက်လျက်ရှိကာ မူးမြစ်ရိုးတစ်လျှောက်ဒေသထွက် ခရမ်းချဉ်သီး တစ်ပိဿာလျှင် ငွေကျပ် ၆၀၀ မှ ၇၀၀ ဈေးရရှိပြီး အရောင်းအဝယ်ကောင်းနေကြောင်း သိရသည်။

"လက်ရှိမှာတော့ မူးမြစ်ရိုးတစ်လျှောက်ဒေသက ခရမ်းချဉ်သီးတွေ လှိုင်လှိုင်ထွက်ရှိလာပြီး ဝင်ရောက်လာပါတယ်။ အင်းခရမ်းချဉ်သီးတွေကလဲ ဈေးကိုဝင်ရောက်တာနည်းသွားပါတယ်။ အင်းသီးတွေကို အစားနည်းသွားပါတယ်။ လက်ရှိထွက်ရှိလာတဲ့ မြေပြန့်သီးတွေကို အစားများနေပါတယ်။ အခြားသီးနှံတွေလဲ ဈေးကောင်းရရှိပါတယ်"ဟု အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြသည်။

အဆိုပါခရမ်းချဉ်သီးများသည် ယခုအချိန်တွင် မန္တလေး သီရိမာလာကုန်စိမ်းဈေးသို့ နေ့စဉ်ဝင်ရောက်လျက်ရှိပြီး လက်ရှိတွင် မူးမြစ်ရိုးတစ်လျှောက် ဒေသများဖြစ်သော မြင်းမူ၊ မတ္တရာဒေသတို့မှထွက်ရှိသော ခရမ်းချဉ်သီးများဖြစ်ကြောင်း၊ ထို့ပြင် ကျန်သည့်သီးနှံများဖြစ်သော ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုပ်၊ အာလူး၊ မုန်ညင်းနှင့် မုန်လာဥ စသည့်သီးနှံများလည်း ဈေးကောင်းရရှိနေကြောင်း သိရသည်။ (၁၈၅)

# မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကာလတွင် မန္တလေးမြို့ကျုံးပတ်လည်၌ အရက်၊ ဘီယာဖြန့်ဖြူးရောင်းချမှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်မည်

မန္တလေး မေ ၁၀

မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်ကာလတွင် မန္တလေးမြို့ ကျုံးပတ်လည်၌ အရက်၊ ဘီယာဖြန့်ဖြူးရောင်းချမှုမရှိစေရေး ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးကြပ်မတ်ဆောင်ရွက်မည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အခွန်ဌာနမှ ဒုတိယဌာနမှူး ဦးရဲထွန်းက ပြောပြ၍ သိရသည်။

ယခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကာလတွင် မန္တလေးမြို့ရှိ အထင်ကရနေရာတစ်ခုဖြစ်သည့်ကျုံးပတ်ပတ်လည်တစ်လျှောက်၌ သင်္ကြန်ရေကစားမဏ္ဍပ်ကြီးများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်မည်ဖြစ်ကြောင်း၊ အဆိုပါသင်္ကြန်ပွဲတော်ကာလတွင် မန္တလေးကျုံးပတ်လည်၌ အရက်၊ ဘီယာဖြန့်ဖြူးရောင်းချမှု မရှိစေရေး စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"အခုနှစ်သင်္ကြန်ကာလအတွင်း မန္တလေးမြို့ ကျုံးပတ်လည်ဟာ ပြည်တွင်း၊ ပြည်ပခရီးသွားတွေ လာရောက်လည်ပတ်မဲ့ နေရာတွေထဲက တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ဒီလိုကျုံးပတ်လည်မှာ အရက်၊ ဘီယာ ဖြန့်ဖြူးရောင်းချမှုတွေမရှိစေဖို့အတွက် ပူးပေါင်းအဖွဲ့တွေနဲ့ စစ်ဆေး ကြပ်မတ်သွားမှာပါ။ သင်္ကြန်ကာလ ဧပြီ ၁၃ရက်(သင်္ကြန်အကြိုနေ့)ကနေ ဧပြီ ၁၆ရက်(သင်္ကြန်အတက်နေ့)ထိ ကျုံးဘေးပတ်ပတ်လည်တစ်လျှောက် နိုင်ငံခြားသားခရီးသွားတွေ သင်္ကြန်ရေသဘင်ပွဲတော်ကို ပါဝင်ဆင်နွှဲမှုတွေရှိမှာဖြစ်တာကြောင့် အရက်၊ ဘီယာဖြန့်ဖြူးရောင်းချမှုတွေကို သေချာလေး ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်သွားမှာပါ"ဟု ဒုတိယဌာနမှူး ဦးရဲထွန်းက ပြောပြသည်။

မန္တလေးမြို့ ကျုံးအရှေ့ဘက် ၆၆ လမ်းတစ်လျှောက်၊ ကျုံးအနောက်ဘက် လမ်း ၈၀ တစ်လျှောက်၊ ကျုံးတောင်ဘက် ၂၆ လမ်းတစ်လျှောက်နှင့် ကျုံးမြောက်ဘက် ၁၂ လမ်းတစ်လျှောက်၌ ကျင်းပမည့် သင်္ကြန်ပွဲတော်ကာလတွင် အရက်၊ ဘီယာဖြန့်ဖြူးရောင်းချမှုမရှိစေရေး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အခွန်ဌာန စည်ပင်သာယာရဲတပ်ဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စသည့် ပူးပေါင်းအဖွဲ့များက စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဖုန်းသတင်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# စလင်းမြို့နယ် ကြက်ဟင်းခါးကျွန်းကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**စလင်း မေ ၁၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ရေကြည်ကျေးရွာအုပ်စု ကြက်ဟင်းခါးကျွန်းကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို မေ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်၊ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ကြက်ဟင်းခါးကျွန်းကျေးရွာ၌ ကျေးရွာတွင်း မြေနီကျောက်စရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်က ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကြက်ဟင်းခါးကျွန်းကျေးရွာ၌ အရှည်ပေ ၄၅၀၀၊ အကျယ် ၁၀ ပေ၊ အမြင့် ကိုးလက်မရှိ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၄ ဒသမ ၄ သိန်း စုစုပေါင်း ငွေကျပ် ၁၅၄ ဒသမ ၄ သိန်းအသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် စက်တင်ဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်ထံမှ သိရသည်။

**ခင်မာ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဒေါ်ဓောဓောဝင်းက ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၄၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏနှင့် ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူစဉ်။

# ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ကြက်သွန်နီ ၃၆၆၃ ဧက နုတ်သိမ်းပြီးစီး



**ကလေး မေ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ကြက်သွန်နီ ၃၆၆၃ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြ၍ သိရသည်။

ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ကြက်သွန်နီစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှစ၍ နုတ်သိမ်းခဲ့ရာ ယနေ့တွင် ၃၆၆၃ ဧက နုတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၄၆၂၇ ပိဿာထွက်ရှိကြောင်း သိရသည်။

"ကလေးခရိုင်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက ကြက်သွန်နီ ၃၆၆၃ ဧက စိုက်ပျိုးထားတယ်။ လက်ရှိ စိုက်ပျိုးထားတဲ့ ကြက်သွန်စိုက်ခင်းတွေ ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ ကြက်သွန်နီစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ကြက်သွန်နီတွေ ဈေးကောင်းရဖို့လဲ ချိတ်ဆက် ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ကလေးခရိုင်တွင် မြို့နယ်အလိုက် ကြက်သွန်နီနုတ်သိမ်းပြီးစီးမှုအနေဖြင့် ကလေးမြို့နယ်တွင် ဧက ၂၆၄၀၊ ကလေးဝမြို့နယ်တွင် ၂၁၆ ဧက၊ မင်းကင်းမြို့နယ်တွင် ၈၀၇ ဧက စုစုပေါင်း ၃၆၆၃ ဧကဖြစ်ကြောင်း သိရသည်။

ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက ကြက်သွန်နီ ၃၃၂၅ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ကြရာ ၃၆၆၃ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက ကြက်သွန်နီစိုက်တောင်သူများ ကြက်သွန်နီကို ကြာရှည်စွာအထားခံနိုင်ရန်၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်နှင့် အရည်အသွေး ကောင်းမွန်သည့် ကြက်သွန်နီဖြစ်စေရန်အတွက် နည်းပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၂၀၆)

# မလှိုင်မြို့နယ် မြေခြားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် မေ ၁၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ မြေခြားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ မြို့နယ်ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြေခြားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၃ ဒသမ ၃ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ပြည်သွင်းရမည့်ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မြေခြားကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၆ ဦးကို ငွေကျပ် ၄၁ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦးကို ငွေကျပ် ၈ ဒသမ ၁၅ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁ ဒသမ ၂၅ သန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၂ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၇ ဦးကို ငွေကျပ် ၅၃ ဒသမ ၃ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဟိန်းထက်ရိုး(မလှိုင်)**

# သုံးခွမြို့နယ် သြဘာညွန့်ကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သုံးခွ မေ ၁၀**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သြဘာညွန့်ကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်နှင်းချိုက သြဘာညွန့်ကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကိုရှင်းလင်းဆွေးနွေးပြီး သြဘာညွန့်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၂၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက သြဘာညွန့်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် ရေလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၂၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ရှိုသန်းညွန့်**



# စာဆိုတော်ဦးရွှန်း၏ဘဝနှင့်စာပေ (၄)

ပိုလ်ရှိတ်(ရတနာပူရ)

❖ ဦးရွှန်းသည် မင်းတုန်းမင်းလက်ထက်၌ မဟာနန္ဒသကြံဘွဲ့ရရှိခဲ့ပြီး ထိုအချိန်အခါထိ မကွယ်လွန်သေးကြောင်းသိရသည်။ ၁၂၂၁ ခုနှစ်တွင် မဟာဝင်ပျို့ရေးပြီးသောကြောင့် ပုဂံမင်းလက်ထက်ကွယ်လွန်သည်၊ မင်းတုန်းမင်းနန်းတက်စ ကွယ်လွန်သည်ဟူသော အဆိုများသည် မှားယွင်းနေသည်။ ၁၂၂၁ ခုနှစ်တွင်ပင် မဟာဝင်ပျို့ကိုရေးသားခဲ့သဖြင့် ဦးရွှန်းသည် ၁၂၂၁ ခုနှစ်နောက်ပိုင်းမှ ကွယ်လွန်ခဲ့သည်ဟုယူဆရသည်။ မဟာဝင်ပျို့ ရေးပြီးသည့်နှစ်၌ ဦးရွှန်းသည် အသက် ၇၇ နှစ်ရှိပြီဖြစ်သည်။ ထို့ကြောင့် ဦးရွှန်းသည် မင်းတုန်းမင်းလက်ထက် ၁၂၂၁ ခုနှစ်ထိ အမှုတော်ကိုထမ်း၍ နေထိုင်ခဲ့ကြောင်း သိနိုင်ပေသည်။ ❖

**ဦးရွှန်း၏ ဘဝနေဝင်ချိန်**

ဦးရွှန်းသည် ဘိုးတော်ဗဒုံမင်းလက်ထက်မှသည် မင်းတုန်းမင်းလက်ထက်ထိ ဘွဲ့တံဆိပ်အမျိုးမျိုး၊ ရာထူးအမျိုးမျိုးဖြင့် အမှုထမ်းခဲ့ရသူဖြစ်သည်။ မင်းငါးဆက်တိုင်တိုင် သူကောင်းပြုခံရခြင်းကိစ္စမှာ မလွယ်ကူပေ။ တက်လာသောရှင်ဘုရင်တိုင်းနှင့် သင့်တင့်အောင်နေတတ်ဖို့က အရေးကြီးသည်။ သာယာဝတီမင်းဆိုလျှင် နောင်တော်စစ်ကိုင်းမင်းထံမှ နန်းလုယူ၍ တက်ခဲ့ခြင်းဖြစ်သည်။ သာယာဝတီမင်းနန်းတက်သောအခါ သူနှင့်မသင့်တင့်သူတချို့ကို ရှင်းလင်းခဲ့ရသည်။ ထိုကဲ့သို့သော အခြေအနေမျိုးများကြုံတွေ့ရသော်လည်း ဦးရွှန်းသည် လိမ္မာပါးနပ်စွာရှောင်ရှားခဲ့ဟန်ရှိသည်။ ထို့ကြောင့် နောင်တော်စစ်ကိုင်းမင်းလက်ထက်က ရရှိခဲ့သော မင်းလှမင်းခေါင်ကျော်ဘွဲ့ဖြင့် သာယာဝတီမင်းက ဆက်လက်မြှောက်စားခဲ့ဟန်ရှိသည်။ ဦးရွှန်းသည် တိုက်ရည်ခိုက်ရည်သာမက အရာရာကို မြော်တွေးတတ်သော အမြင်ကြောင့် မင်းငါးဆက်တိုင်မင်းတိုင်ပင်ပညာရှိအဖြစ် ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်ဟု ယူဆရသည်။

ဦးရွှန်းသည် မင်းငါးဆက်တိုင် မင်းမှုထမ်းအဖြစ် အမှုထမ်းခဲ့ရသော်လည်း ဦးရွှန်း၏ဘဝနေဝင်ချိန်ကို ကွဲကွဲပြားပြားမသိသေးပါ။ ဦးရွှန်းကွယ်လွန်ခဲ့သည့်နှစ်ကို တိတိကျကျမသိရပါ။ ဦးရွှန်း၏ကွယ်လွန်နှစ်ကို ဦးရွှန်းအကြောင်း ရေးသားထုတ်ဝေခဲ့သည့် စာအုပ်စာတမ်းတို့တွင် ကွဲကွဲလွဲလွဲဖော်ပြကြသည်။ မူအမျိုးမျိုးတွေ့နေရသည်။ ထို့ကြောင့် ဦးရွှန်းကွယ်လွန်ချိန်ခါကို တတ်နိုင်သမျှအဖြေရှာတင်ပြပါမည်။

ဆရာကြီးဒဂုန်နတ်ရှင်ပြုစုသော စာပြုစာဆိုပုဂ္ဂိုလ်ကျော်များအတ္ထုပ္ပတ္တိပေါင်းချုပ်တွင် ဦးရွှန်း၏ကွယ်လွန်နှစ်ကို တိတိကျကျပြဆိုခြင်းမရှိဘဲ ပုဂံမင်းနန်းကျစ၊ မင်းတုန်းမင်းနန်းတက်စတွင် ကွယ်လွန်ခဲ့သည်ဟု ခန့်မှန်းပြဆိုထားသည်။

ဥမ္မာဒန္တီပျို့နိဒါန်းတွင်ပါရှိသော ပုဂံဝန်ထောက်မင်း ဦးတင်ရေးသားသည့် ဦးရွှန်း၏အတ္ထုပ္ပတ္တိတွင် "ဦးရွှန်းကွယ်လွန်သောနှစ်မှာ သေချာစွာမသိနိုင်စပ်ဆိုင်ဆီလျော်ရာယူလိုက ၁၂၁၁ ခုနှစ်နောက်မှ ကွယ်လွန်သည်ဟူ၍ယူနိုင်သော သဘောလမ်းဖြောင့်တန်းသတည်း"ဟူ၍ ၁၂၁၁ ခုနှစ် နောက်ပိုင်းကွယ်လွန်သည်ဟု ယူဆဖော်ပြထားသည်။

ဓမ္မဇေယျပို့ကို တည်းဖြတ်ထုတ်ဝေခဲ့သူ ဆရာကြီးလှသမိန်ကလည်း ဦးရွှန်း၏ကွယ်လွန်ချိန်ကို ဓမ္မဇေယျပို့နိဒါန်း၌ "ဦးရွှန်းသည် မည်သည့်ခုနှစ်တွင် ကွယ်လွန်ကြောင်းမသိရှိရသော်လည်း ဓမ္မဇေယျပို့ပြီးချိန် ၁၂၁၂ ခုနှစ်နောက်ပိုင်းတွင်မှ ကွယ်လွန်သည်ဟု ယူဆရလေသည်။ မင်းတုန်းမင်းလက်ထက်ထိ ဆက်လက်ခစားကြောင်း အမှတ်အသားမတွေ့ရသဖြင့် ၁၂၁၂ ခုနှစ်နှင့် ၁၂၁၄ ခုနှစ်ကြားတွင်ပင် ကွယ်လွန်သည်ဟု ယူဆနိုင်ဖွယ်ရှိလေသည်"ဟူ၍ ဖော်ပြထားသည်။

ဆရာကြီးဦးဖေမောင်တင်ပြုစုသော မြန်မာစာပေသမိုင်းတွင် ၁၂၁၁ ခုနှစ်နောက်ပိုင်းတွင် ကွယ်လွန်သည်ဟု ယူဆစရာရှိကြောင်း ဖော်ပြထားသည်။ ဗိုလ်မှူးဘသောင်းပြုစုသော စာဆိုတော်များအတ္ထုပ္ပတ္တိတွင်လည်း ဦးရွှန်း၏ကွယ်လွန်ချိန်ကို "မဟာမင်းလှမင်းခေါင်ဘွဲ့ခံ ဦးရွှန်းသည် မည်သည့်သက္ကရာဇ်၌ ကွယ်လွန်အနိစ္စရောက်ကြောင်းကိုမူ မသိရ။ သို့ရာတွင် ထိုစာဆိုတော်ကြီး နောက်ဆုံးရေးသားပြုစုခဲ့သော ဓမ္မဇေယျပို့မှာ စာပြီးသက္ကရာဇ် ၁၂၁၁ ခုနှစ်ဖြစ်သောကြောင့် ထိုနှစ် သို့မဟုတ် နောက်တစ်နှစ်တွင် ကွယ်လွန်အနိစ္စရောက်ရသည်ဟု မှတ်တမ်းတင်ရပေတော့မည်။ ထိုအခါတွင် ဦးရွှန်းမှာ အသက် ၆၇ နှစ်ကျော်၊ ကျော် ၆၈ နှစ်မျှရှိပေပြီ"ဟူ၍ ဖြစ်သည်။ ဗိုလ်မှူးဘသောင်းသည် ဦးရွှန်းကို ပုဂံမင်းလက်ထက်တွင် ကွယ်လွန်ခဲ့သည်ဟု ယူဆထားသည်။ ဤတွင် စကားဆက်၍ ဆိုချင်သည်မှာ အထက်တွင်ကောက်နုတ်ခဲ့သော ဗိုလ်မှူးဘသောင်း၏မှတ်တမ်းတွင် ဦးရွှန်း၏ဘွဲ့ကို မဟာမင်းလှမင်းခေါင်ဟူ၍ သုံးထားသည်ကိုတွေ့ရသည်။ ဦးရွှန်းအကြောင်းရေးသည့် အပိုင်းတစ်ခုလုံးသည် ထိုသို့မှားယွင်းစွာသုံးထားသည်။ အမှန်က မဟာမင်းလှမင်းခေါင်ကျော်သာ အမှန်ဖြစ်သည်။

အထက်တွင်ဖော်ပြထားသည့် အမှတ်အသားများကို ပြန်လည်သုံးသပ်ကြည့်ပါက ဦးရွှန်းကို ၁၂၁၁ ခုနှစ်နောက်ပိုင်း ပုဂံမင်းလက်ထက်ကွယ်လွန်သည်ဟု ယူဆကြသူများသည်။ ပုဂံမင်းလက်ထက်ကွယ်လွန်ခဲ့သည်ဟူ၍သာ ယူဆလိုကြသည်။ ဆရာကြီးဒဂုန်နတ်ရှင်တစ်ဦးသာ ပုဂံမင်းနန်းကျစ၊ မင်းတုန်းမင်းနန်းတက်စတွင် ဦးရွှန်းကွယ်လွန်သည်ဟု ဆိုထားသည်။ အများအားဖြင့် ပုဂံမင်းလက်ထက်၌ ဦးရွှန်းကွယ်လွန်သည်ဟူ၍သာ ယူဆကြသည်။ ထိုယူဆချက်သည်လည်း ဦးရွှန်းရေးသားပြုစုခဲ့သည့် ဓမ္မဇေယျပို့ကျမ်းပြီးနှစ်ကို အခြေခံကာ ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။ ဓမ္မဇေယျပို့ကို ဦးရွှန်းနောက်ဆုံးရေးခဲ့သည့်ပို့ဖြစ်သည်ဟု ယူဆကာ ဓမ္မဇေယျပို့ရေးပြီးသည့် ၁၂၁၂ ခုနှစ်နောက်ပိုင်း ဦးရွှန်းကွယ်လွန်သည်ဟု ဆိုကြခြင်းဖြစ်သည်။ ထိုခေတ် ထိုအချိန်အခါက ဓမ္မဇေယျပို့ကိုသာ နောက်ဆုံးထားတွေ့ရသောကြောင့် မှားသည်ဟူ၍ကား အပြစ်မဆိုသာပါ။ ဓမ္မဇေယျပို့နောက်မှ ရေးခဲ့သည့်မဟာဝင်ပျို့ကို ရှာဖွေတွေ့ရှိလာသောအခါတွင် ဦးရွှန်းသည် ပုဂံမင်းလက်ထက်ကွယ်လွန်သည်ဟု ယူဆချက်များသည် မှားယွင်းနေကြောင်း သိသာထင်ရှားလာသည်။

**မဟာဝင်ပျို့ အထောက်အထား**

ဦးရွှန်းရေးသားပြုစုခဲ့သော မဟာဝင်ပျို့ကို ရန်ကုန်မြို့ တက္ကသိုလ်များဗဟိုစာကြည့်တိုက်တွင် တွေ့ရှိရသည်။ မဟာဝင်ပျို့ကို ၁၂၂၁ ခုနှစ်တွင် ရေးသားပြုစုပြီးစီးခဲ့ခြင်းဖြစ်သည်။ ၁၂၂၁ ခုနှစ်သည် မင်းတုန်းမင်းလက်ထက်ပင်ဖြစ်သည်။ မင်းတုန်းမင်းလက်ထက်၌ အဝေးကျိုဝန်ရာထူး၊ မဟာနန္ဒသကြံဘွဲ့တို့ကို ရရှိခဲ့ခြင်းသည်။ ထိုအကြောင်းကို ဦးရွှန်းက မဟာဝင်ပျို့နိဂုံး၌-

"သားတော်သိုက်ဝင်၊ တို့အရှင်မူ
လူတွင်လူကြီး၊ ရှေးအတိလည်း
ထံနီးတုပ်ကွ၊ ဦးစွာခဟု
စိတ်ကညာတာ၊ နှစ်သက်ရာတွင်
မဟာနန္ဒသကြံ၊ ဘွဲ့နာမံနှင့်" ဟူ၍ ရေးဖွဲ့ထားပါသည်။ ထို့ကြောင့် ဦးရွှန်းသည် မင်းတုန်းမင်းလက်ထက်၌ မဟာနန္ဒသကြံဘွဲ့ရရှိခဲ့ပြီး ထိုအချိန်အခါထိ မကွယ်လွန်သေးကြောင်း သိရသည်။ ၁၂၂၁ ခုနှစ်တွင် မဟာဝင်ပျို့ရေးပြီးသောကြောင့် ပုဂံမင်းလက်ထက်ကွယ်လွန်သည်၊ မင်းတုန်းမင်းနန်းတက်စ ကွယ်လွန်သည်ဟူသောအဆိုများသည် မှားယွင်းနေသည်။ ၁၂၂၁ ခုနှစ်တွင်ပင် မဟာဝင်ပျို့ကိုရေးသားခဲ့သဖြင့် ဦးရွှန်းသည် ၁၂၂၁ ခုနှစ်နောက်ပိုင်းမှ ကွယ်လွန်ခဲ့သည်ဟု ယူဆရသည်။ မဟာဝင်ပျို့ရေးပြီးသည့်နှစ်၌ ဦးရွှန်းသည် အသက် ၇၇ နှစ်ရှိပြီဖြစ်သည်။ ထို့ကြောင့် ဦးရွှန်းသည် မင်းတုန်းမင်းလက်ထက် ၁၂၂၁ ခုနှစ်ထိ အမှုတော်ကိုထမ်း၍ နေထိုင်ခဲ့ကြောင်း သိနိုင်ပေသည်။ ကွယ်လွန်သည့်အချိန်အခါကို ထပ်မံတိကျစွာမသိရသေးပါ။ မင်းတုန်းမင်းလက်ထက်တွင် ကွယ်လွန်ခဲ့သည်ဟု ယာယီယူဆထားချင်သည်။

**ဦးရွှန်းရေးသားခဲ့သောစာပေများ**

ဦးရွှန်းသည် စာမျိုးစုံရေးသားခဲ့သောစာဆိုတော်ကြီးဖြစ်သည်။ ပျို့၊ ချေင်း၊ ရတု၊ အဖြေကျမ်း စသည်ဖြင့် စာမျိုးစုံရေးခဲ့သည်။ ရေးခဲ့သည့်အကြောင်းအရာများမှာလည်း စုံလင်သည်။ ဆေးကျမ်း၊ ဗေဒင်၊ သတ်ပုံ၊ သဒ္ဒါဖြိုဟ် စသည်ဖြင့် စုံလင်လှသည်။ အများဆုံးရေးခဲ့သောစာမှာ ပျို့ဖြစ်သည်။ ဦးရွှန်းရေးခဲ့သော ပျို့စာရင်းကို တချို့က ခုနစ်စောင်၊ တချို့က ကိုးစောင် စသည်ဖြင့်ဖော်ပြကြသည်။

ပျို့ခုနစ်စောင်သာရေးသည်ဟု ဖော်ပြကြခြင်းမှာ ဥမ္မာဒန္တီပျို့နိဂုံးပုဒ်ရေ ၁၂ ၌-

"ပါဠိတော်က၊ နေနှင့်လသို့
ထွန်းပရောင်ညီး၊ ဇာတ်တော်ကြီးကို
ပျို့ကြီးဖြစ်အောင်၊ ခုနစ်စောင်နှင့်" ဟူသော

အရေးအသားကို အထောက်အထားပြုကာ ဆိုကြခြင်းဖြစ်သည်။ ထိုအဆိုမှာ ဦးရွှန်းရေးပြီးသမျှ ပျို့ခုနစ်စောင်ကို မှတ်တမ်းတင်ထားခြင်းဖြစ်သည်။ တစ်နည်းဆိုရလျှင် ခုနစ်စောင်မြောက် ဥမ္မာဒန္တီပျို့ကိုရေးဖွဲ့ပြီးကြောင်း ဆိုခြင်းဖြစ်သည်။

ပျို့ကိုးစောင်ရေးခဲ့သည်ဟု ဆိုကြခြင်းမှာလည်း ဓမ္မဇေယျပို့နိဂုံး၌ရေးဖွဲ့ထားသော အောက်ပါပျို့စာရင်းကို အထောက်အထားပြု၍ ဆိုကြခြင်းဖြစ်သည်။

"ဗုဒ္ဓသာသနာ၊ ထွန်းလင်းဖြာ၍
မဟာသုတ၊ သောမပျို့တော်
မဟော်သဓာ၊ ပြဿနာနှင့်
မဟာဥမင်၊ သရဘင်
နာမတွင်ဘိ၊ ဂါမဏိစန္ဒ
ဇနကမှ၊ အလှခေါင်ချာ
ဥမ္မာပျော်မွေ့၊ လူဝေလေ့ဖြင့်
တွေ့ကြနိုယ်၊ လောကဓံမူ
တရံတဆစ်၊ ဖြစ်သောကိုယ်၌
အခင်းဆိုက်လျှင်၊ မကြိုက်လေးပါး
ကြိုက်လေးပါးကို၊ အများသူငါ
သတ္တဝါတို့၊ ဖြစ်လာသည်ချည်း
ငါသည်တည်းဟု၊ ဝမ်းနည်းတစိ
မရှိစေကြ၊ နည်းယူရအောင်
ဓမ္မဇေ၊ တရားတမ်းခုန်
ဤဇာတ်မွန်ကို"

အမှန်က ဦးရွှန်းသည် ပျို့ကိုးစောင်မက ရေးခဲ့ပါသည်။ မဟာဝင်ပျို့ကို ရှာဖွေတွေ့ရှိသောအခါတွင် ဦးရွှန်းသည် ပျို့ကိုးစောင်မက ဆယ်စောင်ထိရေးသားခဲ့ကြောင်း သိလာရသည်။ မဟာဝင်ပျို့နိဂုံး၌ ဦးရွှန်းသည် သူရေးသားခဲ့သောစာရင်းကို-

"သုတသောမ၊ ဇာတကကို
အစထုတ်ဖော်၊ ဆိုပြီးသော်တည့်
မဟော်သဓာ၊ ပြဿနာနှင့်
မဟာဥမင်၊ သရဘင်
ကြားကမှတ်မိ၊ ဂါမဏိစန္ဒ
ဇနက္ကစာ၊ ဥမ္မာဒန္တီ
သိညီတဝ၊ ဓမ္မဇ
ဥတေနပြင်၊ မဟာဝင်နှင့်
လင်္ကာမော်ကွန်း၊ ဆယ်စောင်ညွန်း၍
ထွန်းလိမ့်သာသနာ၊ နောက်ခါကာလ
သိရစ်ကြလိမ့်၊ တွေးဆဉာဏ်ယူ
သိအောင်မူလည်း၊ တောင်ငူဆိုစု
ရတုအဖြေ၊ ဗေဒင်ဋီကာ
မဟာသာမ၊ ဒီဃအာယု
စတုဝိဿ၊ ကျမ်းမှရောပြွမ်း
ဆေးကျမ်းအစုံ၊ သတ်ပုံနာမ
တဖက်ပြဟု၊ ရတုနှင့်တေး
ချေင်းနှစ်စောင်၊ ထိုနောင်ဉာဏ်စမ်း
ဂဏန်းကစား၊ မှတ်သားစေလို
သဒ္ဒါဖြိုဟ်ဘုံစိတ်၊ ပဋိသန္ဓေ
ခွဲဝေရတု၊ ပျို့ရွယ်နုက
ပျော်မှုတမျိုး၊ လေးချိုးစီကုံး
စက်တုံးလှေချင်း၊တီးမှုတ်ခင်းနှင့်"ဟူ၍ တိကျစွာရေးသားခဲ့သည်။ မဟာဝင်ပျို့နိဂုံးအရ ဦးရွှန်းသည် ပျို့စောင်ရေ ၁၀ စောင်ထိ ရေးသားခဲ့ကြောင်း သိလားရသလို ရတု၊ တေးကဗျာ၊ လှေချင်း၊ လေးချိုးတို့ကိုလည်း ရေးသားခဲ့ကြောင်း သိရသည်။ ကျမ်းအစောင်စောင်တွင် ရှာဖွေတွေ့ရှိရသမျှ ဦးရွှန်း၏စာစာရင်းကို စုစည်းဖော်ပြလိုက်ပါသည်။

၁။ တောင်ငူဆိုရတုအဖြေ(၁၁၉၅ကျမ်းပြီး)
၂။ ညောင်ရမ်းမင်းသားရွှေနားတော်သွင်းချေင်း (၁၁၉၆ကျမ်းပြီး)
၃။ စစ်ကိုင်းမင်းသမီးရွှေနားတော်သွင်းချေင်း (၁၁၉၆ကျမ်းပြီး)
၄။ မဟာသုတသောမပျို့(၁၂၀၁ကျမ်းပြီး)
၅။ မဟော်ဥမင်ခန်းပျို့(၁၂၀၂ကျမ်းပြီး)
၆။ မဟော်ပြဿနာခန်းပျို့(၁၂၀၃ကျမ်းပြီး)
၇။ သရဘင်ပျို့(၁၂၀၄ကျမ်းပြီး)
၈။ အာယုဒီဃပျို့(၁၂၀၅ကျမ်းပြီး)
၉။ မဟာသာမဗေဒဋီကာ(၁၂၀၅ကျမ်းပြီး)
၁၀။ တဖက်ပြသတ်ပုံ(၁၂၀၆ကျမ်းပြီး)
၁၁။ ဘုရားတိုင်ရတုပိုဒ်စုံ၁၀ပုဒ်(၁၂၀၇ကျမ်းပြီး)
၁၂။ အဘိဓမ္မတ္ထသဒ္ဒါဖြိုဟ်ဘုံစိတ်ရတု ခြောက်စုံ (၁၂၀၇ကျမ်းပြီး)
၁၃။ ဂါမဏိစန္ဒပျို့(၁၂၀၈ကျမ်းပြီး)
၁၄။ ဇနကပျို့(၁၂၀၉ကျမ်းပြီး)
၁၅။ ဥမ္မာဒန္တီပျို့(၁၂၁၀ကျမ်းပြီး)
၁၆။ ဓမ္မဇေယျပို့(၁၂၁၁ကျမ်းပြီး)
၁၇။ ဥတေနပျို့(၁၂၁၄ကျမ်းပြီး)
၁၈။ မဟာဝင်ပျို့(၁၂၂၁ကျမ်းပြီး)
၁၉။ အရိဋ္ဌမပျို့(-)
၂၀။ လှေချင်း(-)
၂၁။ လေးချိုး(-)
၂၂။ တေးကဗျာ(-)
၂၃။ ဂဏန်းကစားကျမ်း(-)တို့ဖြစ်သည်။

ဤမှာ ယခုထိရှာဖွေတွေ့ရှိရသမျှ ဦးရွှန်း၏စာပေများပင်ဖြစ်သည်။ အရိဋ္ဌမပျို့ကို ဦးရွှန်းဟူသောအမည်ဖြင့် ရန်ကုန်မြို့ တက္ကသိုလ်ဗဟိုများစာကြည့်တိုက် တိုက်ပိုင်အမှတ်-၁၂၁၄၉ ဖြင့် မှတ်တမ်းတင်ထားသဖြင့် ဦးရွှန်၏စာရင်းတွင် ယာယီထည့်သွင်းဖော်ပြထားခြင်းဖြစ်သည်။ ဦးရွှန်းတစ်ယောက်ပေလော ကွဲကွဲပြားပြားမသိရသေးသဖြင့် ယာယီထည့်သွင်းထားခြင်းဖြစ်သည်။ ဤစာရင်းတွင်မပါဘဲ တိမ်မြုပ်နေသော ဦးရွှန်း၏စာပေများရှိပါက ထပ်မံဖြည့်စွက်ထည့်သွင်းကြရန်ဖြစ်သည်။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ရန်ကုန်စတော့အိတ်ချိန်းစာရင်းဝင်ကုမ္ပဏီများက ငွေကျပ် ၁၁ ဒသမ ၇၄၁ သန်းတန်ဖိုးရှိ အစုရှယ်ယာစု လေးသန်းကျော်ထိရောင်းချခဲ့

**ရန်ကုန် မေ ၁၀**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ရန်ကုန်စတော့အိတ်ချိန်းစာရင်းဝင်ကုမ္ပဏီများက ငွေကျပ် ၁၁ ဒသမ ၇၄၁ သန်းတန်ဖိုးရှိ အစုရှယ်ယာလေးသန်းကျော်ထိ ရောင်းချခဲ့ကြောင်း မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်မှ သိရသည်။




၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၌ ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်တွင် First Myanmar Investment (FMI)၊ MyanmarThilawa SEZ Holidings Public (MTSH)၊ မြန်မာနိုင်ငံသားများဘဏ်(MCB)၊ ပထမပုဂ္ဂလိကဘဏ်(FPB)၊ TMH Telecom Public(TMH)၊ Ever Flow River Group Public (EFR)၊ Amata Holding Public Co., Ltd(AMATA) နှင့် Myanmar Agro Exchange Public Co.,Ltd (MAEX) ဟူသည့် ရန်ကုန်စတော့အိတ်ချိန်းစာရင်းဝင် အများပိုင်ကုမ္ပဏီ ရှစ်ခုက အစုရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်ခဲ့ရာ အစုရှယ်ယာများကို ဝယ်ယူရင်းနှီးမြှုပ်နှံသူ ဦးရေ ၄၆၁၉၀ ဦးထိ ရှိခဲ့ကြောင်း၊ ထို့ကြောင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ရန်ကုန်စတော့အိတ်ချိန်းစာရင်းဝင်ကုမ္ပဏီ ရှစ်ခုက ငွေကျပ် ၁၁ ဒသမ ၇၄၁ သန်းတန်ဖိုးရှိ အစုရှယ်ယာစုစုပေါင်း ၄ ဒသမ ၄၉၈ သန်းထိ ရောင်းချခဲ့ကြောင်း သိရသည်။

ယခုအခါ ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်၏ ဈေးကွက်ရင်းနှီးမြှုပ်နှံမှုတန်ဖိုးမှာ ငွေကျပ် ၆၇၇ ဒသမ ၁၀၉ ဘီလီယံထိရှိလာနေပြီဖြစ်ကြောင်း၊ ရန်ကုန်စတော့အိတ်ချိန်း၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ယခုနှစ်မတ်လ အစုရှယ်ယာအရောင်းအဝယ်ဖြစ်ခဲ့မှုမှာ ဖေဖော်ဝါရီလ အစုရှယ်ယာအရောင်းအဝယ်ဖြစ်မှုထက် ၉၀ ရာခိုင်နှုန်းကျော် မြင့်တက်လာခဲ့ကြောင်း သိရသည်။

ယခုနှစ် ဖေဖော်ဝါရီလတွင် ရန်ကုန်စတော့အိတ်ချိန်စာရင်းဝင်ကုမ္ပဏီများက အစုရှယ်ယာတန်ဖိုး ငွေကျပ် ၆၉၃ သန်း ဖိုးသာ အရောင်းအဝယ်ဖြစ်ခဲ့သော်လည်း မတ်လတွင် ငွေကျပ် ၁၃၄၁ သန်းဖိုးထိ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်ရှိ မြန်မာနိုင်ငံငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် အနေဖြင့် လက်ရှိတွင် ရန်ကုန်စတော့အိတ်ချိန်းတွင် Main Board အပြင် ဒုတိယဈေးကွက်ဖြစ်သည့် စာရင်းဝင်အကြိုဈေးကွက် Pre Listing Board (PLB) ကို တည်ထောင်ပြီးဖြစ်သဖြင့် မကြာမီကာလတွင် စာရင်းဝင်အကြိုဈေးကွက်၌ မှတ်ပုံတင်ကုမ္ပဏီများ ဝင်ရောက်လာနိုင်ရေး စီမံဆောင်ရွက်နေကြောင်း သိရသည်။ (၃၃၆)

# ဖြူးမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ကျေးရွာရွေးချယ်ပွဲကျင်းပ

**ဖြူး မေ ၁၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ကျေးရွာရွေးချယ်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ဖြူးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောမင်းသူက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ကျေးရွာရွေးချယ်ပွဲ ကျင်းပပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မျိုးအောင်က ဖြူးမြို့နယ်၌ ယခုဘဏ္ဍာနှစ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ကို ကျေးရွာ ခုနစ်ရွာ၌ အကောင်အထည်ဖော်ခွင့်ရရှိကြောင်း၊ စီမံကိန်းကျေးရွာရွေးချယ်ရာတွင် သတ်မှတ်ထားသည့်ကျေးရွာရွေးချယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းချက်များနှင့်အညီ ရွေးချယ်ပေးစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ကျေးရွာ ခုနစ်ရွာကို သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်ပေးခဲ့ကြောင်း၊ စီမံကိန်းကျေးရွာများအကောင်အထည်ဖော်ဆောင်ရွက်ခွင့်ရရှိရေး သက်ဆိုင်ရာသို့ ဦးစားပေးအလိုက်ဆက်လက်တင်ပြ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျေးရွာတစ်ရွာလျှင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀ စီ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ **ချိုလေး**

## ရွှေအညာရဲ့ ပဲသိမ်းချိန်

\- ရာသီခွင် နွေပေါက်တော့
ငွေရောင်တောက်ပေါ့ တို့ကိုင်းလယ်၊
ပဲကြီးတွေ ပွတ်ထသမျှ
ဆွတ်ချဖို့ရှယ်၊
ပလုံးတောင်း ကိုယ်စီသယ်
နံနက်ဝယ် တပျော်တပါး၊
လှည်းတပ်စုံ အမောမဖက်
အို့ . . .
တောထွက်ကြတကား။

\- ချိုးငှက်တွေ ကူကြွားတဲ့
ကမူနား တို့ခင်းဆီ၊
ဘော်ငွေဖြူ ပဲအုပ်နား
လှည်းဖြုတ်ထားပြီ၊
ဆွတ်ကြရဲ့ တက်ညီညီ
တစည်စည် တသောသော၊
အခင်းငယ်ကြုံတဲ့
သတင်းစုံ ဘယ်လောက်ကြွယ်သမျှ
ဖောက်သယ်ချ ပြော။

\- နွေနေရောင် တဖြောဖြောမှာ
မောလည်းပဲ မမောနိုင်၊
ရွှေညာသူ ဆွေးဟန်မခ
တေးသံကမြိုင်၊
လွမ်းစဖွယ် တောဂနိုင်
တဖြိုင်ဖြိုင် ရွက်သစ်မြူး၊
ကျေးတသာသာနဲ့
ကျေးအညာ နွေလမှာ
လေခလို့ဖြူး။

\- ပြန်ချိန်ခါ အခေါ်အထူးနဲ့
အပျော်ဖူးလို့ ပွင့်လန်းပြီ၊
ပဲအိတ်တွေ ဆွဲတင်ကြပေါ့
လှည်းယဉ်လှဆီ၊
လှည်းတပ်တို့ အစုံအညီ
ရှာဦးတည် ပြန်တဲ့လမ်း၊
ဖုန်လုံး တအူအူနဲ့
ဆိုတေး တကျူကျူနဲ့
ရွှေညာသူ ရွှေညာသားတို့
ရှင်အားတွေ လွှမ်းအပြည့်
အို့ . . .
ချမ်းမြေ့တဲ့နန်း။ ။

**လွမ်းလေးကို(သရက်)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေ့ကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# နိုဗာတက်ခ်သဘာဝဓာတ်ငွေ့ရည် ကုမ္ပဏီကို ကိုယ်ပိုင်လုံခြုံရေးတပ်ဖွဲ့ထားခွင့်ပေးရန် ရုရှားလွှတ်တော်အတည်ပြု



**မော်စကို ဧပြီ ၁၀**

ရုရှားနိုင်ငံ၏ အကြီးဆုံး သဘာဝဓာတ်ငွေ့ရည် ထုတ်လုပ်ရေးကုမ္ပဏီဖြစ်သည့် နိုဗာတက်ခ် ကုမ္ပဏီကိုမိမိပိုင်စက်ရုံများ၊ လုပ်ငန်းများလုံခြုံရေးအတွက် ကိုယ်ပိုင်လုံခြုံရေးတပ်ဖွဲ့ထားရှိခွင့်ပေးရန် ရုရှားလွှတ်တော်က ဧပြီ ၉ ရက်တွင်မဲခွဲ အတည်ပြုပေးခဲ့သည်။

ရုရှားလွှတ်တော်၏ အဆုံးအဖြတ်ကြောင့် နိုဗာတက်ခ်ကုမ္ပဏီ အနေဖြင့် အခြားရုရှားစွမ်းအင် ကုမ္ပဏီကြီးများဖြစ်ကြသော ဂက်ဇ်ပရွမ်နှင့် ရော့စ်နက်ဖ်ကဲ့သို့ပင် ကိုယ်ပိုင်လုံခြုံရေးတပ် ထားခွင့်ရမည်ဖြစ်သည်။

နိုဗာတက်ခ်ကုမ္ပဏီ၏ဓာတ်ငွေ့ရည်စက်ရုံတစ်ရုံနှင့် ဓာတ်ငွေ့ရည် တင်ဆိပ်ကမ်းတစ်ခုတို့ တိုက်ခိုက်ခံခဲ့ရပြီးနောက် နိုဗာတက်ခ်ကုမ္ပဏီအတွက် ကိုယ်ပိုင်လုံခြုံရေးတပ်ထားခွင့်ပေးရန် ရုရှားလွှတ်တော်ကခွင့်ပြုချက်ပေးခဲ့ခြင်းဖြစ်သည်။

နိုဗာတက်ခ်ကုမ္ပဏီ၏ အဆိုပါ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုလုပ်ငန်းများကို ယခုနှစ်ဇန်နဝါရီလတွင် ယူကရိန်းစစ်ဘက်က မောင်းသူမဲ့လေယာဉ်များဖြင့် တိုက်ခိုက်ခဲ့သည်။

ယခုနှစ်စပိုင်းအတွင်းယူကရိန်းနိုင်ငံက ရုရှားစွမ်းအင်လုပ်ငန်း အခြေခံအဆောက်အအုံများကို ပိုမိုတိုက်ခိုက်လာခဲ့ပြီးနောက် ရုရှားနိုင်ငံသည် ဒုံးကျည်စနစ်များသုံး၍ စွမ်းအင်ကဏ္ဍအခြေခံအဆောက်အအုံများကို ကာကွယ်ရန် စီစဉ်ထားသည်။

လက်ရှိအချိန်တွင် ရုရှားနိုင်ငံသည်ယူကရိန်းစစ်မြေပြင်၌ စစ်ရေးအရ အသာစီးရယူထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# တောင်ကိုရီးယား လွှတ်တော်ရွေးကောက်ပွဲကျင်းပ အတိုက်အခံပါတီအမတ်နေရာအသာရဟုဆို

**ဆိုးလ် ဧပြီ ၁၀**

တောင်ကိုရီးယားနိုင်ငံ၌ ယနေ့တွင် လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပခဲ့ရာ တောင်ကိုရီးယား ပြည်သူများ ပါဝင်မဲပေးခဲ့ကြကြောင်း သိရသည်။

ပဏာမ ထွက်ပေါ်လာသည့် ရလဒ်များအရ ယနေ့လွှတ်တော် ရွေးကောက်ပွဲများတွင် အဓိက အတိုက်အခံ ဒီမိုကရက်တစ်ပါတီနှင့် မဟာမိတ်များက အမတ်နေရာ အများစု ရယူနိုင်ခြေရှိကြောင်း သိရသည်။

အမတ်နေရာ ၃၀၀ ရှိသော တောင်ကိုရီးယား လွှတ်တော်၌ အတိုက်အခံဒီမိုကရက်တစ်ပါတီနှင့် မဟာမိတ်များအနေဖြင့် အမတ်နေရာ ၁၈၃ နေရာမှ ၁၉၇နေရာထိ ရရှိနိုင်ကြောင်း တောင်ကိုရီးယား ပြည်တွင်းမီဒီယာများက ခန့်မှန်းထားသည်။

လက်ရှိ တောင်ကိုရီးယား သမ္မတယွန်ဆွတ်ယိုး၏ ပြည်သူ့အာဏာပါတီက အမတ်နေရာ ၈၅ နေရာနှင့် ၁၀၀ကြားရရှိနိုင်ကြောင်း သိရသည်။

တောင်ကိုရီးယား မီဒီယာများ၏ခန့်မှန်းချက် မှန်ကန်ခဲ့ပါက ယနေ့လွှတ်တော် ရွေးကောက်ပွဲရလဒ်များသည် လက်ရှိသမ္မတ ယွန်ဆွတ်ယိုးအတွက် ပြင်းထန်သောနိုင်ငံရေးထိုးနှက်ချက်ဖြစ်လာနိုင်သည်။

တောင်ကိုရီးယား လွှတ်တော် ရွေးကောက်ပွဲ တရားဝင်ရလဒ်များကို ဧပြီ ၁၁ ရက်တွင် ရွေးကောက်ပွဲကော်မရှင်က ကြေညာပေးနိုင်ဖွယ် ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO




# ယူဂန္ဓာနိုင်ငံ၏ နိုင်ငံခြားအရန်ငွေပမာဏ ၁၂ ရာခိုင်နှုန်းကျဆင်း

**ကမ်ပါလာ ဧပြီ ၁၀**

ပြည်ပကြွေးမြီများ ပြန်လည်ပေးဆပ်ရမှု၊ နိုင်ငံခြားငွေများကို ဗဟိုဘဏ်က ဝယ်ယူနိုင်မှုမရှိခဲ့ခြင်းတို့ကြောင့် ယူဂန္ဓာနိုင်ငံ၏နိုင်ငံခြားအရန်ငွေပမာဏမှာ ၂၀၂၃ ခုနှစ် ဇွန်လနှင့် ယခုနှစ် ဇန်နဝါရီလကြားတွင် ၁၂ ရာခိုင်နှုန်း ကျဆင်းခဲ့ရကြောင်း ဧပြီ ၉ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

ယူဂန္ဓာနိုင်ငံ၏ နိုင်ငံခြားအရန်ငွေပမာဏသည် ၂၀၂၃ခုနှစ်ဇွန်လတွင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၀၇ဘီလီယံရှိခဲ့သော်လည်း ယခုနှစ်ဇန်နဝါရီလတွင် ၃ ဒသမ ၃၈ ဘီလီယံသာ ကျန်ရှိတော့ကြောင်း သိရသည်။

အဆိုပါကာလ အပိုင်းအခြားအတွင်း ပြည်ပကြွေးမြီများပြန်လည်ပေးဆပ်ရမှု၊ယူဂန္ဓာနိုင်ငံ၏ ယူဂန္ဓာရှီလင်ငွေကြေးစနစ် တန်ဖိုးကျနေချိန်တွင် ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြားငွေ ထပ်မဝယ်နိုင်မှုတို့ကြောင့် ယူဂန္ဓာနိုင်ငံလက်ဝယ်ရှိ နိုင်ငံခြားအရန်ငွေပမာဏကျဆင်းခဲ့ရခြင်း ဖြစ်သည်။

လက်ရှိ နိုင်ငံခြားအရန်ငွေပမာဏမှာ ပို့ကုန်များအတွက် ၃ ဒသမ ၄ လစာအတွက်သာ ပေးချေနိုင်မည့်ပမာဏဖြစ်သည်။

ယူဂန္ဓာဗဟိုဘဏ်သည် မူလက အရန်နိုင်ငံခြားငွေပမာဏကိုရေနံမှအပကျန်သည့်လေးလစာ ပို့ကုန်များအတွက် အလုံအလောက်ထားရှိရန် ရည်မှန်းထားကြောင်း သိရသည်။

ယူဂန္ဓာနိုင်ငံသည် အစိုးရကြွေးမြီမြင့်တက်လာမှုပြဿနာနှင့်လည်းရင်ဆိုင်နေရပြီး လက်ရှိတွင် ကြွေးမြီစုစုပေါင်း အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၇ ဘီလီယံထိ တင်ရှိနေကြောင်း သိရသည်။

Ref : RT

Trs : KKO

# အီတလီရေအားလျှပ်စစ်ထုတ်လုပ်ရေးစက်ရုံ၌ မြေအောက်ပေါက်ကွဲမှုဖြစ်ပွား သုံးဦးသေဆုံး

**ရောမ ဧပြီ ၁၀**

အီတလီနိုင်ငံ မြောက်ပိုင်း ရေအားလျှပ်စစ် ထုတ်လုပ်ရေး စက်ရုံတစ်ခု၌ ဧပြီ ၉ ရက်တွင် မြေအောက် ပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားခဲ့ရာ အနည်းဆုံး သုံးဦး သေဆုံး၍ လေးဦးပျောက်ဆုံးနေကြောင်း အီတလီတာဝန်ရှိသူများက ပြောကြားခဲ့သည်။

မြေအောက်ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် ရေအားလျှပ်စစ်ထုတ်လုပ်ရေးစက်ရုံသည် အီတလီနိုင်ငံ မြောက်ပိုင်း ဘာဂီမြို့၌ တည်ရှိကြောင်း သိရသည်။

ရေအား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစက်ရုံပေါက်ကွဲမှုနှင့် မီးလောင်ကျွမ်းမှုသည် ယင်းစက်ရုံ၌ တပ်ဆင်ထားသည့် ထရန်စဖော်မာတစ်လုံးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း မီးသတ်တပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ထရန်စဖော်မာ ပေါက်ကွဲမီးလောင်မှုကြောင့် ရေအားလျှပ်စစ်ထုတ်လုပ်ရေးစက်ရုံ၏ဆည်အောက်ခြေထိခိုက်ပျက်စီးမှု မရှိခဲ့သလို လျှပ်စစ်ဓာတ်အား ဖြည့်ဆည်းမှုလုပ်ငန်းအတွက်မည်သည့်ပြဿနာမျှမရှိခဲ့ကြောင်း အီတလီတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ရေအားလျှပ်စစ်စက်ရုံ မြေအောက်ပေါက်ကွဲမှုကြောင့်အီတလီပြည်တွင်းအလုပ်ခွင် အခြေအနေများနှင့်ပတ်သက်၍ အလုပ်သမားသမဂ္ဂများ၏ စိုးရိမ်စိတ်မြင့်တက်လာနိုင်သည်။

ယခုနှစ် ဖေဖော်ဝါရီလကလည်း ဖလောရင့်မြို့ရှိ စူပါမားကတ်အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်းခွင်၌ မတော်တဆမှုတစ်ရပ်ကြောင့် အလုပ်သမားငါးဦးသေဆုံး၍ သုံးဦးပြင်းထန်စွာဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ၂၀၃၀ ပြည့်နှစ်မတိုင်မီ တရုတ်နယ်စပ်နှင့်ချိတ်ဆက်ပေးနိုင်မည့် မြန်နှုန်းမြင့်ရထားလမ်းများ စတင်တည်ဆောက်ရန် ဗီယက်နမ်ရည်ရွယ်ထား

**ဟနွိုင်း ဧပြီ ၁၀**

ဟနွိုင်းမြို့နှင့် တရုတ်နယ်စပ်တို့ကိုချိတ်ဆက်ပေးမည့် မြန်နှုန်းမြင့်ရထားလမ်းပိုင်းနှစ်ခုကို ၂၀၃၀ ပြည့်နှစ်မတိုင်မီစတင်တည်ဆောက်ရန် ဗီယက်နမ်နိုင်ငံက ရည်ရွယ်ထားကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။




တရုတ်နိုင်ငံသည် ဗီယက်နမ်နိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်သလို ဗီယက်နမ်ကုန်ထုတ်လုပ်မှုကဏ္ဍအတွက် အရေးပါသောဈေးကွက်လည်း ဖြစ်ကြောင်း သိရသည်။

ဗီယက်နမ်နှင့် တရုတ်နိုင်ငံတို့သည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ အဝေးပြေးလမ်းစနစ်တစ်ခု၊ရထားလမ်းကြောင်းနှစ်ခုတို့ဖြင့် ချိတ်ဆက်ထားသော်လည်း ယင်းလမ်းကြောင်းများမှာ ဗီယက်နမ်ဘက်ခြမ်း၌ သက်တမ်းအိုဟောင်းလာပြီး အဆင့်မြှင့်တင်ရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

ဗီယက်နမ်အနေဖြင့် ၂၀၃၀ ပြည့်နှစ်မတိုင်မီ ဟနွိုင်းမြို့နှင့် တရုတ်နယ်စပ်တို့အား ချိတ်ဆက်နိုင်မည့် မြန်နှုန်းမြင့်ရထားလမ်း စနစ်နှစ်ခုကို စတင်တည်ဆောက်ရန်ရည်ရွယ်ထားကြောင်း ဗီယက်နမ် အစိုးရစီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါမြန်နှုန်းမြင့်ရထားလမ်း စီမံကိန်းနှစ်ခုနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များကို အဆိုပါသတင်းထုတ်ပြန်ချက်တွင် ထည့်သွင်း ဖော်ပြထားခြင်းမရှိကြောင်း သိရသည်။

သို့သော် အဆိုပါမြန်နှုန်းမြင့်ရထားလမ်း စီမံကိန်းများသည် ဗီယက်နမ်နှင့် တရုတ်ကြားဆက်ဆံရေး ပိုမိုအားကောင်းလာမှုကို သက်သေပြလျက် ရှိကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## ULA ကုမ္ပဏီက မေ ၉ ရက်တွင် ဒယ်လ်တာအမျိုးအစားဒုံးပျံကို နောက်ဆုံးအကြိမ်လွှတ်တင်ခဲ့




**ဝါရှင်တန် မေ ၁၀**

United Launch Alliance (ULA)ကုမ္ပဏီသည် မေ ၉ ရက်တွင် ဒယ်လ်တာအမျိုးအစားဒုံးပျံကို နောက်ဆုံးအကြိမ်အဖြစ် လွှတ်တင်ခဲ့ကြောင်း သိရသည်။

NROL-70 အမည်ရှိ ဂြိုဟ်တုတစ်စင်းကို သယ်ဆောင်ထားသည့် ဒယ်လ်တာ-၄ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗရယ်လ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

ဒယ်လ်တာ-၄ ဒုံးပျံသည် ၎င်း၏နောက်ဆုံးမစ်ရှင်ကို အောင်မြင်ခဲ့ပြီး NROL-70 ဂြိုဟ်တုကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း ULA ကုမ္ပဏီက ကြေညာထားသည်။

ULA ကုမ္ပဏီသည် နှစ်ပေါင်း ၆၀ ကြာ အသုံးပြုခဲ့သည့် ဒယ်လ်တာ-၄ ဒုံးပျံများကို အနားပေးရန် စီစဉ်ထားသည်။

နောက်ပိုင်းလွှတ်တင်မည့် အာကာသမစ်ရှင်များတွင် ULA ကုမ္ပဏီသည် အက်တလပ်စ်-၅ ဒုံးပျံများနှင့် ဗော်လ်ကန်ဒုံးပျံများကို အဓိကထားအသုံးပြုရန် စီစဉ်ထားကြောင်း သိရသည်။

ULA ကုမ္ပဏီသည် ဒယ်လ်တာအမျိုးအစား ဒုံးပျံများကို ၁၉၆၀ ပြည့်နှစ် မေ ၁၃ ရက်တွင် စတင်လွှတ်တင်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## ရုရှားအာကာသအေဂျင်စီက အန်ဂါရာ-အေ ၅ အမည်ရှိ ဒုံးပျံသစ်စမ်းသပ်လွှတ်တင်ရေးအစီအစဉ် ဖျက်သိမ်းခဲ့

**မော်စကို မေ ၁၀**

ရုရှားအာကာသအေဂျင်စီက အန်ဂါရာ-အေ ၅ အမည်ရှိ ဒုံးပျံသစ် စမ်းသပ်လွှတ်တင်ရေးအစီအစဉ်ကို မေ ၉ ရက်တွင် ဖျက်သိမ်းခဲ့ကြောင်း သိရသည်။

ရုရှားအာကာသအေဂျင်စီသည် မူလက အန်ဂါရာ-အေ ၅ ဒုံးပျံကို ရုရှားအရှေ့ဖျားဒေသ ဗော့စတော့ချ်နီ အာကာသစခန်းမှတစ်ဆင့် မေ ၉ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားသည်။

သို့ရာတွင် ရုရှားအာကာသအေဂျင်စီအနေဖြင့် ဒုံးပျံလောင်စာကန် ဖိအားပေးမှုစနစ်ပြဿနာတစ်ရပ်ကြောင့် လွှတ်တင်ရန် နှစ်မိနစ်အလိုတွင် လွှတ်တင်ရေးအစီအစဉ်ကို ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။

ရုရှားအာကာသအေဂျင်စီသည် အန်ဂါရာ-အေ ၅ ဒုံးပျံကို လွှတ်တင်ရေးအတွက် မေ ၁၂ ရက်တွင် ကြိုးပမ်းမည်ဖြစ်ကြောင်း သိရသည်။

ရုရှားအာကာသအေဂျင်စီသည် အန်ဂါရာ-အေ ၅ ဒုံးပျံများကို ယခင်က သုံးကြိမ်ထိ စမ်းသပ်လွှတ်တင်ခဲ့ပြီးဖြစ်သည်။

ရုရှားနိုင်ငံသည် အန်ဂါရာ-အေ ၅ ဒုံးပျံများကို ဆိုဗီယက်ခေတ် ပရိုတွန်ဒုံးပျံများနေရာတွင် အစားထိုးအသုံးပြုရန် စီစဉ်ထားကြောင်း သိရသည်။



**Ref : Russia Today**
**Trs : KKO**

## အမေရိကန်နိုင်ငံ ပစ်ဘာ့ဂ်မြို့အခြေစိုက် အက်စထရိုဘော့တစ်ကုမ္ပဏီက လမျက်နှာပြင်လှေ့လာရေးယာဉ်နှစ်စင်း စေလွှတ်ရန်စီစဉ်



**ဝါရှင်တန် မေ ၁၀**

အမေရိကန်နိုင်ငံ ပစ်ဘာ့ဂ်မြို့အခြေစိုက် အက်စထရိုဘော့တစ်ကုမ္ပဏီသည် ၎င်း၏ လဆင်းယာဉ်မစ်ရှင်ဖြင့် လမျက်နှာပြင်လေ့လာရေးယာဉ်နှစ်စင်းကို စေလွှတ်ရန် စီစဉ်ထားကြောင်း မေ ၉ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

အက်စထရိုဘော့တစ်ကုမ္ပဏီသည် ဂရစ်ဖင်အမည်ရှိ လဆင်းယာဉ်ကို ယခုနှစ်ကုန်ပိုင်းတွင် Space-X အာကာသနည်းပညာကုမ္ပဏီ၏ ဖယ်လ်ကွန်ဟဲဗီးဒုံးပျံဖြင့် လွှတ်တင်ရန်စီစဉ်ထားသည်။

ဂရစ်ဖင် လဆင်းယာဉ်၏ အဓိကတာဝန်မှာ အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဗိုက်ပါ လမျက်နှာပြင်လေ့လာရေးယာဉ်ကို လကမ္ဘာ တောင်ဝင်ရိုးစွန်းဒေသသို့ ပို့ဆောင်ပေးရေးဖြစ်သည်။

သို့ရာတွင် ဂရစ်ဖင်လဆင်းယာဉ်သည် Cube Rover အမည်ရှိ အခြားလမျက်နှာပြင်လေ့လာရေးယာဉ်ငယ်တစ်စင်းကိုလည်း ဗိုက်ပါနှင့်အတူ သယ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ဂရစ်ဖင် လဆင်းယာဉ်မစ်ရှင်သည် အက်စထရိုဘော့တစ်ကုမ္ပဏီအတွက် ပထမဆုံးလဆင်းယာဉ်မစ်ရှင်ဖြစ်သည်။

လွှတ်တင်ပြီးချိန်တွင် ဂရစ်ဖင်လဆင်းယာဉ်သည် လကမ္ဘာ တောင်ဝင်ရိုးစွန်းရှိ မွန်းခ်မိုတန်တောင်ကုန်းပေါ်၌ ဆင်းသက်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

# HEALTH

## ပန်ကရိယကင်ဆာရောဂါကာကွယ်ဆေးက ရောဂါတစ်ကျော့ပြန်ပေါ်လာနိုင်မှုကို ကာကွယ်နိုင်

**နယူးယောက် မေ ၁၀**

ပန်ကရိယကင်ဆာ ရောဂါကာကွယ်ဆေးတစ်မျိုးသည် လက်တွေ့စမ်းသပ်မှု ရလဒ်များအရ ပန်ကရိယကင်ဆာလူနာ၌ ရောဂါတစ်ကျော့ပြန် ပေါ်လာနိုင်မှုကို ကာကွယ်နိုင်ဖွယ်ရှိကြောင်း မေ ၉ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

အမေရိကန် သုတေသနပညာရှင်များသည် mRNA အုပ်စုဝင် အထက်ပါကာကွယ်ဆေးကို ပန်ကရိယကင်ဆာလူနာ ရှစ်ဦးတို့ဖြင့် လက်တွေ့စမ်းသပ်ခဲ့ကြသည်။

စမ်းသပ်မှုမှပေါ်ထွက်လာသည့် ရလဒ်များအရ စမ်းသပ်မှုတွင်ပါဝင်သော လူနာရှစ်ဦးတို့တွင် ကာကွယ်ဆေးထိုးနှံပြီး သုံးနှစ်အတွင်း ရောဂါတစ်ကျော့ပြန်ပေါ်လာမှု မရှိခဲ့ကြောင်း သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။

Autogene Cevumeran အမည်ရှိ အဆိုပါပန်ကရိယကင်ဆာကာကွယ်ဆေးသည် ကင်ဆာဆဲလ်များကို ဖော်ထုတ်ဖျက်ဆီးရေးအတွက် ခုခံအားစနစ်ကိုလေ့ကျင့်ပေးသည့် ဆေးအမျိုးအစားဖြစ်ကြောင်း သိရသည်။

ပန်ကရိယကင်ဆာ ရောဂါအတွက် လက်ရှိအသုံးပြုနေသည့် ဓာတုကုထုံး၊ ဓာတ်ရောင်ခြည်ကုထုံးနှင့် ခုခံအားစနစ်ကုထုံးများမှာ ရောဂါကိုထိန်းချုပ်ရာတွင် ထိရောက်မှုမရှိကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ ပန်ကရိယကင်ဆာလူနာများအတွက် ကုထုံးသစ်များ အရေးပေါ် လိုအပ်နေကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

**Ref : Sputnik News**
**Trs : KKO**

## ဆေးလိပ်မီးခိုးတစ်ဆင့်ခံရှူရှိုက်ရသူများ နှလုံးခုန်နှုန်းမူမမှန်မှုဖြင့်မားလာနိုင်

**ဆိုးလ် မေ ၁၀**

အခြားသူများသောက်သုံးသည့် ဆေးလိပ်များမှပေါ်ထွက်လာသော မီးခိုးများကို တစ်ဆင့်ခံရှူရှိုက်နေကြရသူများတွင် နှလုံးခုန်နှုန်း မူမမှန်မှုပြဿနာ(A-Fib) မြင့်မားလာနိုင်ကြောင်း မေ ၉ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

A-Fib ပြဿနာရှိနေသူများသည် ကျန်းမာသည့် သက်တူရွယ်တူများနှင့်နှိုင်းယှဉ်ပါက လေဖြတ်နိုင်ခြေ ငါးဆပိုများတတ်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ဆေးလိပ်မသောက်သော်လည်း ဆေးလိပ်မီးခိုးငွေ့များတစ်ဆင့်ခံ ရှူရှိုက်နေကြရသူများတွင် A-Fib ပြဿနာပေါ်လာနိုင်ခြေမြင့်တက်လာတတ်ကြောင်း တောင်ကိုရီးယားနိုင်ငံ ဆိုးလ်အမျိုးသားတက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

ဆေးလိပ်မီးခိုးငွေ့ တစ်ဆင့်ခံရှူရှိုက်နေရမှုသည် A-Fibပြဿနာပေါ်ထွက်လာမှုနှင့် တိုက်ရိုက်ဆက်စပ်မှုရှိနေနိုင်ကြောင်း တောင်ကိုရီးယား သုတေသနပညာရှင်များက သုံးသပ်ထားသည်။

တောင်ကိုရီးယားသုတေသနပညာရှင်များသည် အသက် ၄၀ နှင့် ၆၉ နှစ်ကြားလူဦးရေ ၄၀၀၀၀၀ ကျော်တို့၏ အချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ သီတင်းတစ်ပတ်လျှင် ၇ ဒသမ ၈ နာရီမျှ ဆေးလိပ်မီးခိုးငွေ့တစ်ဆင့်ခံရှူရှိုက်နေရသူများတွင် A-Fib ပြဿနာပေါ်ထွက်လာနိုင်ခြေ ၁၁ ရာခိုင်နှုန်း ပိုမြင့်မားကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Xinhua News**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# အမ်းမရိတ်ကွင်းတွင် ဂိုးအများဆုံးသွင်းယူနိုင်သည့် ကစားသမားအဖြစ် ဟယ်ရီကိန်းမှတ်တမ်းဝင်

**လန်ဒန် ဧပြီ ၁၀**


ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ပွဲစဉ်အဖြစ် အာဆင်နယ်အသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး တိုက်စစ်မှူး ဟယ်ရီကိန်းက ဘိုင်ယန်မြူးနစ်အသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူခဲ့သည့်အတွက် အမ်းမရိတ်ကွင်းတွင် ဂိုးအများဆုံးသွင်းယူနိုင်သူအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

အာဆင်နယ်အသင်း အိမ်ကွင်းဖြစ်သည့် အမ်းမရိတ်ကွင်းတွင် လာရောက်ကစားခဲ့သည့် ကစားသမားများထဲတွင် ချဲလ်ဆီးအသင်း ကစားသမားဟောင်း ဒီယေဂို ကော်စတာနှင့် လက်စတာအသင်း တိုက်စစ်မှူး ဗာဒီတို့က ငါးဂိုးစီ သွင်းယူနိုင်သည့် မှတ်တမ်းရှိခဲ့သော်လည်း ဟယ်ရီကိန်းအနေဖြင့် စပါးအသင်းနှင့် ကစားခဲ့ချိန်က ငါးဂိုးသွင်းယူနိုင်ခဲ့သည့်အပြင် ယခုပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် သွင်းဂိုးခြောက်ဂိုးဖြင့် ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် အိမ်ရှင် အာဆင်နယ်အသင်းက ပွဲအစကတည်းက တိုက်စစ်ဆင်ကစားနိုင်ခဲ့သဖြင့် ပွဲချိန် ၁၂ မိနစ်တွင် ဘန်ပိုက်၏ဖန်တီးမှုမှ ဆာကာက ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ဘိုင်ယန်မြူးနစ်အသင်းက ချေပဂိုး ရရှိရေး ကြိုးပမ်းခဲ့ရာ ပွဲချိန် ၁၈ မိနစ်တွင် ဂနာဘရီက ချေပဂိုး သွင်းယူခဲ့သည့်အပြင် ပွဲကစားချိန် ၃၂ မိနစ်အရောက်တွင် တိုက်စစ်မှူး ဟယ်ရီကိန်းက ပင်နယ်တီမှ ဦးဆောင်ဂိုး သွင်းယူပေးခဲ့ပြီး ပထမပိုင်းတွင် ဘိုင်ယန်မြူးနစ်အသင်းက နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ဒုတိယပိုင်းတွင် အာဆင်နယ်အသင်းက ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှုများပြုလုပ်ကာ ပွဲချိန် ၇၆ မိနစ်တွင် ချေပဂိုးသွင်းယူနိုင်ခဲ့သဖြင့် တစ်ဖက်နှစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့ပြီး ဒုတိယအကျော့ကို လာမည့် ဧပြီ ၁၈ ရက်တွင် ဘိုင်ယန်မြူးနစ်အသင်း အိမ်ကွင်း၌ ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**



# ဇမ်ဘီယာအမျိုးသမီးအသင်းနှင့် နိုင်ဂျီးရီးယားအမျိုးသမီးအသင်းတို့ ၂၀၂၄ ပဲရစ်အိုလံပစ် ခြေစစ်ပွဲအောင်မြင်



**ပဲရစ် ဧပြီ ၁၀**

အာဖရိကဇုန်မှ ၂၀၂၄ ပဲရစ်အိုလံပစ်ဝင်ခွင့်အတွက် play-off ကစားခဲ့ရာတွင် ဇမ်ဘီယာအမျိုးသမီးအသင်းနှင့် နိုင်ဂျီးရီးယားအမျိုးသမီးအသင်းတို့က အနိုင်ရခဲ့သောကြောင့် ခြေစစ်ပွဲအောင်မြင်ခဲ့ကြောင်း သိရသည်။

Play-off ခြေစစ်ပွဲတွင် ဇမ်ဘီယာအမျိုးသမီးအသင်းက မော်ရိုကိုအမျိုးသမီးအသင်းနှင့် တွေ့ဆုံခဲ့ရာ ပထမအကျော့တွင် နှစ်ဂိုးတစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယအကျော့တွင် နောက်ကျသွင်းဂိုးဖြင့် နှစ်ဂိုးပြတ်ဖြင့် ပြန်လည်အနိုင်ရခဲ့ကာ နှစ်ကျော့ပေါင်း သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး အိုလံပစ်ပြိုင်ပွဲသမိုင်းတွင် ပထမဆုံးအကြိမ်ဝင်ခွင့်ရရှိခဲ့ပြီး မော်ရိုကိုအသင်းအနေဖြင့် ပထမဆုံးအကြိမ်အိုလံပစ်ဝင်ခွင့်နှင့် လွဲချော်ခဲ့ကြောင်း သိရသည်။

ဇမ်ဘီယာအသင်းသည် အိုလံပစ်ပြိုင်ပွဲ အုပ်စု(B)တွင် ပြင်သစ်အသင်း၊ အမေရိကန်အသင်း၊ ဂျာမနီအသင်း၊ ဩစတြေးလျအသင်းတို့နှင့်တွေ့ဆုံခဲ့ပြီး လာမည့် ဇူလိုင် ၂၅ ရက်တွင် အဖွင့်ပွဲစဉ်အဖြစ် အမေရိကန်အသင်းနှင့် ကစားရမည်ဖြစ်သည်။

ထို့ပြင် နိုင်ဂျီးရီးယားအသင်းသည် တောင်အာဖရိကအသင်းနှင့် ကစားခဲ့ရပြီး ပထမအကျော့တွင် တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး ဒုတိယအကျော့ အဝေးကွင်းပွဲစဉ်တွင် ဂိုးမရှိသရေရလဒ် ကစားနိုင်ခဲ့သောကြောင့် နှစ်ကျော့ပေါင်း တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး ခြေစစ်ပွဲအောင်မြင်ခဲ့သဖြင့် အိုလံပစ်ပြိုင်ပွဲ အုပ်စု(C)တွင် စပိန်အသင်း၊ ဂျပန်အသင်း၊ ဘရာဇီးအသင်းတို့နှင့် တွေ့ဆုံခဲ့ပြီး အဖွင့်ပွဲစဉ်ကို ဇူလိုင် ၂၅ ရက်တွင် ဘရာဇီးအသင်းနှင့် စတင်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

# လာမည့်နွေရာသီတွင် အေစီမီလန်အသင်းမှထွက်ခွာရန် ရာဖေးလီအို ဆုံးဖြတ်

**မီလန် ဧပြီ ၁၀**

အေစီမီလန်အသင်း တောင်ပံကစားသမား ရာဖေးလီအိုသည် လာမည့် နွေရာသီအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ခဲ့သောကြောင့် အသင်းတာဝန်ရှိသူများက ၎င်း၏နေရာတွင်အစားထိုးနိုင်ရန် လိဒ်အသင်းကစားသမား ဆမ်မားဗီလီကို ခေါ်ယူရန် ကြိုးပမ်းခဲ့ကြောင်း သိရသည်။

အေစီမီလန် အသင်းနှင့်အတူ ခြေစွမ်းပြသနေသည့် တောင်ပံကစားသမား ရာဖေးလီအိုကို ဥရောပ ထိပ်သီးအသင်းများက စိတ်ဝင်စားလျက်ရှိနေပြီး လက်ရှိတွင် ပီအက်စ်ဂျီအသင်းက ခေါ်ယူနိုင်ရေး ချိတ်ဆက်မှုပြုလုပ်နေသောကြောင့် ကစားသမားအနေဖြင့် အသင်းမှထွက်ခွာရန် သေချာနေခြင်းဖြစ်သည်။

တောင်ပံကစားသမား ရာဖေးလီအို၏နေရာတွင် အစားထိုးနိုင်ရန် အင်္ဂလန်ချန်ပီယံရှစ်ကလပ် လိဒ်အသင်းတွင် ပြိုင်ပွဲစုံ ၄၂ ပွဲ၌ သွင်းဂိုး ၁၈ ဂိုးနှင့် ဂိုးဖန်တီးမှု ကိုးကြိမ်ထိ ပြုလုပ်နိုင်ခဲ့သည့် လူငယ်ကစားသမား ဆမ်မားဗီလီကို ခေါ်ယူရန်ကြိုးပမ်းခဲ့ပြီး ပရီးမီးယားလိဂ်ကလပ် ဝက်စ်ဟမ်းအသင်းနှင့်အပြိုင် ကမ်းလှမ်းမှုပြုလုပ်ရမည်ဖြစ်သည်။

၎င်းသည် လိဒ်အသင်းနှင့် လာမည့် ၂၀၂၆ ခုနှစ်ထိ စာချုပ်သက်တမ်း ကျန်ရှိနေသော်လည်း ဥရောပပြိုင်ပွဲကစားရန် ဆန္ဒရှိနေသောကြောင့် အေစီမီလန်အသင်းအနေဖြင့် ဆမ်မားဗီလီကိုခေါ်ယူနိုင်ရန် အခွင့်အရေးရှိနေခြင်းဖြစ်သည်။

အသက် ၂၂ နှစ်ရှိ ဆမ်မားဗီလီသည် ယခုနှစ်ဘောလုံးရာသီချန်ပီယံရှစ်ပြိုင်ပွဲတွင် လိဒ်အသင်းအား အမှတ်ပေးဇယား အဆင့်(၂)သို့ရောက်ရှိအောင် ၎င်း၏သွင်းဂိုးများဖြင့် ပါဝင်ကူညီနိုင်ခဲ့ပြီး အသင်းအား လာမည့်နှစ်တွင် ပရီးမီးယားလိဂ်သို့ တိုက်ရိုက်တန်းတက်ခွင့် ရရှိရေးအတွက် လိဒ်အသင်းတိုက်စစ်ပိုင်းကို ဦးဆောင်နေသူဖြစ်သောကြောင့် ဥရောပကလပ်အသင်းများ၏ စိတ်ဝင်စားမှုကိုခံခဲ့ရကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**

## အားကစားသတင်းအတိုအထွာများ

- ယခုနှစ်ဘောလုံးရာသီ ယူအီးအက်ဖ်အေအဆင့်သတ်မှတ်ချက်တွင် အီတလီစီးရီးအေက အဆင့်(၁)၊ အင်္ဂလန်ပရီးမီးယားလိဂ်က အဆင့်(၂)၊ ဂျာမနီဘွန်ဒက်လီဂါက အဆင့် (၃) တွင် ရပ်တည်နေသော်လည်း အင်္ဂလန်နှင့် ဂျာမနီတို့မှာ ရမှတ် တူညီနေသဖြင့် ဥရောပပြိုင်ပွဲ ထိပ်တိုက်တွေ့ဆုံမှုများမှာ အမှတ်ပေးဇယားအဆုံးအဖြတ်ဖြစ်လာနိုင်ပြီး အဆင့်(၂) တွင် ရပ်တည်နိုင်ပါက လာမည့်နှစ်တွင် ချန်ပီယံလိဂ်ဝင်ခွင့် ငါးနေရာရရှိမည်ဖြစ်ကြောင်း သိရသည်။
- စပါးအသင်းက ဘီလ်ဘာအိုတောင်ပံကစားသမား နစ်ကိုးဝီလျံကို လာမည့်နွေရာသီတွင်ခေါ်ယူရန် ပစ်မှတ်ထားနေသော်လည်း မြို့ခံပြိုင်ဘက် ချဲလ်ဆီးအသင်းနှင့် အပြိုင်ကြိုးပမ်းရမည်ဖြစ်ကြောင်း သိရသည်။ **ML**

# ချန်ပီယံလိဂ်ရှုံးထွက်အဆင့်တွင် မက်ဆီ၏ ဂိုးဖန်တီးမှုအကြိမ်ရေကို ရီးရဲလ်မက်ဒရစ်အသင်းတိုက်စစ်မှူး ဗင်နီစီးယက်စ် လိုက်မီ

**မက်ဒရစ် ဧပြီ ၁၀**

ရီးရဲလ်မက်ဒရစ် အသင်းတိုက်စစ်မှူး ဗင်နီစီးယက်စ်သည် ချန်ပီယံလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပထမအကျော့ပွဲစဉ်အဖြစ် မန်စီးတီးအသင်းနှင့်ကစားခဲ့သည့် ပွဲစဉ်တွင် ဂိုးဖန်တီးမှုနှစ်ကြိမ်ပြုလုပ်နိုင်ခဲ့ပြီးနောက် ဘာစီလိုနာအသင်းနှင့် ပီအက်စ်ဂျီအသင်း တိုက်စစ်မှူးဟောင်း မက်ဆီ၏ ချန်ပီယံလိဂ်ပြိုင်ပွဲ ရှုံးထွက်အဆင့်တွင် ဂိုးဖန်တီးမှုပြုလုပ်နိုင်ခဲ့သည့် အကြိမ်ရေကို လိုက်မီနိုင်ခဲ့ကြောင်း သိရသည်။

ချန်ပီယံလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်အဖြစ် ကစားခဲ့သည့် ရီးရဲလ်မက်ဒရစ်အသင်းနှင့် မန်စီးတီးအသင်းတို့ပွဲစဉ်တွင် ပွဲချိန် ၁၄ မိနစ်နှင့် ၇၉ မိနစ်တို့တွင် ဗင်နီစီးယက်စ်သည် အသင်းဖော်များဖြစ်သည့် ဗယ်ဗာဒီနှင့် ရိုဒရီဂိုတို့၏ သွင်းဂိုးနှစ်ဂိုးကို ဖန်တီးမှုပြုလုပ်ပေးနိုင်ခဲ့ပြီးနောက် မက်ဆီ၏ ချန်ပီယံလိဂ်ပြိုင်ပွဲ ရှုံးထွက်အဆင့်တွင် ဂိုးဖန်တီးမှု ၁၂ ကြိမ်ကို လိုက်မီနိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

မက်ဆီသည် ချန်ပီယံလိဂ်ပြိုင်ပွဲ ရှုံးထွက်အဆင့်တွင် ဘာစီလိုနာအသင်းနှင့် ပီအက်စ်ဂျီအသင်းတို့တွင် ၇၉ ပွဲပါဝင်ကစားခဲ့ပြီး ဂိုးဖန်တီးမှု ၁၂ ကြိမ်ပြုလုပ်နိုင်ခဲ့ကာ ဗင်နီစီးယက်စ်က ၂၂ ပွဲကစားခဲ့ပြီး ၁၂ ကြိမ် ဂိုးဖန်တီးမှုပြုလုပ်နိုင်ခဲ့ခြင်းဖြစ်သည်။

ဗင်နီစီးယက်စ်သည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် နောက်ဆုံးသုံးရာသီအတွင်း ၁၅ ဂိုး သွင်းယူနိုင်ခဲ့သည့်အပြင် ဂိုးဖန်တီးမှုလည်း ၁၄ ကြိမ်



ပြုလုပ်နိုင်ခဲ့သည့်အတွက် နောက်ဆုံးသုံးရာသီအတွင်း ဂိုးပါဝင်ပတ်သက်မှု အများဆုံးကစားသမားအဖြစ်လည်း စွမ်းဆောင်နိုင်ခဲ့သည်။

ဗင်နီစီးယက်စ်သည် ယခုနှစ်ဘောလုံးရာသီတွင် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသလျက်ရှိနေပြီး ပြိုင်ပွဲစုံ ၂၉ ပွဲ ပါဝင်ကစားခဲ့ကာ ၁၈ ဂိုး သွင်းယူ၍ ၁၀ ကြိမ်ဖန်တီးမှု ပြုလုပ်ထားကြောင်း သိရသည်။

**Ref : RT**
**Trs : STA**

# ကန်နဲလိုအယ်ဗာရက်နှင့် ဂျိမ်းစ်မန်ဂွီတို့စိန်ခေါ်ပွဲစဉ်တွင် Undercard အနေဖြင့် ချန်ပီယံစိန်ခေါ်ပွဲ သုံးပွဲထည့်သွင်းသွားမည်



**လက်စ်ဗီးဂတ် မေ ၁၀**

WBA (Super)၊ WBC၊ IBF၊ WBO စူပါမစ်ဒယ်ဝိတ်တန်း ချန်ပီယံ မက္ကဆီကိုလက်ဝှေ့သမား ကန်နဲလိုအယ်ဗာရက်နှင့် တစ်နိုင်ငံတည်းသား လက်ဝှေ့သမားတစ်ဦးပင်ဖြစ်သည့် ဂျိမ်းစ်မန်ဂွီတို့ မေ ၄ ရက်တွင် အမေရိကန်နိုင်ငံ လက်စ်ဗီးဂတ်မြို့တွင် ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်ပြီး ယင်းပွဲစဉ်၏ Undercard ပွဲစဉ်များအဖြစ် မတူညီသော ဝိတ်တန်းသုံးခု၏ ချန်ပီယံစိန်ခေါ်ပွဲစဉ်သုံးပွဲကို ထည့်သွင်းသွားမည်ဖြစ်ကြောင်း ပွဲစီစဉ်သည့် TGB Promotions ကုမ္ပဏီက ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

ကန်နဲလိုအယ်ဗာရက်နှင့် ဂျိမ်းစ်မန်ဂွီတို့၏ပွဲစဉ်ကို Main Event အနေဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ယင်းပွဲစဉ်မတိုင်မီ ချန်ပီယံစိန်ခေါ်ပွဲသုံးပွဲကို ထိုးသတ်သွားစေရန်အတွက် ပွဲစီစဉ်ထားပြီးဖြစ်ကြောင်းလည်း TGB Promotions ကုမ္ပဏီ၏ ဥက္ကဋ္ဌဖြစ်သူ တွမ်ဘရောင်းက ပြောကြားခဲ့သည်။

ယင်းပွဲစဉ်သုံးပွဲမှာ WBC ဝယ်သာဝိတ်တန်းချန်ပီယံ စိန်ခေါ်ပွဲအဖြစ် အမေရိကန်လက်ဝှေ့သမား မာရီယိုဘာရိုက်စ်နှင့် အာဂျင်တီးနားလက်ဝှေ့သမား မိုင်ဒါနာတို့ ပွဲစဉ်၊ WBC ဖယ်သာဝိတ်တန်း ချန်ပီယံစိန်ခေါ်ပွဲအဖြစ် အမေရိကန် လက်ဝှေ့သမားများဖြစ်ကြသည့် မက်ဒါလီနိုနှင့် ဘရန်ဒန်ဖီဂွီရိုအာတို့ပွဲစဉ်၊ WBA ဝယ်သာဝိတ်တန်းချန်ပီယံ စိန်ခေါ်ပွဲအတွက် ဗင်နီဇွဲလားလက်ဝှေ့သမား ဂါဘရီရယ်လ်နှင့် လစ်သူယေးနီးယားလက်ဝှေ့သမား စတာနီယွန်နစ်တို့၏ ပွဲစဉ်များဖြစ်သည်။

TGB Promotions ကုမ္ပဏီ၏ ဥက္ကဋ္ဌဖြစ်သူ တွမ်ဘရောင်းက "ကန်နဲလိုအယ်ဗာရက်နဲ့ ဂျိမ်းစ်မန်ဂွီတို့ရဲ့ ချန်ပီယံစိန်ခေါ်ပွဲ Main Event မှာ Undercard အနေနဲ့ ချန်ပီယံစိန်ခေါ်ပွဲ သုံးပွဲ ထည့်သွင်းဖို့ စီစဉ်ထားပါတယ်။ အားလုံးလဲ ညှိနှိုင်းပြီးဖြစ်သလို သဘောတူညီချက်လဲ ရရှိထားပြီးဖြစ်ပါတယ်" ဟု ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# Monte-Carlo Masters တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ ဂျိုကိုဗစ်တက်ရောက်

**မွန်တီကာလို မေ ၁၀**

ပြင်သစ်နိုင်ငံ မွန်တီကာလိုမြို့တွင်ကျင်းပနေသည့် Monte-Carlo Masters တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်နှင့် ရုရှားတင်းနစ်ကစားသမား ဆာဖီလင်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျိုကိုဗစ်က (၆-၁၊ ၆-၂)ရလဒ်ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့အဆင့်(၁) တင်းနစ်ကစားသမား ဂျိုကိုဗစ်သည် ပြိုင်ပွဲတွင် ဒုတိယအဆင့်မှ စတင်ယှဉ်ပြိုင်ခွင့်ရခဲ့သူဖြစ်ပြီး ဆာဖီလင်အား ချန်ပီယံလက်စွမ်းမျိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဂျိုကိုဗစ်သည် တင်းနစ်လောကတွင် ကမ္ဘာ့အဆင့်(၁)နေရာ၌ ရပ်တည်ထားနိုင်သည့် အသက်အကြီးဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်နေပြီး ဆာဖီလင်နှင့် ပွဲစဉ်တွင် ကစားသွားနိုင်ခဲ့သည့် စွမ်းဆောင်ရည်သည် ချန်ပီယံဆုကိုစိန်ခေါ်နိုင်သည့် စွမ်းဆောင်ရည်မျိုးဖြစ်သည်။

ဂျိုကိုဗစ်အနေဖြင့် ပုံစံကောင်းပြသနိုင်ခဲ့သော်လည်း ယခုနှစ် တင်းနစ်ရာသီတွင် ချန်ပီယံဆုဖလား ဆွတ်ခူးထားနိုင်ခြင်းမရှိသေးဘဲ အမြင့်ဆုံးအနေဖြင့် ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဒုတိယဆုရရှိခဲ့သည်။

ဂျိုကိုဗစ်သည် ၂၀၁၃ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့တွင် Monte-Carlo Masters တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးခဲ့သူဖြစ်ပြီး ယခုနှစ် တင်းနစ်ရာသီ၏ ပထမဦးဆုံးသော ချန်ပီယံဆုကို ဆွတ်ခူးနိုင်ရန် ပစ်မှတ်ထားနေသည်။

ဂျိုကိုဗစ်သည် Tour လယ်ဗယ်တွင် ဆုဖလားပေါင်း ၉၈ လုံးအထိ ဆွတ်ခူးထားသော ကစားသမားတစ်ဦးဖြစ်ပြီး တင်းနစ်လောကတွင် ဆုဖလားအများဆုံးသော ကစားသမားအဖြစ်လည်း ရပ်တည်နေသူဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**



# ရီးရဲလ်မက်ဒရစ်အသင်းက မန်ယူအသင်းမှ ဂါနာချိုနှင့် ကွင်းလယ်ကစားသမား ကိုဘီမိုင်နူးကို ခေါ်ယူရန်ပစ်မှတ်ထား

**မက်ဒရစ် မေ ၁၀**

ရီးရဲလ်မက်ဒရစ်အသင်းက မန်ယူအသင်းမှ လူငယ်တောင်ပံကစားသမား ဂါနာချိုအပြင် လူငယ်ကွင်းလယ်ကစားသမား ကိုဘီမိုင်နူးကိုပါ ခေါ်ယူရန်အတွက် ပစ်မှတ်ထားနေကြောင်း သိရသည်။

ရီးရဲလ်မက်ဒရစ် အသင်းက အသင်းကို ထိပ်တန်းလူငယ်ကစားသမားများဖြင့်ဖွဲ့စည်းရန် ကြိုးပမ်းနေသည့်အတွက် လက်ရှိတွင် အသင်း၌ ထိပ်တန်းလူငယ်ကစားသမားများဖြစ်သည့် ရိုဒရီဂို၊ ဗင်နီစီးယက်စ်၊ ကာမာဗင်ဂါ၊ ဗယ်ဗာဒီ၊ ချူအာမန်နီ အစရှိသည့် ကစားသမားများရှိနေသည့် ဘရာဇီးကလပ် ပါရာမီးယက်စ်အသင်းမှ ဆယ်ကျော်သက်ကစားသမား အန်ဒရစ်ကိုပါ လာမည့် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန် သဘောတူညီမှုရရှိထားပြီးဖြစ်သည်။

ရီးရဲလ်မက်ဒရစ်အသင်းက ယခုနှစ်ဘောလုံးရာသီတွင် မန်ယူအသင်းတိုက်စစ်ပိုင်း၌ အကောင်းဆုံး ခြေစွမ်းပြသလျက်ရှိနေသည့် ဂါနာချိုကိုခေါ်ယူရန် အစောပိုင်းကတည်းက ပစ်မှတ်ထားနေပြီး ယခုအခါတွင်လည်း ကွင်းလယ်ကစားသမား ကိုဘီမိုင်နူးကိုပါခေါ်ယူရန် ပစ်မှတ်ထားနေခြင်းဖြစ်သည်။

ကိုဘီမိုင်နူးသည် ယခုနှစ်ဘောလုံးရာသီတွင် မန်ယူအသင်းနည်းပြ တန်ဟတ်၏ ယုံကြည်မှုနှင့်အတူ အသင်းကြီးတွင် ပါဝင်ကစားခွင့်ရရှိခဲ့ပြီး စီနီယာကစားသမားများကို ကျော်ဖြတ်ကာ အဓိက ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခွင့်ရရှိနေသူဖြစ်သည်။

ရီးရဲလ်မက်ဒရစ်အသင်း တာဝန်ရှိသူများက ချန်ပီယံလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ဒုတိယအကျော့ပွဲစဉ်အဖြစ် မန်စီးတီးအသင်းနှင့်ကစားမည့် ပွဲစဉ်အတွက် မန်ချက်စတာမြို့သို့ ရောက်ရှိပါက ဂါနာချိုကိုခေါ်ယူရန် အေးဂျင့်ဖြစ်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ရန် စီစဉ်ထားပြီး ယခုအခါ ကိုဘီမိုင်နူးကို ခေါ်ယူရန်အတွက် တစ်ပါတည်းစီစဉ်နေခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : STA**

# The Masters ဂေါက်သီးရိုက်ပြိုင်ပွဲ၌ စကော့တီရှက်ဖလာ ပါဝင်ယှဉ်ပြိုင်မည်

**ဩဂတ်စတာ မေ ၁၀**

ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နေသည့် အမေရိကန် ဂေါက်သီးရိုက်ကစားသမား စကော့တီရှက်ဖလာက အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ် ဩဂတ်စတာမြို့တွင် ကျင်းပသွားမည့် The Masters ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

The Masters ဂေါက်သီးရိုက်ပြိုင်ပွဲသည် ဂေါက်သီးရိုက်လောက၏ အရှိန်အဝါအကြီးဆုံး ပြိုင်ပွဲတစ်ရပ်ဖြစ်သလို ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိရေးမှာလည်း ကန့်သတ်ချက်များရှိနေသောကြောင့် ဂေါက်သီးရိုက်လောကတွင် အထင်ကရပြိုင်ပွဲတစ်ရပ်အဖြစ် သတ်မှတ်ခံထားရပြီး အကြိတ်အနယ်ရှိသည့် ပြိုင်ပွဲတစ်ရပ်လည်းဖြစ်သည်။

စကော့တီရှက်ဖလာက ချန်ပီယံဖြစ်ခွင့်ရရှိရေးအတွက် အာရုံစိုက်သွားမည်ဖြစ်ပြီး The Masters ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေးအတွက် အရေးကြီးဆုံးလိုအပ်ချက်နှစ်ချက်မှာ စိတ်ရှည်သည်းခံမှုနှင့် မိမိကိုယ်မိမိ ယုံကြည်မှုရှိရေးက အရေးကြီးဆုံးဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

ယခုနှစ်အတွင်း အောင်မြင်မှုများ ဆက်တိုက်ရရှိကာ ကမ္ဘာ့အဆင့်(၁)နေရာကို ပြန်လည်ရရှိထားသော စကော့တီရှက်ဖလာသည် ပြိုင်ပွဲတွင် နိုင်ခြေအဆင့်(၁) ပြိုင်ပွဲဝင်အဖြစ် သတ်မှတ်ခံထားရပြီး ချန်ပီယံဖြစ်ရန်လည်း ရေပန်းစားနေသူဖြစ်သည်။

စကော့တီရှက်ဖလာသည် ယခုနှစ် ဂေါက်သီးရိုက်ရာသီတွင် PGA Tour ပြိုင်ပွဲ၌ ပြိုင်ပွဲရှစ်ရပ်အထိ ပါဝင်ယှဉ်ပြိုင်ထားသူဖြစ်ပြီး ယင်းပြိုင်ပွဲရှစ်ရပ်၌ အမှတ်ပေးဇယား အဆင့်(၁၀) နေရာတွင် ရပ်တည်နိုင်ခဲ့သောပြိုင်ပွဲ ခုနစ်ရပ်အထိ ရှိခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# UFC 302 ပြိုင်ပွဲတွင် ချင်းတိုင်းရင်းသား ဂျိုရှုအာဗန် တရုတ်ဖိုက်တာ ဆူမူဒါအာဂျီနှင့် ထိုးသတ်ရမည်



**ရန်ကုန် မေ ၁၀**

UFC နှင့် စာချုပ်ချုပ်ဆိုကာ ဝင်ရောက် ထိုးသတ်နေသည့် ချင်းတိုင်းရင်းသားဖိုက်တာ ဂျိုရှုအာဗန်သည် လာမည့်ဇွန်လတွင် ကျင်းပမည့် UFC 302 ပြိုင်ပွဲတွင် တရုတ်ဖိုက်တာ ဆူမူဒါအာဂျီနှင့် ထိုးသတ်ရမည်ဖြစ်ကြောင်း သိရသည်။

UFC 302 ပြိုင်ပွဲတွင် ဂျိုရှုအာဗန်နှင့် တရုတ်ဖိုက်တာ ဆူမူဒါအာဂျီတို့သည် ဖလိုင်းဝိတ်တန်းတွင် ထိုးသတ်ရမည်ဖြစ်သည်။

မြန်မာဖိုက်တာ ဂျိုရှုအာဗန်သည် ပရော်ဖက်ရှင်နယ် ဖိုက်တာကစားသမားဘဝကို Fury အဖွဲ့အစည်းနှင့် စာချုပ်ချုပ်ဆိုကာ Fury ပြိုင်ပွဲများတွင် ဝင်ရောက်ထိုးသတ်ခဲ့ရာမှတစ်ဆင့် နိုင်ပွဲများ ဆက်တိုက်ရရှိခဲ့ပြီး ထိုးသတ်ပုံများ ကောင်းမွန်သည့်အတွက် ကမ္ဘာ့ထိပ်တန်းဖိုက်တာအဖွဲ့အစည်းဖြစ်သည့် UFC က သဘောကျခဲ့သောကြောင့် ခေါ်ယူစာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ဂျိုရှုအာဗန်သည် UFC ပြိုင်ပွဲများတွင် ဝင်ရောက်ထိုးသတ်နေသည့် ပထမဆုံး မြန်မာဖိုက်တာတစ်ဦးအဖြစ်လည်း မှတ်တမ်းဝင်ထားပြီး UFC ကစားသမားဘဝတွင် နှစ်ပွဲကစားခဲ့ရာတွင် နှစ်ပွဲစလုံးအနိုင်ရရှိထားသူဖြစ်သည်။

UFC 302 ပြိုင်ပွဲတွင် ဂျိုရှုအာဗန်နှင့်ထိုးသတ်မည့် တရုတ်ဖိုက်တာ ဆူမူဒါအာဂျီသည် လက်ရှိ UFC ဖလိုင်းဝိတ်တန်းတွင် အဆင့်(၁၅)နေရာ၌ ရပ်တည်နေသူဖြစ်ပြီး ဂျိုရှုအာဗန်ထက် အလဲထိုးနိုင်ပွဲများသူဖြစ်ကာ ဂျိုရှုအာဗန်ထက် အရပ်မောင်းသာလွန်သည့်အတွက် ဂျိုရှုအာဗန်အနေဖြင့် ခက်ခက်ခဲခဲ ထိုးသတ်ရဖွယ်ရှိနေကြောင်း သိရသည်။

**STA**

# ခုခံကာကွယ်ရေးမူဝါဒမှသွေဖည်လာသည့် ဂျပန်နိုင်ငံ၏စစ်ရေးတည်ဆောက်မှု

မောင်ဝေလွမ်း(သုတေသီ)



စစ်ဆန့်ကျင်ရေးအခြေခံဥပဒေဖြင့် ထိန်းချုပ်ခံထားရသော ဂျပန်နိုင်ငံသည် တာလတ်ပစ် ဘောလစ်စတစ်နှင့် ခရုဇ်ဒုံးကျည်များကဲ့သို့သော ထိုးစစ်လက်နက်များဖွံ့ဖြိုးတိုးတက်ခြင်းမှ ကာလကြာရှည်စွာ ကန့်သတ်ခံထားရသည်။ သို့သော်လည်း မကြာသေးသည့်နှစ်များအတွင်းက ဂျပန်အစိုးရနှင့် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့တို့က ခုခံကာကွယ်ရေးဦးစားပေးမူဝါဒမှဖယ်ခွာလာမှုသည် သွယ်ဝိုက်၍ကာကွယ်မှုလုပ်ဆောင်ခြင်းကို ထင်ဟပ်စေသည်ဟု ယုံကြည်လျက်ရှိကြသည်။ ဤကန့်သတ်ချက်ကို ကျော်လွှားရန်အတွက် ဂျပန်နိုင်ငံသည် ရန်သူ၏ဒုံးကျည်စခန်းအပေါ် တိုက်ခိုက်ရန်လုပ်ဆောင်လာပြီး အဓိကအားဖြင့် ခံစစ်ဦးစားပေးမူဝါဒမှသွေဖည်၍ ကာကွယ်ရေးလုပ်ဆောင်ရန်ဖြစ်သည်ဟုဖော်ပြခဲ့သည်။ ၎င်းသည် ရန်သူကိုလက်ဦးမှုရယူတိုက်ခိုက်ရန်ဖြစ်ပြီး ဤဦးတည်ချက်များအောင်မြင်ရန်အတွက် ဂျပန်နိုင်ငံသည် တိုမာဟော့ခ်ခရုဇ်ဒုံးကျည်ကဲ့သို့သော တာဝေးတိုက်ခိုက်သည့်လက်နက်များ လိုအပ်လျက်ရှိသည်။

မကြာသေးမီက ဂျပန်အောက်လွှတ်တော်သည် ဘဏ္ဍာရေးနှစ်သစ်အတွက် ကာကွယ်ရေးအသုံးစရိတ် ယန်း ၇ ဒသမ ၉ ထရီလီယံ (အမေရိကန်ဒေါ်လာ ၅၂ ဘီလီယံ)ကို အတည်ပြုခဲ့သည်။ ဤပမာဏသည် ယခင်နှစ်ထက် ၁၆ ဒသမ ၅ ရာခိုင်နှုန်းသို့ တိုးလာကာ သမိုင်းဝင်အမြင့်ဆုံးသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ကာကွယ်ရေးအသုံးစရိတ်များစဉ်ဆက်မပြတ်မြင့်တက်လာခြင်းသည် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ (JSDF)မှ လက်နက်နှင့် ပစ္စည်းကိရိယာများ အဆင့်မြှင့်တင်ခြင်းအတွက် အာမခံချက်ပေးပြီး တိုက်ပွဲဝင်ရန်ပြင်ဆင်မှုများကိုချိန်ညှိခြင်းနှင့် ဂျပန်နှင့်အမေရိကန်ကြား စစ်ရေးမဟာမိတ်ကို အားကောင်းစေသည်။ အရှေ့အာရှရှိ အမေရိကန်၏ အဓိကမဟာမိတ်နိုင်ငံတစ်ခုအနေဖြင့် ဂျပန်နိုင်ငံသည် အမေရိကန်၏ အင်ဒို-ပစိဖိတ်မဟာဗျူဟာတွင် တက်ကြွစွာလုပ်ဆောင်ခဲ့သည်။ ဂျပန်နိုင်ငံသည် နိုင်ငံရေး၊ သံခင်းတမန်ခင်းနှင့် စီးပွားရေးတို့တွင် အမေရိကန်၏ မူဝါဒများနှင့် လိုက်လျောညီထွေလုပ်ဆောင်ခဲ့ပြီး အမေရိကန်စစ်ဘက်၏ စစ်ဆင်ရေးစနစ်သို့ ပေါင်းစပ်ဆောင်ရွက်အရှိန်မြှင့်ရန်အတွက် စစ်ရေးနယ်ပယ်တွင် အမျိုးမျိုးသောအစီအမံများကို လုပ်ဆောင်ခဲ့သည်။

ဂျပန်နိုင်ငံသည် အမေရိကန်စစ်ဘက်ဆိုင်ရာပစ္စည်းများနှင့် အပြန်အလှန်ပေါင်းစပ်အသုံးပြုနိုင်မှုမြှင့်တင်ရန် စက်ပစ္စည်းများ အဆင့်မြှင့်တင်မှုများကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိသည်။ မကြာသေးမီနှစ်များအတွင်း JSDF သည် အမေရိကန်စစ်ဘက်နှင့် ပူးတွဲစစ်ဆင်ရေးအတွင်း ကြုံတွေ့ရသည့်ပြဿနာများကိုလျှော့ချရန်နှင့် ပူးပေါင်းစစ်ဆင်ရေးစွမ်းဆောင်ရည်ကိုမြှင့်တင်ရန် ရည်ရွယ်၍ စက်ပစ္စည်းပြင်ဆင်မွမ်းမံမှုများကို ပြင်းပြင်းထန်ထန်မြှင့်တင်လုပ်ဆောင်ခဲ့သည်။ ၂၀၂၂ ခုနှစ်တွင် အမေရိကန်လေတပ်သည် F-15C/D ဂျက်တိုက်လေယာဉ်များကို ဂျပန်နိုင်ငံ အိုကီနာဝါရှိ ကာဒီနာလေတပ်စခန်းမှ ရုပ်သိမ်းခဲ့ပြီး ပိုမိုအဆင့်မြင့်သောတိုက်လေယာဉ်များကိုအလှည့်ကျအသုံးပြုရန်စီစဉ်ခဲ့သည်။

အမေရိကန်စစ်ဘက်ဆိုင်ရာ စံနှုန်းများနှင့်အညီ JSDF သည် အမေရိကန်စက်ပစ္စည်းများကို ပိုမိုမိတ်ဆက်ရန်စီစဉ်ထားသည်။ ဘဏ္ဍာရေးနှစ်သစ်အတွက် ကာကွယ်ရေးဘတ်ဂျက်တွင် ဂျပန်နိုင်ငံသည် F-35 တိုက်လေယာဉ်များဖြင့် သယ်ဆောင်ပစ်ခတ်သည့် သင်္ဘောဖျက်ဒုံးကျည်များ၊ ဝေဟင်မှ မြေပြင်ပစ်ဒုံးကျည်များနှင့် Aegis စစ်ရေယာဉ်များအတွက် တိုမာဟော့ခ် တာဝေးပစ်ခရုဇ်ဒုံးကျည်များဝယ်ယူရန် ရည်ရွယ်ထားသည်။ ထို့ပြင် ဂျပန်နှင့် အမေရိကန်တို့သည် ဒရုန်းဖြင့် လေကြောင်းတိုက်ခိုက်ရေးထိရောက်မှုကို မြှင့်တင်ရန်အတွက် ဒရုန်းများပူးပေါင်းထုတ်လုပ်ရန် စီစဉ်လျက်ရှိသည်။

အမေရိကန်နှင့် ဂျပန်တို့သည် တိုမာဟော့ခ်ခရုဇ်ဒုံးကျည်များဝယ်ယူရန်အတွက် ကန်ထရိုက်စာချုပ်တစ်ခုကို ဇန်နဝါရီ ၁၈ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ဂျပန်နိုင်ငံသည် ၂၀၂၅ ခုနှစ်မှ ၂၀၂၇ ခုနှစ်အတွင်း ဆက်စပ်ပစ္စည်းများနှင့်အတူ တိုမာဟော့ခ်ခရုဇ်ဒုံးကျည် အစင်း ၄၀၀ ကို ရရှိမည်ဖြစ်သည်။ ကန်ထရိုက်စာချုပ်၏တန်ဖိုးသည် ဂျပန်ယန်း ၂၅၄ ဘီလီယံရှိသည်။ ဤဝယ်ယူမှုက ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့အနေဖြင့် တာဝေးပစ်တိကျပဲ့ထိန်းလက်နက်များကို ပထမဆုံးပိုင်ဆိုင်စေမည်ဖြစ်ပြီး ဒုတိယကမ္ဘာစစ်ပြီးဆုံးကတည်းက ဂျပန်၏ ပထမဆုံး တာဝေးတိုက်ခိုက်ရေးစွမ်းရည် မြှင့်တင်မှုဖြစ်သည်။ ဂျပန်နိုင်ငံသည် စစ်ဆင်ရေးများ ပိုမိုဆောင်ရွက်ရန်နှင့် တာဝေးပစ်တိုက်ခိုက်မှုစွမ်းရည်များ တိုးတက်ရန်အတွက် တိုမာဟော့ခ်ခရုဇ်ဒုံးကျည်များနှင့် တာဝေးပစ်လက်နက်များရရှိရေး အမေရိကန်နှင့်ပူးပေါင်းလုပ်ဆောင်ရန် စိတ်အားထက်သန်လျက်ရှိသည်။ တာဝေးပစ်တိုက်ခိုက်မှုစွမ်းရည်သည် ဂျပန်နိုင်ငံက လာမည့် ငါးနှစ်အတွင်းတီထွင်ထုတ်လုပ်မည့် အဓိကစွမ်းရည်များအနက် တစ်ခုဖြစ်သည်။ ဂျပန်နိုင်ငံအနေဖြင့် ပြိုင်ဘက်နိုင်ငံ၏ ခြိမ်းခြောက်မှုဝန်းကျင်အပြင်ဘက်တွင် တိုက်ခိုက်ရန်နှင့် ရန်သူ၏ တာလတ်နှင့် တာဝေးပစ်လက်နက်များ၊ ၎င်းနှင့်ဆက်စပ်သည့် စစ်ဘက်အဆောက်အအုံများကိုဖျက်ဆီးရန်အတွက် တာလတ်နှင့် တာဝေးအမျိုးမျိုးရောက်ရှိသည့် ဒုံးကျည်မျိုးစုံ အသုံးပြုနိုင်စွမ်းရှိရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

ဂျပန်နိုင်ငံသည် အမေရိကန်၏စစ်ဘက်စစ်ဆင်ရေးသဘောတရားများကို တုံ့ပြန်သည့်အနေဖြင့် အနောက်တောင်ဘက်သို့ စစ်အင်အားဖြန့်ကြက်မှု အားကောင်းရေး လုပ်ဆောင်လာခဲ့သည်။ ဂျပန်ဘက်က အမြင်အရ အမေရိကန်စစ်ဘက်၏စီစဉ်ထားသော ပြည်ပရှိ အဆင့်မြင့်စခန်းစစ်ဆင်ရေး(Expeditionary Advanced Base Operations -EABO) သည် နှစ်ဖက်စလုံး၏ သက်ဆိုင်ရာစစ်ရေးမဟာဗျူဟာ အကျိုးစီးပွားများပေါင်းစည်းခြင်းဖြစ်ပြီး ဂျပန်နိုင်ငံသည် အမေရိကန်စစ်ဘက်မှ အနောက်တောင်ဘက်တွင် EABO အကောင်အထည်ဖော်ရေးအတွက် သက်ဆိုင်ရာပံ့ပိုးကူညီမှုများ ပေးစွမ်းနိုင်သည်။ EABO အတွက် အမေရိကန်စစ်ဘက်၏ပြင်ဆင်မှုများသည် ဂျပန်၏ အနောက်တောင်ဘက်သို့ဦးတည်သောကာကွယ်ရေးကို အားကောင်းစေနိုင်သည်။ မကြာသေးမီနှစ်များအတွင်း ဂျပန်သည် ၎င်း၏ ကာကွယ်ရေးအာရုံစိုက်မှုကို အရှေ့မြောက်မှအနောက်တောင်ဘက်သို့ ကူးပြောင်းခဲ့သည်။ စစ်ရေးအရ တပ်ဖြန့်မှုတွင် ဂျပန်နိုင်ငံသည် ၎င်း၏ကာကွယ်ရေးတပ်ဖွဲ့များ၊ ကျွန်းကာကွယ်ရေးတပ်ဖွဲ့များနှင့် အိုကီနာဝါ၊ မီယာကို၊ အီရှီဂါကီနှင့် ယေယာမကဲ့သို့သော အနောက်တောင်ပိုင်းကျွန်းများပေါ်တွင် မြေပြင်မှ သင်္ဘောဖျက်ဒုံးကျည်များကို စုစည်းထားကာ သက်ဆိုင်ရာကျွန်းများနှင့်အနီးတစ်ဝိုက်ရှိ ရေပြင်များကို ထိန်းချုပ်နိုင်စေခဲ့သည်။

ကင်းထောက်ခြင်း၊ ထောက်လှမ်းခြင်းနှင့်ပတ်သက်၍ ဂျပန်နိုင်ငံသည် အနောက်တောင်ဘက်ရှိ ကျွန်းစုများ၏ ပထဝီဝင်ဆိုင်ရာအားသာချက်များကို အသုံးချကာ ပတ်ဝန်းကျင်လေပိုင်နက်နှင့်ရေပြင်တွင် ထောက်လှမ်းရေးစုဆောင်းမှုကို အားကောင်းစေသည်။ ၂၀၂၂ ခုနှစ်တွင် ဂျပန်မြေပြင်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့(JGSDF) သည် Yonaguni ကျွန်းရှိ အခြေစိုက်စခန်းတစ်ခုတွင် ကမ်းရိုးတန်းစောင့်ကြပ်ရေးတပ်ဖွဲ့ဝင် ဦးရေ ၇၀၀ ခန့်ကို တပ်ဖြန့်ချထားပြီး လေယာဉ်နှင့် ရေယာဉ်များဖြတ်သန်းသွားသည့် သတင်းအချက်အလက်များကို စုဆောင်းခဲ့သည်။ အခြေစိုက်စခန်းတည်ဆောက်မှုနှင့်ပတ်သက်၍ ဂျပန်နိုင်ငံသည် လေဆိပ်အရေအတွက် တိုးမြှင့်ရန်နှင့် ကာကွယ်ရေးအတိမ်အနက်ကို ခိုင်ခံ့စေရန်အတွက် မာဂေရှီးမားကျွန်းတွင် လေတပ်အခြေစိုက်စခန်းတစ်ခုကို စတင်တည်ဆောက်နေပြီဖြစ်သည်။

ဂျပန်-အမေရိကန် မဟာမိတ်အဖွဲ့၏ စစ်ရေးစွမ်းရည်အားကောင်းစေရန်အတွက် ဂျပန်နိုင်ငံသည် အမေရိကန်စစ်ဘက်နှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုအကြိမ်ရေကို တိုးမြှင့်ခဲ့သည်။ ဂျပန်နှင့် အမေရိကန်တို့သည် အမေရိကန်-ဂျပန် အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးနှင့် လုံခြုံရေးစာချုပ်တွင် သိသာထင်ရှားသောပြုပြင်ပြောင်းလဲမှုများနှင့် အဆင့်မြှင့်တင်မှုများကို ရှာဖွေလျက်ရှိပြီး ဂျပန်ရှိ အမေရိကန်တပ်ဖွဲ့များ ကွပ်ကဲမှုပြန်လည်ဖွဲ့စည်းရန် စီစဉ်လျက်ရှိသည်။

❖ အမေရိကန်စစ်ဘက်ဆိုင်ရာ စံနှုန်းများနှင့်အညီ JSDF သည် အမေရိကန်စက်ပစ္စည်းများကို ပိုမိုမိတ်ဆက်ရန်စီစဉ်ထားသည်။ ဘဏ္ဍာရေးနှစ်သစ်အတွက် ကာကွယ်ရေးဘတ်ဂျက်တွင် ဂျပန်နိုင်ငံသည် F-35 တိုက်လေယာဉ်များဖြင့် သယ်ဆောင်ပစ်ခတ်သည့် သင်္ဘောဖျက်ဒုံးကျည်များ၊ ဝေဟင်မှမြေပြင်ပစ်ဒုံးကျည်များနှင့် Aegis စစ်ရေယာဉ်များအတွက် တိုမာဟော့ခ်တာဝေးပစ်ခရုဇ်ဒုံးကျည်များဝယ်ယူရန် ရည်ရွယ်ထားသည်။ ထို့ပြင် ဂျပန်နှင့်အမေရိကန်တို့သည် ဒရုန်းဖြင့် လေကြောင်းတိုက်ခိုက်ရေးထိရောက်မှုကို မြှင့်တင်ရန်အတွက် ဒရုန်းများပူးပေါင်းထုတ်လုပ်ရန် စီစဉ်လျက်ရှိသည်။ ❖

ထို့ပြင် ဂျပန်-အမေရိကန်ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်ရေးလမ်းညွှန်ချက်များအရ နှစ်နိုင်ငံသည် JSDF နှင့် အမေရိကန်စစ်ဘက်ကြား ပေါင်းစည်းထားသော ပူးတွဲစစ်ဆင်ရေးနယ်ပယ်ကို စဉ်ဆက်မပြတ်ချဲ့ထွင်ရန် မဟာမိတ်ပူးပေါင်းညှိနှိုင်းရေးယန္တရားကို စတင်လုပ်ဆောင်ခဲ့သည်။

မကြာသေးမီနှစ်များအတွင်းက ဂျပန်-အမေရိကန် ပူးတွဲစစ်ရေးလေ့ကျင့်မှု၏ ပမာဏနှင့် အကြိမ်ရေသည် တစ်ပြိုင်နက်တည်းတိုးလာခဲ့သည်။ လေ့ကျင့်မှုဧရိယာကိုချဲ့ထွင်စဉ်တွင် ၎င်းတို့၏စစ်ဆင်မှုဆိုင်ရာအယူအဆများနှင့် လေ့ကျင့်မှုစီမံကိန်းများတွင် အောင်မြင်မှုများကြား ပေါင်းစပ်ညှိနှိုင်းမှုကို ပိုမိုအာရုံစိုက်ခဲ့သည်။ စာရင်းအင်းများအရ ဂျပန်နှင့် အမေရိကန်တို့ကြား ပူးတွဲလေ့ကျင့်မှုအရေအတွက်သည် လွန်ခဲ့သည့် ၁၀ နှစ်အတွင်း လေးဆတိုးလာခဲ့သည်။ JGSDF နှင့် အမေရိကန်မရိန်းတပ်ဖွဲ့တို့သည် Iron Fist ပူးတွဲကျွန်းသိမ်းပိုက်ရေးလေ့ကျင့်မှုကို ယခုနှစ် ဖေဖော်ဝါရီလမှ မတ်လထိ ကျူးရှူးနှင့် အိုကီနာဝါတို့တွင် ပြုလုပ်ခဲ့သည်။ ယခင်နှစ်များနှင့်နှိုင်းယှဉ်ပါက ယခုနှစ်ပူးတွဲလေ့ကျင့်မှုတွင် ပါဝင်မှုများဆက်လက်တိုးမြှင့်လာကာ ဧရိယာသည် ဂျပန်နိုင်ငံအနောက်တောင်ဘက်ရှိ ကျွန်းစုများထိ ကျယ်ပြန့်လာခဲ့သည်။

အချုပ်ဆိုရလျှင် ဂျပန်၏ အရှဲ့တိုက်မှုဆန်သော လုပ်ရပ်များဖြစ်သည့် ထိုးစစ်ဆင်မှုစစ်အင်အားကို မြှင့်တင်ခြင်း၊ ကာကွယ်ရေးအသုံးစရိတ်ကို သိသိသာသာတိုးမြှင့်ခြင်းနှင့် အမေရိကန်စစ်ရေးဆိုင်ရာလှုပ်ရှားမှုတွင် တက်ကြွစွာလိုက်ပါခြင်းသည် ဂျပန်နိုင်ငံအနေဖြင့် ၎င်း၏ ငြိမ်းချမ်းသောဖွဲ့စည်းပုံအခြေခံဥပဒေမှ ပိုမိုဝေးကွာသွားစေမည်ဖြစ်သည်။ ၎င်း၏ ကိုယ်ပိုင်လုံခြုံရေးအကျပ်အတည်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအခက်အခဲများကိုပိုမိုဆိုးရွားစေသည့်အပြင် ဒေသတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအပေါ် သက်ရောက်မှုများဖြစ်ပေါ်လာနိုင်သည်။ သို့ဖြစ်၍ စစ်ဆန့်ကျင်ရေးအခြေခံဥပဒေနှင့်အတူ ခုခံကာကွယ်ရေးမူဝါဒမှ သွေဖည်လာသည့် ဂျပန်နိုင်ငံ၏ စစ်ရေးတည်ဆောက်မှုသည် မကြာမီကာလအတွင်း အရှိန်အဟုန်ပိုမိုမြင့်မားလာနိုင်ကြောင်း တင်ပြလိုက်ရပါသည်။

**ကိုးကား-**

(1) **Japan continues to deviate from "exclusively defense-oriented" principle, China Military Online, January 2024**

(2) **Bewary of Japan going further away from its pacifist constitution China Military Online, April 2024**

# ရည်ရွယ်မိုး ရုပ်ရှင်ဇာတ်ကားကို မေ ၂၈ ရက်တွင် CANAL+ ZAT LENN မှ ထုတ်လွှင့်ပြသမည်




**ရန်ကုန် မေ ၁၀**

ရည်ရွယ်မိုး ရုပ်ရှင်ဇာတ်ကားကို မေ ၂၈ ရက်တွင် CANAL+ ZAT LENN မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ရဲရင့်အောင်က ပြောပြ၍ သိရသည်။

ရည်ရွယ်မိုး ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒီဒီထက်အောင်က ရေးသားထားပြီး ဒါရိုက်တာ စိုးမိုးမင်းက ဘိုဘိုရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးထားကာ ၂၀၂၃ ခုနှစ် ဧပြီလက ရုံတင်ပြသထားသည့် ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

"ရည်ရွယ်မိုးက ၂၀၂၃ ခုနှစ်က ရုံတင်ပြသခဲ့တဲ့ အောင်မြင်တဲ့ ရုပ်ရှင်ဇာတ်ကားဖြစ်သလို သရုပ်ဆောင် နေဝင်းလဲ အကယ်ဒမီရခဲ့တဲ့ ရုပ်ရှင်ဇာတ်ကားလဲဖြစ်ပါတယ်။ မကြည့်လိုက်ရသူတွေရော ထပ်ကြည့်ချင်သေးတဲ့ ပရိသတ်တွေအတွက် အဲဒီဇာတ်ကားကို CANAL+ ZAT LENN ရုပ်သံလိုင်းမှာ တစ်ပိုင်းတည်းအပြီး ထုတ်လွှင့်ပြသပေးမှာပါ"ဟု သရုပ်ဆောင် ရဲရင့်အောင်က ပြောပြသည်။

ရည်ရွယ်မိုး ဇာတ်ကားတွင် သရုပ်ဆောင် ကျော်ရဲအောင်၊ နေဝင်း၊ ရဲရင့်အောင်၊ မေမြင့်မိုရ်၊ မင်းအာကာ၊ ချိုမဒီသွင်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Levon's Trade ဇာတ်ကား၌ မင်းသား ဒေးဗစ်ဟာဘာ ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် မေ ၁၀**

Amazon MGM ၏ Levon's Trade အမည်ရှိ လျှို့ဝှက်သည်းဖို အက်ရှင်ဇာတ်ကားသစ်၌ မင်းသား ဒေးဗစ်ဟာဘာ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း မေ ၉ ရက် သတင်းများအရ သိရသည်။

Levon's Trade ဇာတ်ကားတွင် မင်းသား ဒေးဗစ်ဟာဘာသည် အက်ရှင်မင်းသား ဂျေဆင်စတာသမ်၊ မိုက်ကယ်ပီနား၊ မင်းသမီး အာရီယာနာရီးဗက်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Levon's Trade ဇာတ်ကားကို ကမ္ဘာကျော်ဒါရိုက်တာ ဒေးဗစ်အေယာက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Levon's Trade ဇာတ်ကားကို ဗြိတိန်နိုင်ငံ လန်ဒန်မြို့တော်၌ စတင်ရိုက်ကူးနေပြီဖြစ်ကြောင်း သိရသည်။

Levon's Trade ဇာတ်ကားအတွက် ဇာတ်ညွှန်းကို မင်းသားကြီး ဆီဗက်စတာစတားလုန်းက ရေးသားပေးထားကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**



# မောင်တို့ယောက်ျားတွေရယ် ဇာတ်ကားကို HEY Play Application၊ HEY Play YouTube Channel တို့မှ ထုတ်လွှင့်သွားမည်

**ရန်ကုန် မေ ၁၀**

မောင်တို့ယောက်ျားတွေရယ် ဇာတ်ကားကို မေ ၁၅ ရက်တွင် HEY Play Application၊ HEY Play You Tube Channel တို့မှ ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်ကားကို ရိုက်ကူးထားသူ ဒါရိုက်တာ ဩရသက ပြောပြ၍ သိရသည်။

အဆိုပါဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းသည် စာရေးဆရာမ လွန်းထားထား (ဆေးတက္ကသိုလ်) ၏ဝတ္ထုဇာတ်လမ်းကို ဇာတ်ညွှန်း မိုးနီလွင်က ရေးသားထားပြီး ဒါရိုက်တာ ဩရသက တာဝန်ယူ ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားကတော့ စာရေးဆရာမ လွန်းထားထား (ဆေးတက္ကသိုလ်)ရဲ့ အောင်မြင်တဲ့ လုံးချင်းဝတ္ထုကို ရုပ်ရှင်အဖြစ် ဖန်တီးပုံဖော်ထားတဲ့ ဇာတ်ကားဖြစ်ပါတယ်။ အဲဒီဇာတ်ကားကို မေ ၁၅ ရက်မှာ HEY Play Application၊ HEY Play YouTube Channel ကနေ ပရိသတ်တွေအတွက် တစ်ပိုင်းတည်းအပြီး ဇာတ်ကားအနေနဲ့ ထုတ်လွှင့်ပြသပေးမှာပါ"ဟု ဒါရိုက်တာ ဩရသက ပြောပြသည်။

မောင်တို့ယောက်ျားတွေရယ် ဇာတ်ကားတွင် သရုပ်ဆောင် နေတိုး၊ မိုးဟေကို၊ ဩဂတ်မိုး၊ မေရီမျိုးနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း၊ သိရသည်။

ASH




# ပါးကွက်ကြားမလေးရဲ့သင်္ကြန် ဇာတ်လမ်းတို မိတ်ဆက်ပွဲ ပြုလုပ်

**ရန်ကုန် မေ ၁၀**

ပါးကွက်ကြားမလေးရဲ့ သင်္ကြန် ဇာတ်လမ်းတို မိတ်ဆက်ပွဲကို မေ ၉ ရက်က ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ ရွှေထွဋ်တင်ကွင်းတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း အဆိုပါဇာတ်လမ်းတိုတွင် ပါဝင်သရုပ်ဆောင်ထားသည့် သရုပ်ဆောင် ချမ်းမင်းရဲထွဋ်က ပြောပြ၍ သိရသည်။



ပါးကွက်ကြားမလေးရဲ့သင်္ကြန် ဇာတ်လမ်းတို၏ ဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို မိုးနီလွင်က ရေးသားထားပြီး ဒါရိုက်တာ ရာဇဝင်ကိုက ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်လမ်းတိုမှာက လူငယ်တွေရဲ့တစ်ချိန်က ပျော်စရာသင်္ကြန် ပြန်လည်တွေ့ရမှာပါ။ သင်္ကြန်ကားလေးဆိုတော့ တချို့လူငယ်ကလေးတွေ မကြုံလိုက်ရတာလဲရှိမယ်။ ဒီဇာတ်လမ်းတွဲတိုလေး ကြည့်ပြီး ကိုယ်တွေ မြန်မာ့ရိုးရာသင်္ကြန်က ဘယ်လိုပါလားဆိုတာ သိလာရမှာပါ။ လူငယ်အပျော် သင်္ကြန်ဇာတ်လမ်းတိုလေးပါ"ဟု သရုပ်ဆောင် ချမ်းမင်းရဲထွဋ်က ပြောပြသည်။

ပါးကွက်ကြားမလေးရဲ့သင်္ကြန် ဇာတ်လမ်းတိုတွင် သရုပ်ဆောင် ချမ်းမင်းရဲထွဋ်၊ ခြူးစစ်ဟန်၊ ဆက်ဂိုဟန်၊ ဝီလျံမင်းမြတ်၊ တာတာ၊ ယွန်းအိန္ဒြာကို၊ ရွှေရည်မိုးဦး၊ ဇာခြည်လွင်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း၊ အပိုင်း (၄) ပိုင်းပါဝင်သည့် ပါးကွက်ကြားမလေးရဲ့ သင်္ကြန် ဇာတ်လမ်းတိုကို မေ ၁၅ ရက်မှ ၁၈ ရက်ထိ ည ၇ နာရီတွင် Sky Premium HD ရုပ်သံလိုင်းမှလည်းကောင်း၊ မေ ၁၉ ရက်မှ ၂၂ ရက်ထိ ည ၉ နာရီတွင် Myanmar Art Channel နှင့် Channel 9 ရုပ်သံလိုင်းမှလည်းကောင်း ထုတ်လွှင့် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Nightbitch ထိတ်လန့်သည်းဖိုဇာတ်ကား ယခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် ရုံတင်ရန်စီစဉ်ထား

**နယူးယောက် မေ ၁၀**

Nightbitch အမည်ရှိ ထိတ်လန့်သည်းဖို ဟာသဇာတ်ကားသစ်ကို ယခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် ရုံတင်ပြသရန် Bond Group Entertainment ကုမ္ပဏီက စီစဉ်ထားကြောင်း မေ ၉ ရက် သတင်းများအရ သိရသည်။

အဆိုပါ ဇာတ်ကားကို ဒါရိုက်တာ မာရီရယ်လီဟယ်လာက ရိုက်ကူးပေးထားပြီး မင်းသမီး အေမီအဒမ်က အဓိကဇာတ်ကောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။


Nightbitch ဇာတ်ကားသည် အမေရိကန်စာရေးဆရာမ ရာချယ်ယိုဒါ၏ ခေါင်းစဉ်အမည်တူ ဝတ္ထုကို အခြေခံရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

ဒါရိုက်တာ မာရီရယ်လီဟယ်လာသည် ကမ္ဘာကျော်ရုပ်ရှင်ဇာတ်ကားတစ်ကားဖြစ်ခဲ့သော The Diary of a Teenage Girl ဇာတ်ကားကို ရိုက်ကူးခဲ့သူဖြစ်သည်။

Nightbitch ဇာတ်ကားသည် ကလေးမိခင်တစ်ဦး၏ စိတ်ခံစားချက်များကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသော ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားတွင် အေမီအဒမ်နှင့်အတူ မင်းသား စကော့မက်နေရီနှင့် မင်းသမီး မာရီဟော်လန်းတို့လည်း ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



# Ceremony to donate cash and books and periodicals for development of libraries in the whole Myanmar held, attended by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing


Senior General Min Aung Hlaing addresses the ceremony to donate cash, books and periodicals for the development of libraries.

**Nay Pyi Taw April 10**

A ceremony to donate cash and books and periodicals for development of libraries in the whole Myanmar was held at National Library here this morning, attended by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present together with the Senior General were Joint SAC Secretary Lt-Gen Ye Win Oo and SAC members, union level officials, union ministers, the Nay Pyi Taw Council chair, senior military officers from Office of Commander-in-Chief, the Nay Pyi Taw Command commander, deputy ministers, departmental officials, donors, invited guests, officials of Nay Pyi Taw Libraries Foundation, members of Nay Pyi Taw Book Club, village librarians, and officials of Nay Pyi Taw Writers Association.

First, the Senior General and attendees watched a video clip on libraries as educational banks to share knowledge.

In his address, the Senior General said on 3 April, books and periodicals were presented for libraries in the whole country and libraries of military headquarters and battalions and units. At that moment, a thought came into mind to develop libraries for enhancing the public knowledge. Officials were instructed to make arrangements to donate books and periodicals, followed by the successful holding of today's ceremony.

In Myanmar language, a library means a place where books are kept to be read and to study and borrow. The country has libraries, but they should meet the prevailing situation. According to the 2019 interim census, the country has 46.463 million people of age 5 and above. Of them, 8.1% have never attended school. Over 900,000 or 3.8% of 25.169 million people of age 25 and above have no school education, 49.47% or 12.83 of them have reached primary and post primary levels, 21.72% or 5.46 million reached middle school level, 13.3% has completed high school education, and 11.4% or 2.68 million are graduates. It has become a national concern as the majority of students leave school after completion of primary education.

As regards occupation, about 80% is working in farming, forestry and fish and meat sectors, services and trade sectors, basic handicraft sector and other related businesses. About 70% of the population is rural people and the remaining 30% are rural dwellers. Rural people are engaged in farming, wood and bamboo related businesses. Socio-economy of rural people must be developed. The country must promote their businesses and knowledge, and the best way is to set up libraries that are helpful for their education.

The country has 330 townships and 471 towns, totaling 801. It has 3485 wards, 23910 village-tracts and 63210 villages. The Information and Public Relations Department of the Ministry of Information has opened 410 public libraries at district and township level, and over 3500 are run by MLF assistance or under the program of local bodies, people and community. The country needs many more libraries. Libraries must be provided with buildings, accessories and books to have all their characteristics.

The primary business of the State is agriculture and livestock farms being operated in rural areas. Hence, it is necessary to encourage libraries for sharing knowledge with those in the farms. In this regard, books at the libraries must be public readable ones. The books on relevant sectors must be kept at the libraries, for example, the books on topics of agriculture, livestock, MSME industries, supply of water and others.

Library is a institute to disseminate knowledge. It is necessary to organize the people to read and raise reading habit. Individuals need to read books for accumulate knowledge. They have to note down knowledge from the books not just for reading. Reading can accumulate knowledge, benefiting the life. Moreover, readers have to discuss and talk about thing they have read for dissemination of knowledge. Hence, it is necessary to hold seminars in relevant wards and villages weekly or monthly. The Myanmar proverb mentions one morning for water and seven days for food. Likewise, lack of literary knowledge will be difficulties along the life. Due to lack of literary knowledge and weak knowledge, many people face difficulties in daily routine. *See Page 13*


Senior General Min Aung Hlaing accepts book donations.


Senior General Min Aung Hlaing presents certificate of honour.


Senior General Min Aung Hlaing accepts cash donation.


Senior General Min Aung Hlaing accepts cash donation.

# Delegation led by Member of the Board – Minister in charge of Integration and Macroeconomics of the Eurasian Economic Commission pays courtesy call on Chairman of State Administration Council Prime Minister Senior General Min Aung Hlaing



Senior General Min Aung Hlaing receives H.E. Mr. Sergei GLAZEV, Member of the Board – Minister in charge of Integration and Macroeconomics of the Eurasian Economic Commission.

**Nay Pyi Taw April 10**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing received a delegation led by H.E. Mr. Sergei GLAZEV, Member of the Board – Minister in charge of Integration and Macroeconomics of the Eurasian Economic Commission, at the Credential Halls of the SAC Chairman's Office here this afternoon.

Present at the call together with the Senior General were SAC Joint Secretary Lt-Gen Ye Win Oo, Union Minister for Investment and Foreign Economic Relations Dr Kan Zaw, Union Minister for Agriculture, Livestock and Irrigation U Min Naung, Union Minister for Commerce U Tun Ohn, and Union Minister for Hotels and Tourism Dr Thet Thet Khaing. Mr. Sergei GLAZEV was accompanied by delegation members and officials from the office of the Embassy of Russian Federation to Myanmar.

In the meeting, issues related to mutual export of goods and direct payments between Myanmar and the European Asian Economic Commission, technical cooperation regarding agricultural products, tourism sector development and direct flights, the production of petroleum products and the production of mineral resources into high-grade finished products, cooperation in textile industries and cooperation in other fields between Myanmar and the European Asian Economic Commission were discussed.

After the meeting, the Senior General and Mr. Sergei GLAZEV exchanged souvenirs and posed for a documentary photo. 100



Senior General Min Aung Hlaing and Mr. Sergei GLAZEV pose for group photo.



Senior General Min Aung Hlaing views books and periodicals on display.

*From Page 12*

It is necessary to strive for changing their lifestyle and shaping the wise society in the future. In so doing, it must be a long term plan not a just short term plan.

The government is implementing two political visions: strengthening the genuine, disciplined multi-party democratic system and building the Union based on democratic and federal systems based on the roadmap and objectives. In so doing, it is a must do for emergence of a well-versed human resources and shaping the knowledgeable society. It is necessary to consider how to share knowledge with the people by spending the least cost. Moreover, books and publications must be published at fair prices as well as the literatures benefiting the rural areas must be published.

Albeit publishing, State-owned and private newspapers cannot spread across the nation or are weak to reach entire nation. Newspapers aim to inform the people with daily events and information as quickly as possible, and it is necessary to publish newspapers to countryside. At present, newspapers are posted online for enabling readers to read the news and information quickly. Information and articles in the newspapers must actually benefit the people with understandable usage and presentation.

As today's cash and book donations for development of libraries are noble one for sharing knowledge, all book and cash donations are recorded. Although the books are old, these are new ones for those who have not read. If those who are able to donate books hold many times it will benefit the people. So, everybody is requested to do so. The Senior General urged all to strive for improvement of knowledge and socioeconomic life of the nation in order to contribute to implementation of the political process and national visions.

The Senior General accepted cash and book donations from Union level organizations, ministries and well-wishers and presented certificates of honour.

Chairman of the Union Election Commission U Ko Ko explained cash and book donations for development of libraries.

After the ceremony, the Senior General cordially greeted the attendees and viewed round the books displayed at the ceremony and the e-library and reading room of the National Library.

At the ceremony, Union-level organizations, ministries, regiments and units of Tatmadaw (Army, Navy and Air), departmental organizations and well-wishers donated Ks-560,087,500 and 48,357 copies of fiction and non-fiction books. At the same time, region and state governments hosted donations of Ks-343,058,900 and 18,278 books. So, total donations amounted to Ks-903,146,400 and 66,635 copies of books. 100

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ဗြိတိန်နိုင်ငံထုတ် ကင်းထောက်ရေးဒရုန်းများ ရာသီဥတုဆိုးရွားမှုဒဏ် ခံနိုင်ရည်မရှိကြောင်း ရုရှားမီဒီယာရေးသား




ဗြိတိန်နိုင်ငံထုတ် Watchkeeper ကင်းထောက်ဒရုန်းများသည် ဆိုးရွားသော ရာသီဥတုအခြေအနေတွင် စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်နိုင်စွမ်းမရှိသေးသဖြင့် လက်ရှိစစ်ဆင်ရေးတွင် ဖြန့်ကြက်အသုံးပြုနိုင်ခြင်းမရှိသေးကြောင်း Times သတင်းဌာန၏ဖော်ပြချက်ကို ကိုးကား၍ ရုရှားနိုင်ငံ Sputnik သတင်းဌာနက ဧပြီ ၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ ကင်းထောက်ဒရုန်းများသည် တစ်စီးလျှင် အမေရိကန် ဒေါ်လာ ၆ ဒသမ ၂၈ သန်းတန်ဖိုးရှိသဖြင့် ဈေးကြီးပြီးစစ်ဆင်ရေးတာဝန်ထမ်းဆောင်ရာတွင် ထိရောက်မှုမရှိကြောင်း သိရသည်။ ၎င်းတို့၏ ပထမဆုံးပျံသန်းမှုကို ၂၀၁၀ ပြည့်နှစ်တွင် ပြုလုပ်နိုင်ခဲ့ပြီး ဂါဇာနှင့် လက်ဘနွန်ရှိ အစ္စရေးကာကွယ်ရေးတပ်ဖွဲ့များ အသုံးပြုလျက်ရှိသည့် အစ္စရေးထုတ် Hermes 450 ဒရုန်းကို အခြေခံထုတ်ထားကြောင်း သိရသည်။

ဗြိတိန်ထုတ်ဒရုန်းများသည် ဆိုးရွားသောရာသီဥတုအခြေအနေများတွင် လုပ်ဆောင်ရန် ကန့်သတ်ချက်ရှိသောကြောင့် စွမ်းဆောင်ရည်နိမ့်သော ဒရုန်းအဖြစ် ကွန်ဆားဗေးတစ် ပါလီမန်အမတ်နှင့် အောက်လွှတ်တော်ကာကွယ်ရေးကော်မတီအဖွဲ့ဝင် Mark Francois ကလည်း ဝေဖန်ထောက်ပြထားကြောင်း သတင်းဌာန၏ ရေးသားဖော်ပြချက်အရ သိရသည်။

အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၆ ဘီလီယံတန်ဖိုးရှိသော ဒရုန်းများဝယ်ယူရေးပရိုဂရမ်သည် မူလမျှော်မှန်းထားသည်ထက် နှစ်ပေါင်းများစွာနောက်ကျခဲ့သည့်ပရိုဂရမ်ဖြစ်ပြီး အပြီးသတ်နိုင်ခဲ့ခြင်းမရှိကြောင်း စုံစမ်းစစ်ဆေးရေးကော်မတီ၏ အစီရင်ခံစာတွင် ရေးသားဖော်ပြထားသည်။

မူလဒီဇိုင်းတွင် အသစ်ထပ်မံဖြည့်စွက်မှုများကြောင့် ဒရုန်းများ၏ သတ်မှတ်အလေးချိန်ထက်ပိုမိုနေပြီး ပျံသန်းစဉ်အတွင်းပျက်ကျခဲ့ရကြောင်းလည်း သတင်းများထွက်ပေါ်နေသည်။

လက်ရှိတွင် ဗြိတိန်နိုင်ငံထုတ် Watchkeeper ဒရုန်းများကို လေ့ကျင့်မှုများတွင်အသုံးပြုနေသော်လည်း စစ်ဆင်ရေးအတွက် ဖြန့်ကြက်အသုံးမပြုထားသေးကြောင်း Times သတင်းဌာန၏ အဆိုအရ သိရသည်။ တစ်ချိန်တည်းတွင် ဗြိတိန်နိုင်ငံကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက Watchkeeper ဒရုန်းသည် စစ်မြေပြင်ရှိတပ်ဖွဲ့ဝင်များအတွက် အရေးကြီးသတင်းအချက်အလက်များကို ထောက်ပံ့ပေးရန် နာရီပေါင်း ၄၀၀၀ ကျော်ပျံသန်းနိုင်သည့် အလွန်ခေတ်မီဆန်းပြားသော ဒရုန်းတစ်စင်းဟု ထုတ်ဖော်ချီးကျူးခဲ့သည်။

"အာဖဂန်နစ္စတန်အပါအဝင် ကမ္ဘာတစ်ဝန်းမှာ အောင်မြင်စွာတပ်ဖြန့်ချထားခဲ့ပြီး ဗြိတိန်တပ်တွေအတွက် အရေးပါတဲ့ အခန်းကဏ္ဍကနေ ပါဝင်ခဲ့ပါတယ်"ဟု ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

၂၀၂၂ ခုနှစ် ဇွန်လက ဆိုက်ပရပ်စ်ကမ်းလွန်တွင် Watchkeeper ဒရုန်းပျက်ကျမှုနှင့်ပတ်သက်၍ Mail သတင်းဌာနက ဖော်ပြခဲ့ပြီး အဆိုပါဒရုန်းအမျိုးအစားသည် ရာသီဥတုဆိုးရွားသော အခြေအနေတွင် ပျံသန်းရန် အခက်အခဲများရှိသည်ဟု မီးမောင်းထိုးပြခဲ့သည်။ ဒရုန်းသည် ရာသီဥတုအေးခဲနေသည့် အခြေအနေများကို မည်သို့ရင်ဆိုင်ပျံသန်းမည်ကို အကဲဖြတ်ရန် စမ်းသပ်ပျံသန်းစဉ် ပျောက်ဆုံးသွားခဲ့ကြောင်း ဤဒရုန်းပရိုဂရမ်တစ်ခုလုံးသည် ပြဿနာများဖြင့် ပြည့်နှက်နေသည်ဟု ဗြိတိန်နိုင်ငံ သတင်းမီဒီယာများက ရေးသားဖော်ပြခဲ့ကြသည်။

**Meet the UK's $6 Million Spy Drones That Are Afraid of Bad Weather ကို ဘာသာပြန်ဆိုထားပါသည်။**

## အိန္ဒိယနိုင်ငံက နောက်ဆုံးမျိုးဆက် AGNI-PRIME ပဲ့ထိန်းဒုံးကျည်ကို အောင်မြင်စွာစမ်းသပ်နိုင်ခဲ့

အိန္ဒိယနိုင်ငံ၏ မဟာဗျူဟာတပ်ဖွဲ့ ကွပ်ကဲမှု(SFC)နှင့် ကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့(DRDO)တို့သည် Odisha ကမ်းလွန်၊ Dr APJ Abdul Kalam ကျွန်းမှ Agni-Prime ပဲ့ထိန်းဒုံးကျည်ကို အောင်မြင်စွာစမ်းသပ်ပျံသန်းနိုင်ခဲ့ကြောင်း Army Recognition သတင်းဌာနက ဧပြီ ၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဧပြီ ၃ ရက် ည ၇ နာရီခန့်တွင် ပြုလုပ်ခဲ့သော အဆိုပါစမ်းသပ်ပျံသန်းမှုတွင် ဒုံးကျည်၏ စွမ်းဆောင်ရည်များကို ထုတ်ဖော်ပြသနိုင်ခဲ့ပြီး စမ်းသပ်မှုရည်မှန်းချက်များအားလုံး လုပ်ဆောင်နိုင်ခဲ့ကြသည်။

Agni ဒုံးကျည်အုပ်စုဝင် ပဲ့ထိန်းဒုံးကျည်များသည် မဟာဗျူဟာမြောက်ဟန့်တားရေးမူဝါဒ၏ တစ်စိတ်တစ်ပိုင်းအဖြစ် အိန္ဒိယက တီထွင်ထုတ်လုပ်ထားသော ပဲ့ထိန်းဒုံးကျည်အမျိုးအစားများဖြစ်သည်။ ကာကွယ်ရေးသုတေသနနှင့်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့(DRDO)က ဦးဆောင်သည့် Agni စီးရီးများသည် အိန္ဒိယနိုင်ငံ၏ ကာကွယ်ရေးစွမ်းအားစု တည်ဆောက်မှုများတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ကာ နိုင်ငံကို ထိုးစစ်ဆင်နိုင်မှုစွမ်းရည်များစွာကို ပံ့ပိုးပေးနိုင်သည်။ Agniဒုံးကျည်အုပ်စုဝင် ပဲ့ထိန်းဒုံးကျည်များဖြစ်သော Agni-I၊ Agni-II၊ Agni-III၊ Agni-IV၊ Agni-V မှသည် Agni-Prime ထိ တဖြည်းဖြည်း တိုးတက်ဖွံ့ဖြိုးထုတ်လုပ်လာခဲ့သည်။

Agni အမျိုးအစား တာတိုပစ်ပဲ့ထိန်းဒုံးကျည်(SRBM)သည် အကွာအဝေး ကီလိုမီတာ ၇၀၀ မှ ကီလိုမီတာ ၁၂၅၀ထိ တိုက်ပွဲဝင်နိုင်သည်။ ၎င်းကိုနည်းပညာပိုင်းဆိုင်ရာသရုပ်ပြဒုံးကျည်အဖြစ် တီထွင်ထုတ်လုပ်ခဲ့ပြီး နောက်ပိုင်းတွင် သမားရိုးကျနှင့် နျူကလီးယားထိပ်ဖူးများကို သယ်ဆောင်နိုင်သည့် မဟာဗျူဟာမြောက်ဒုံးကျည်ထိ အသုံးပြုလာနိုင်ခဲ့ရာမှ တိုက်ချင်းပစ်ဒုံးကျည်(ICBM)အဆင့်ထိ တိုးတက်ဖွံ့ဖြိုးလာသည်။ ၎င်းသည် အကွာအဝေး ကီလိုမီတာ ၅၀၀၀ ကျော်ထိ ပစ်ခတ်တိုက်ခိုက်နိုင်သည်။ ၎င်းသည် နျူကလီးယားထိပ်ဖူးကို သယ်ဆောင်နိုင်စွမ်းရှိပြီး အိန္ဒိယနိုင်ငံ၏နျူကလီးယားတားဆီးကာကွယ်ရေးစွမ်းရည်ကို ခိုင်မာအားကောင်းစေရန် ဒီဇိုင်းထုတ်ထားသည်။ အာရှတစ်လွှားနှင့်ဥရောပရှိပစ်မှတ်များထိ ပစ်မှတ်ထားတိုက်ခိုက်နိုင်ဖွယ်ရှိသည့် အဆိုပါတိုက်ချင်းပစ်ဒုံးကျည်၏ နောက်ဆုံးစမ်းသပ်ပျံသန်းမှုကို ၂၀၂၄ ခုနှစ် မတ်လတွင် ပြုလုပ်ခဲ့ကြသည်။




အဆိုပါ ICBM ကို အဆင့်မြှင့်တင်ခဲ့ရာ Agni-Prime ပဲ့ထိန်းဒုံးကျည်ဖြစ်လာခဲ့သည်။ ၎င်းသည် Agni စီးရီးတွင် နောက်ဆုံးထွက်တာရှင်းဖြစ်ပြီး ရွေ့လျားစစ်ကစားနိုင်မှုမြင့်မားကာ လျင်မြန်စွာတပ်ဖြန့်အသုံးပြုနိုင်မှုအတွက် Canister-Launching ပစ်လွှတ်မှုနည်းစနစ်စသည့်အင်္ဂါရပ်များပါရှိသော မျိုးဆက်သစ် တာလတ်ပစ်ပဲ့ထိန်းဒုံးကျည်(MR-BM)အမျိုးအစားဖြစ်သည်။ ထိရောက်မှုအကွာအဝေးသည် ကီလိုမီတာ ၁၀၀၀ နှင့် ကီလိုမီတာ ၂၀၀၀ ကြားရှိပြီး တိကျမှုနှင့် ယုံကြည်စိတ်ချရမှုအတွက် အဆင့်မြင့်နည်းပညာများ အသုံးပြုထားကြောင်း သိရသည်။

Agni-Prime ဒုံးကျည်တွင် နည်းပညာဆိုင်ရာ တိုးတက်ဖွံ့ဖြိုးမှုများသည် ဘက်စုံအသုံးပြုနိုင်မှုနှင့် ရပ်တည်ရှင်သန်နိုင်မှုတို့ကို အာရုံစိုက်လုပ်ဆောင်ထားသည့် အိန္ဒိယနိုင်ငံ၏ ဒုံးကျည်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်၏ ဆင့်ကဲဖြစ်စဉ်ကို ထင်ဟပ်စေလျက်ရှိသည်။

အိန္ဒိယနှင့် တရုတ်ကြား နယ်နိမိတ်အငြင်းပွားမှုသည် ဒုံးကျည်အများအပြားဝယ်ယူရေးအစီအစဉ်များကို အရှိန်မြှင့်တင်ပေးနေသည့် အဓိကအကြောင်းရင်းတစ်ချက်ဖြစ်သည်။ အိန္ဒိယနိုင်ငံကာကွယ်ရေးဝန်ကြီး Raksha Mantri Shri Rajnath Singh က DRDO၊ SFCနှင့် တပ်မတော်တို့ ပူးပေါင်းဆောင်ရွက်ခဲ့သော အိန္ဒိယ၏ ကာကွယ်ရေးစွမ်းရည်ကို အဆင့်မြှင့်တင်ရာတွင် အရေးပါသည့် Agni-Prime ပဲ့ထိန်းဒုံးကျည်ကို အောင်မြင်စွာစမ်းသပ်နိုင်ခဲ့မှုအပေါ် ချီးကျူးဂုဏ်ပြုစကားဆိုခဲ့သည်။ ကာကွယ်ရေးဝန်ကြီးက Agni-Prime ပဲ့ထိန်းဒုံးကျည်ကို နိုင်ငံတော်၏ အဟန့်အတားစွမ်းရည်ကို အရှိန်မြှင့်တင်ရန် ဆပွားထပ်တိုးအင်အားစုတစ်ရပ်လည်းဖြစ်ကြောင်း ထုတ်ဖော်ချီးကျူးသွားခဲ့သည်။

**India succefully test last generation ballistic missile AGNI-PRIME ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ကျောက်မြောင်းမြို့နယ်ခွဲတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ဆီထွက်သီးနှံစုံ ၂၆၃၈၉ ဧက ရိတ်သိမ်းပြီးစီး



**ကျောက်မြောင်း ဧပြီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် ကျောက်မြောင်းမြို့နယ်ခွဲတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသောဆီထွက်သီးနှံစုံ ၂၆၃၈၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြ၍ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ဆီထွက်သီးနှံစိုက်ခင်းများကို ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၂၆၃၈၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကျောက်မြောင်းမြို့နယ်ခွဲအတွင်း ဆီထွက်သီးနှံစုံ ၂၆၃၈၉ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာစိုက်ပျိုးထားတဲ့စိုက်ခင်းတွေကို ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်" ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ဆီထွက်သီးနှံအလိုက် ရိတ်သိမ်းပြီးစီးမှုအနေဖြင့် မြေပဲ ၁၁၀၁၃ ဧက၊ နှမ်း ၁၃၁၂၇ ဧက၊ နေကြာ ၁၄၉ ဧက၊ ပန်းနှမ်း ဧက ၂၁၀၀ ဖြစ်ကြောင်း၊ မြေပဲ တစ်ဧကလျှင် ၆၉ ဒသမ ၁၀ တင်း၊ နှမ်း တစ်ဧကလျှင် ၁၄ ဒသမ ၁၅ တင်း၊ နေကြာ တစ်ဧကလျှင် ၂၃ ဒသမ ၁၇ တင်း၊ ပန်းနှမ်း တစ်ဧကလျှင် ၁၃ ဒသမ ၅၀တင်း ထွက်ရှိကြောင်း သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက ဆီထွက်သီးနှံစုံ ၁၂၉၀၃ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ မြေပဲ ၁၁၀၁၃ ဧက၊ နှမ်း ၁၃၁၂၇ ဧက၊ နေကြာ ၁၄၉ ဧက၊ ပန်းနှမ်း ဧက ၂၁၀၀ စုစုပေါင်း ၂၆၃၈၉ ဧက ဖြစ်ကြောင်း သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနက ဆီထွက်သီးနှံ စိုက်ပျိုးတောင်သူများကိုမျိုးကောင်းမျိုးသန့်များစိုက်ပျိုးရန်၊ သီးထပ်သီးညှပ်များဖြင့် ဆီထွက်သီးနှံများကို စိုက်ပျိုးထုတ်လုပ်ရန်အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၂၀၆)

# ကွမ်းခြံကုန်းမြို့နယ် မာလကာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကွမ်းခြံကုန်း ဧပြီ ၁၀**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဧပြီ ၉ ရက် နံနက်ပိုင်းက မာလကာကုန်းကျေးရွာတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုသီတာလင်းက ကျေးလက်နေပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားကာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန်၊ ရရှိလာသောမြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်း သတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၃၅၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကွမ်းခြံကုန်းမြို့နယ် မာလကာကုန်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားလုပ်ငန်းလုပ်ကိုင်သည့် အသင်းသား၊ အသင်းသူ ၉၅ ဦးကို ငွေကျပ် သိန်း ၃၅၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**

# မြိတ်မြို့နယ် နန်းတော်ရာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မြိတ် ဧပြီ ၁၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တညက်ကရင်ကျေးရွာအုပ်စု နန်းတော်ရာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ နန်းတော်ရာကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများ၊ စီမံကိန်းလက်စွဲစာစောင်ပါစည်းမျဉ်းစည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်မှု ရှိ၊ မရှိ၊ လအလိုက်ပြည့်သွင်းရမည့်ငွေစာရင်းပုံစံများပြည့်စုံမှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ အရင်း အတိုးငွေများ ပြန်လည်ပေးဆပ်နိုင်ရေးအလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

မြိတ်မြို့နယ် နန်းတော်ရာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး လက်ရှိတွင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်သည့် အသင်းသား၊ အသင်းသူ ၇၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၆၈၁ သိန်းကို ထုတ်ချေးပေးထားကြောင်း မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းထံမှ သိရသည်။

**ကိုညို**






## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၀-၄-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဗေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ရွှေဝါယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၀၀၀ |
| ** စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၅၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၄၉၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၈၄၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၉၅၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**


**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဥရောပအာရှစီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဝင် အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး H.E. Mr. Sergei GLAZEV အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဥရောပအာရှစီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဝင် အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး H.E. Mr. Sergei GLAZEV တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။**

☆ **ကျောဖုံးမှအဆက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်တို့တက်ရောက်ကြပြီး ဥရောပအာရှစီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဝင် အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီးနှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ဥရောပအာရှ စီးပွားရေးကော်မရှင်တို့အကြား ကုန်ပစ္စည်းများ အပြန်အလှန်တင်ပို့ရေးဆိုင်ရာ ကိစ္စရပ်များနှင့် တိုက်ရိုက်ငွေပေးချေမှုဆိုင်ရာ ကိစ္စရပ်များ၊ စိုက်ပျိုးရေးထုတ်ကုန်များနှင့်ပတ်သက်၍ နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုက်ရိုက် လေကြောင်းပျံသန်းရေးဆိုင်ရာ ကိစ္စရပ်များ၊ ရေနံထွက်ပစ္စည်းများထုတ်လုပ်ခြင်းနှင့် တွင်းထွက်သယံဇာတပစ္စည်းများကို အဆင့်မီကုန်ချောများအဖြစ် ထုတ်လုပ်နိုင်သည့် အခြေအနေများ၊ အထည်အလိပ်လုပ်ငန်းများနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်နိုင်သည့် အခြေအနေများ၊ မြန်မာနိုင်ငံနှင့် ဥရောပအာရှ စီးပွားရေးကော်မရှင်တို့အကြား အခြားနယ်ပယ်ပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်နိုင်သည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဥရောပအာရှစီးပွားရေးကော်မရှင်ဘုတ်အဖွဲ့ဝင် အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် အမျိုးသားစာကြည့်တိုက်ရှိ e-Library and Reading Room တို့ကို လှည့်လည်ကြည့်ရှုစဉ်။**

**စာမျက်နှာ ၁၇ မှအဆက်**

အသိပညာကြွယ်ဝသည့် လူ့ပတ်ဝန်းကျင်အသိုက်အဝန်းကို ပုံဖော်တည်ဆောက်ပေးရန် မဖြစ်မနေလိုအပ်ကြောင်း၊ ထို့ကြောင့် ပညာရေးမြှင့်တင်ရေးနှင့် ပတ်သက်၍ အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူပြည်သားများ အသိပညာအတတ်ပညာများရရှိစေရေးအတွက် ငွေကုန်ကြေးကျ အနည်းဆုံးဖြင့် ပညာရရှိစေရေးစဉ်းစား ဆောင်ရွက်သွားရန်လိုကြောင်း၊ စာအုပ်စာပေများကို သက်သာသည့်ဈေးနှုန်းများဖြင့် ဝယ်ယူဖတ်ရှုနိုင်ရေးအတွက်လည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ ကျေးလက်များကို အကျိုးပြုသည့်စာအုပ်များကိုလည်း ထုတ်ဝေသွားကြရန် တိုက်တွန်းလိုကြောင်း။

နိုင်ငံပိုင်သတင်းစာများနှင့် ပုဂ္ဂလိကသတင်းစာများ ထုတ်ဝေဖြန့်ချိလျက်ရှိသော်လည်း နိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်နှံ့ရောက်ရှိမှုအားနည်းမှုနှင့် ဖတ်ရှုသူနည်းပါးမှုတို့ကို တွေ့ရှိရကြောင်း၊ သတင်းစာဟူသည်မှာ နေ့စဉ်ဖြစ်ပေါ်လျက်ရှိသည့် သတင်းအချက်အလက်များကို အမြန်ဆုံးသိရှိစေရေး ရိုက်နှိပ်ထုတ်ဝေခြင်းဖြစ်သဖြင့် နယ်မြို့၊ ကျေးရွာများသို့ အမြန်ဆုံးရောက်ရှိနိုင်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ လက်ရှိအချိန်၌သတင်းစာများကို အမြန်ဆုံးဖတ်ရှုနိုင်ရေးအတွက် အွန်လိုင်းစာမျက်နှာများ၌လည်းနေ့စဉ် ဖြန့်ဝေပေးလျက်ရှိကြောင်း၊ သတင်းစာများ၌ပါရှိသည့် သတင်းအချက်အလက်များ၊ ဆောင်းပါးများသည်လည်း ပြည်သူလူထုတို့ကို အမှန်တကယ်အကျိုးပြုနိုင်ရန်လိုပြီး နားလည်သဘောပေါက်လွယ်ကူစေမည့် အသုံးအနှုန်းများ၊ အရေးအသားများကို သုံးနှုန်းကြရန်လိုကြောင်း။

ယနေ့အခမ်းအနားတွင် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် စာအုပ်စာစောင်များနှင့် အလှူငွေများလှူဒါန်းမှုသည် တန်ဖိုးကြီးမားသည့်လှူဒါန်းမှု၊ မွန်မြတ်သည့် အသိပညာစာပေအလှူဖြစ်သည့်အတွက် အလှူရှင်များအားလုံးကို မိမိအနေဖြင့် အထူးပင် ကျေးဇူးတင်ရှိပါကြောင်းနှင့် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါကြောင်း၊ **စာအုပ် စာပေဟူသည် မည်မျှပင်ဟောင်းနေသည်ဖြစ်စေ မဖတ်ရသေးသူများအတွက် အသစ်ပင်ဖြစ်ပြီး အသိပညာအသစ်များကို ရရှိသွားစေမည်ဖြစ်**ကြောင်း၊ ယခုကဲ့သို့ မွန်မြတ်သည့် စာပေအသိပညာလှူဒါန်းမှုများကို ဦးဆောင်နိုင်သူများက ဦးဆောင်၍ နိုင်ငံတစ်ဝန်း၌ မကြာခဏဆောင်ရွက်ပေးမည်ဆိုပါက တိုင်းပြည်အတွက်များစွာ အကျိုးရှိစေမည်ဖြစ်သဖြင့် အားလုံးဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးနိုင်ကြရန် မေတ္တာရပ်ခံတိုက်တွန်းပါကြောင်း၊ မိမိတို့၏ နိုင်ငံသားများအားလုံး အသိပညာအတတ်ပညာနှင့် လူမှုဘဝတိုးတက်စေရေး၊ နိုင်ငံတော်၏ နိုင်ငံရေးလုပ်ငန်းစဉ်များ၊ အမျိုးသားရေးရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရာတွင် တစ်ခန်းတစ်ကဏ္ဍက ပါဝင်နိုင်စေရေးတို့အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် စေတနာရှင်ပြည်သူများက မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

၎င်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုက မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် အမျိုးသားစာကြည့်တိုက်ရှိ e-Library and Reading Room တို့ကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ယနေ့အခမ်းအနားတွင် မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ရင်းတပ်ဖွဲ့၊ ဌာနချုပ်များနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ဖြင့်ပအလှူရှင်များ၏ လှူဒါန်းမှုအနေဖြင့် အလှူငွေကျပ် ၅၆၀၀၈၇၅၀၀ နှင့် သုတရသစာအုပ်စာစောင် ၄၈၃၅၇ အုပ်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များတွင် တစ်ချိန်တည်း၊ တစ်ပြိုင်တည်းပြုလုပ်သည့် အခမ်းအနားများ၌ လှူဒါန်းမှုအနေဖြင့် ငွေကျပ် ၄၂၅၀၇၇၉၅၀ နှင့် သုတရသစာအုပ်စာစောင် ၃၀၈၅၄ အုပ်ဖြစ်ကြောင်းနှင့် စုစုပေါင်းလှူဒါန်းမှုအနေဖြင့် ငွေကျပ် ၉၈၅၁၆၅၄၅၀ နှင့် သုတရသစာအုပ်စာစောင် ၇၉၂၁၁ အုပ်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို လက်နက်များ တပ်ဆင်ပေးခြင်းနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်




အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကျောက်ပန်းတောင်းတပ်နယ်မှ တာဝန်ရှိသူတစ်ဦးက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို လက်နက်များ တပ်ဆင်အပ်နှင်းပေးစဉ်။

**နေပြည်တော် မေ ၁၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို လက်နက်တပ်ဆင်ပေးခြင်းနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ကျောက်ပန်းတောင်းမြို့ရှိ နယ်မြေခံတပ်နယ်ခန်းမ၌ ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကျောက်ပန်းတောင်း တပ်နယ်မှ တာဝန်ရှိသူများ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူတစ်ဦးက အမှာစကား ပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် လက်နက်များ တပ်ဆင်အပ်နှင်းပေးပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်ရာ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ ကိုယ်စား တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည် ပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများသည် တပ်ဆင်ပေးအပ်လက်နက်များကို လိုက်လံကြည့်ရှုကြပြီး တက်ရောက်လာကြသည့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

## ရတနာပုံနေ့စဉ်သတင်းစာထုတ်ဝေမှု ၆ ရက် ခေတ္တရပ်နားမည်

**ရတနာပုံနေ့စဉ်သတင်းစာကို မဟာသင်္ကြန်ရုံးပိတ်ရက်များဖြစ်သည့် ၂၀၂၄ ခုနှစ် မေ ၁၃ ရက်(တနင်္လာနေ့) မှ မေ ၁၈ ရက်(ကြာသပတေးနေ့)ထိ ၆ ရက် ခေတ္တရပ်နားမည်ဖြစ်ပြီး မေ ၁၉ ရက်(သောကြာနေ့) တွင် ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ပါကြောင်း လေးစားစွာအသိပေးအပ်ပါသည်။**

## အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု ပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့် တက်ခြင်း၊ သတိလစ်ခြင်းတို့ အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ အနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင်အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာများတွင် နားနေပါ၊

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်း တို့ကို ရှောင်ကြဉ်ပါ၊

(၃) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန်လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းသွားပါ၊ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏ ပြုလုပ်ပါ၊

(၄) အလင်းပြန်သောအဖြူရောင်(သို့မဟုတ်)အရောင်ဖျော့သောပွပွချောင်ချောင်ချည်ထည်များကိုဝတ်ဆင်ပါ၊

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက်(၁၀)နာရီမှ ညနေ(၅)နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ၊

(၆) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ၊

(၇) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ၊

(၈) မိတ်နှင့် ယားဖုများ ထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ၊

(၉) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍လေဝင်လေထွက်ကောင်းသောနေရာတွင် ထားရှိခြင်း၊ရေနှင့်ဓာတ်ဆားရည်များသောက်သုံးစေခြင်း၊ လူနာ၏ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊လည်ပင်း၊ချိုင်းကြားနှစ်ဖက်နှင့်ပေါင်ခြံနှစ်ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်းစသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာဆေးရုံ/ဆေးခန်း/ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသ၍ ကုသမှုခံယူစေပါ။

**ကျန်းမာရေးဝန်ကြီးဌာန**
**(ဧပြီလ၊ ၂၀၂၄)**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများ ရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန် တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉- ၂၀၂၄၀၇၇၊ ၀၅၉- ၂၀၂၄၀၇၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂- ၂၂၀၁၉၇၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃- ၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁- ၂၀၂၄၅၄၀၊ ၀၈၁- ၂၀၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# တပေါင်းလ စာအလင်္ကာများ

မောင်လူမွေး(မြန်မာမှု)

မြန်မာ့စာပေယဉ်ကျေးမှုများသည် ဗုဒ္ဓစာပေများနှင့် အနည်းအများ ဆိုသလို တစ်နည်းမဟုတ်တစ်နည်း ဆက်နွှယ်မှုရှိနေပေသည်။

အခါအားလျော်စွာ နံနက်မိုးလင်းတရားတော်နှင့် ပရိတ်ပဋ္ဌာန်း ရွတ်ဖတ်သည်ကို ကြားနာရသောအသံ နံနက်ချိန်ခါ တေးသံသာများကို နားဆင်ရသော အသံများသည် ကြည်နူးရပါ၏။

ထိုအထဲတွင် ရတနသုတ်လာဝနပ္ပဂုမ္ဗေ. . . အစချီ. . . ဂါထာ ပိုဒ်ရောက်သောအခါ ဗုဒ္ဓဘုရားရှင်၏ လောကသဘာဝအလှ အမြင် ရသကိုခံစား၍ သဒ္ဓါကြည်ညိုရပါ၏။

ထိုဂါထာတော်အပိုဒ် မြန်မာပြန်သဘောမှာ နွေဦးတုစတင်ရောက်ပြီး ပထမလတွင် ရွက်ဟောင်းများကြွေ၍ ရွက်သစ်များဝေနေသော တောတန်းတစ်လျှောက်ရှိ သစ်ရိပ်တောင်ရိပ်တို့သည် ခရီးပန်းလာသူအဖို့ နားခိုလိုက်သောအခါ အေးမြမှုခံစားရသလို သံသရာခရီးပန်းလာသူများအဖို့လည်း ငါဘုရား၏ဂုဏ်တော်၊ တရားတော်၏ဂုဏ်တော်၊ သံဃာတော်တို့၏ ဂုဏ်တော်တည်းဟူသော အရိပ်အာဝါသမှ နားနေကြည့်ပါက ငြိမ်းချမ်းမှုရှိပါလိမ့်မည်ဟု ဆိုလိုပေသည်။

ဂိမှာန်၊ နွေလတို့၏ ပထမမာသေ၊ ပထမလသည် (ဝါ) တပေါင်းလပြည့်ကျော် (၁)ရက်နေ့မှ တန်ခူးလပြည့်နေ့ ကြားကာလသည်ဟု ဆိုလိုပေသည်။ (ခုဒ္ဒကနိကာယ်-သုတ္တနိပါတ် ရတနသုတ်၊ ဝနပ္ပဂုမ္ဗေ ဂါထာအဖွင့်) တွံတေးဆရာတော်ကြီး၏ ပရိတ်ကြီးနိဿယလင်္ကာသွားမှာ ရွတ်ဆို၍ အထူးကောင်းလှသည်။ သပြေကန်ဆရာတော် ဦးဝါသေဋ္ဌ၏ ပရိတ်ကြီးနိဿယတွင် တပေါင်းလအဖွင့်ကို အကျယ်တဝင့်ကြည့်ရှုနိုင်သည်။

ယခင်လများက လရာသီအကြောင်းနှင့် လအလိုက်လင်္ကာစာပေများကို ရေးသားခဲ့ရာတွင် ရှေးစာဆိုကြီးများ၏ရာသီပွဲအမျိုးမျိုးကို ဖော်ပြရာ၌ ရတု၊ ရကန်၊ အဲ၊ အန်၊ လူးတား၊ တေးထပ်၊ သဖြန်၊ ခွန်းထောက်၊ လွမ်းချင်း၊ ပတ်တိုက်၊ လေပြေစသည်ဖြင့် ထွေထွေရောရာ အလင်္ကာများကို ဖော်ပြခဲ့ပေသည်။

ယခုတပေါင်းလ စာအလင်္ကာကိုမူ ပျို့ကြီးနှင့်တေးလားကြီး စာကြီးပေကြီးဖြင့် ဖော်ပြပါမည်။ အင်းဝခေတ်တွင် ထင်ရှားခဲ့ကြသည့် ပေလေးပင်ရှင်လေးပါးဟု အမည်တွင်သော ရှင်ဥတ္တမကျော်၊ ရှင်အုန်းညို၊ ရှင်မဟာသီလဝံသ၊ ရှင်ခေမာလောင်းလျာတို့သည် (ခရစ်နှစ်- ၈၄၅ ခုနှစ်တွင်) တောင်တွင်းကြီးမြို့နယ်တွင် လရက်များ မရွေးမနှောင်းပင် မွေးဖွားကြလေသည်။ ပါရမီရှင် လူငယ်လေးဦးစလုံးပင် နတ်နှီးလင်းဆရာတော်ထံတွင် အခြေပါဒသင်ဦးစက သင်ခဲ့ကြပေသည်။

၎င်းဆောင်းပါးပါ အကြောင်းအရာတွင်ပါဝင်သော တပေါင်းလ စာအလင်္ကာကို ရှင်ခေမာမှအပ ကျန်စာဆို သုံးဦးလုံးပင်ရေးဖွဲ့ခဲ့ကြပေသည်။ ရှင်မဟာသီလဝံသက ဗုဒ္ဓုပ္ပတ္တိပျို့တွင် တစ်ခန်းရေးခဲ့သည်။ (လတပေါင်းဆောင်းပါးတွင် အမြွက်မျှဖော်ပြပြီး) ရှင်အုန်းညိုကမူ ဂါထာ ၆၀ ပျို့တစ်ခုလုံးတွင် တပေါင်းလကိုအကြောင်းပြု၍ ရေးဖွဲ့ထားခြင်းဖြစ်ပေသည်။

ဂါထာ ၆၀ ဟုဆိုသော်လည်း မူရင်းဗုဒ္ဓဝင်အဋ္ဌကထာလာဂါထာ ၆၄ ပုဒ်ကို ဖွဲ့ဆိုခြင်းဖြစ်သည်။ အနည်းငယ်ပိုသည်ကို ပမာဏမပြုဘဲ ဂါထာ ၆၀ ဟုပင် မည်တွင်လေသည်။

စာဆိုသည် ထိုဂါထာများပါအကြောင်းအရာများကို လင်္ကာပိုဒ်ရေ ၈၄-ပိုဒ်ဖြင့် အကျယ်ဖွင့်ဆိုထားလေသည်။ နိဂုံးလင်္ကာ ၉ ပိုဒ်ကို ပေါင်းပါက ၉၃ ပိုဒ်ရှိလေသည်။

၎င်းပျို့ကို အင်းဝခေတ် ရွှေနန်းကြော့ရှင် ဘုရင်လက်ထက် သက္ကရာဇ်- ၈၇၉ နှစ် ကဆုန်လပြည့် သောကြာနေ့တွင် ရေးသားပြီးစီးသည်ဟု နိဂုံးအရ သိရပေသည်။

အကြောင်းအရာအကျဉ်းမှာ ဘုရားရှင်အား ရာဇဂြိုဟ်ပြည်မှ ကပိလဝတ်ပြည်သို့ ကြွမြန်းတော်မူပါမည့်အကြောင်းကို ဖွားဖက်တော် ကာဠုဒါယီက လျှောက်ထားခြင်းဖြစ်လေသည်။ ထိုသို့လျှောက်ထားချက်များတွင်---

နေပြည်တော်ဌာန သားဗုဒ္ဓကြွစေလိုကြောင်း၊ ဖခမည်းတော် သုဒ္ဓေါဒနမင်းကြီးက ပင့်စေခိုင်းပုံ၊ ဆောင်းနှောင်းနွေကူးတပေါင်းလ သာယာပုံ၊ လယ်ယာအလျှဖြစ်ပုံ၊ မိဘနှစ်ပါးကျေးဇူးကြီးမားပုံ၊ တောလမ်းခရီး သစ်သီးပန်းမန်မျိုးစုံ သီးပွင့်နေပုံ၊ သားမျိုးစုံစုဝေး၍ ဟစ်ကြွေးကာ ဘာသာဘာဝရှိနေကြပုံ၊ ငှက်မျိုးစုံပေါင်းစုံ၍ ရောင်စုံကျင်းသည့်

ထိုဂါထာတော်အပိုဒ် မြန်မာပြန်သဘောမှာ နွေဦးတုစတင်ရောက်ပြီး ပထမလတွင် ရွက်ဟောင်းများကြွေ၍ ရွက်သစ်များဝေနေသော တောတန်းတစ်လျှောက်ရှိ သစ်ရိပ်တောင်ရိပ်တို့သည် ခရီးပန်းလာသူအဖို့ နားခိုလိုက်သောအခါ အေးမြမှုခံစားရသလို သံသရာခရီးပန်းလာသူများအဖို့လည်း ငါဘုရား၏ဂုဏ်တော်၊ တရားတော်၏ဂုဏ်တော်၊ သံဃာတော်တို့၏ ဂုဏ်တော်တည်းဟူသော အရိပ်အာဝါသမှ နားနေကြည့်ပါက ငြိမ်းချမ်းမှုရှိပါလိမ့်မည်ဟု ဆိုလိုပေသည်။

အဆင်းအလှများ တွေ့ရမည့်ပုံ၊ မြစ်ဖျား ချောင်းနား ရေကန်များ သာယာလှပမှုများရှိနေပုံ၊ ဆွေတော်မျိုးတော်များနှင့် လူ၊ နတ်တို့ ကြည်ညိုနိုင်ဖို့အစုံစုံတို့ကို အခန်းလိုက် အခန်းလိုက် ရေးဖွဲ့ထားလေသည်။

ယနေ့ခေတ် ငှက်သုတေသန(Ornithology)၊ ပန်းသုတေသန (Botany)၊ လိပ်ပြာသုတေသန(Lepidopterology)၊ သားငှက်တိရစ္ဆာန်သုတေသန (Zoopsychology) စသည့်သုတေသနပညာရှင်များသည် လွန်ခဲ့သည့်နှစ်ပေါင်း ၅၀၀ ကျော်၊ ၆၀၀ အတွင်းက အမည်နာမ အမျိုးအစားခွဲခြား၍ လေ့လာနိုင်သော အကြောင်းခြင်းရာများ ပြည့်နှက်နေလေသည်။ အထူးသဖြင့် ကုန်းဘောင်ခေတ်တွင် ပေါ်ပေါက်လာသော ဆေးအဘိဓာန်ကျမ်းကြီးများတွင် အနောက်တိုင်းနှင့် အိန္ဒိယဝေါဟာရများကို ဖွင့်ဆိုရာ၌ ၎င်းပျို့ပါ ဆေးပင်အမျိုးအစားများနှင့်ညှိနှိုင်း၍ ဖွင့်ဆိုထားသည်ကို တွေ့ရလေသည်။ စာပေသုတေသနပြုသူအဖို့ အထူးလေ့လာဖွယ် မှတ်သားဖွယ်ရာများ ပြည့်နှက်နေသည်။

အခန်း-၂ ပါ ဆောင်းနှောင်းနွေကူး တပေါင်းလ သာယာပုံတို့ကို ရေးဖွဲ့ရာ မူလပါဠိ ဂါထာမှာ ၃-ပုဒ်သာဖြစ်ပါ၏။ ယင်းကို ပျို့လင်္ကာပိုဒ်ရေ ၇-ပိုဒ်ဖြင့် ဖွဲ့ထားပါ၏။

ပိုဒ်ရေ(၉) မျှော်ရှုမျှော်ရှုမျိုးတစ်စုတွင် ရာဟုအမိအစချီကာ-

. . . **သွားခါတန်စွ၊ ၎င်းကာလ၊ ချမ်းမြမသန်၊ ပြင်းထန်မပူ၊ လွင့်မြူမထောင်း၊ ညွန့်လျှောင်းမချဉ်း၊ လေပြင်းမလာ၊ သည်းစွာထစ်ကြိုး၊ အုံ့မိုယ်းမစွေ၊ ရေလည်းမကြီး. . .** ဟူ၍ လည်းကောင်း

ပိုဒ်ရေ(၁၂)တွင် ပျော်မှုပျော်မှု မျှော်ကြည့်ရှု၍ ရတုကောင်းစွာ အစချီကာ. . .

**၎င်းအခါကား၊ သာသည်ညှင်းညှင်း၊ မြောက်လေကြွင်းနှင့်၊ ဆီးနှင်းမကုန်၊ ပူဟုန်မသည်း၊ ပုံ့ပုံ့ပြည်းသား၊ တိမ်မည်းမဆိုင်၊ မြည်အိုင်ရိုက်ကြူး၊ မင်းလွင်မြူးသား၊ နွေဦးသရက်၊ အခါဖြစ်၍. . .** ဟူ၍လည်းကောင်း

ပိုဒ်ရေ(၁၃)တွင် ပေါ်လုပေါ်လု ညွန့်သက်နုနှင့် ရတုသာဖွေ အစချီကာ. . .

. . . **ပင်စည်ဖြူဖြူ၊ ရိပ်စက်ကူး၍၊ ငုံဖူးစီစို့၊ တချို့ကားပွင့်၊ ကင်းနှင့်မည်၊ မီးလျှံသဘွယ်၊ ဝင်းဝင်းကယ်မျှ၊ ပြိုင်လယ်ရဲရဲ၊ အခဲခဲတီ၊ တောထဲစုံကောင်း၊ ပန်းအပေါင်းနှင့်၊ ရွက်ဟောင်းပင်အောက်၊ ဖူးညောက်လူလူ၊ ထွက်စပြူလျက်၊ ပုံ့ကြွစေ၊ လေးညှင်းသွေးသော်၊ မွှေးမွှေးရဂုံ၊ သင်းနံ့ထုံသို့. . .** ဟူ၍လည်းကောင်း

အပိုဒ်ရေ(၁၄)တွင် ယော်နုယော်နု ရွက်သစ်ပြုလျက်ရတုအလိုက် အစချီကာ. . .

ခက်ချင်းဆိုက်၍၊ အကိုက်ငုံဖူး၊ ဖြူးရရှုလျှင်၊ တန်ခူးမပြောင်း၊ တပေါင်းမကုန်၊ ပူဟုန်မပြင်း၊ နှင်းလည်းစဲစ၊ ကာလသာထွေ၊ ဆောင်းနွေဆိုးဆမ်း၊ ပူချမ်းနှစ်ပါး ×××××

**ခရီးဆက်ပိုင်း၊ လမ်းစဉ်တိုင်းတုံ၊ သစ်ကိုင်းညွန့်လမ်း၊ ဂနိုင်ပန်းဆီ၊ ထက်ဝန်းပြင်မျှ၊ ပွင့်လတ်ကြသော်၊ ရွှင်ပျမြည်ရွှန်း၊ ဝိတုန်းမည်းနက်၊ ဝတ်ရက်ယူယူ၊ ချစ်မူဘော်နှော၊ ရဂုံတောဝယ်၊ ဥဩကျေးဌက်၊ ယုဉ်ဘက်မကွာ၊ ဟသ်ာပဲထွေး၊ သံလေးကျူးဆင့်၊ ကြွေးရင့်မည်၊ ခုန်ပျံပြေးသွား၊ တပင်နားလျက်၊ ပင်ဖျားပင်ခြေ၊ ဗွမ်းဗွမ်းထွေလျက်၊ စုံမြေရိပ်ကောင်း၊ ရွှေများပေါင်းသည်၊ ဥဒေါင်းမောရ တွန်ပြီတည်း. . .** ဟူ၍ လည်းကောင်း

လမ်းခရီးအဆင့်ဆင့်ကို ရေးဖွဲ့ထားရာ ယနေ့ခေတ်တီဗွီ Discovery အစီအစဉ်တွင် သဘာဝတောတောင်ရေမြေများကို ထက်အောက်ဝန်းကျင် ဒရုန်း(Drone)ဖြင့် ရိုက်ကူးထားသည်ကို ကြည့်နေရသကဲ့သို့ ရသခံစားရပါ၏။

၎င်းသည်မှာ ရှင်အုန်းညို၏ဂါထာ ၆၀-ပျို့လာ တပေါင်းလ စာအလင်္ကာ၏ တစ်စိတ်တစ်ဒေသဖြစ်သည်။

တပေါင်းလ စာအလင်္ကာတို့ ဖော်ကျူးသော အခြားဂန္ထဝင်မြောက် စာကြီးပေကြီး တစ်စောင်မှာ ရှင်ဥတ္တမကျော်၏ ဗုဒ္ဓဘုရားရှင် ကပိလဝတ် နေပြည်တော်သို့ ကြွချီတော်မူခန်း တောလားလင်္ကာကြီး ဖြစ်ပေသည်။

၎င်းတောလားလင်္ကာကြီးမှာ ၉-ပိုဒ်ရှိသည်။ စက်ဆယ့်နှစ်လီ ဒွါဒသီဝယ် သုံးလီဥတု လက်ဝဲလုသား. . . အစချီလင်္ကာ ၈-ပိုဒ်မှာ ကပိလဝတ်ပြည် ကြွခန်းဖြစ်၍ ၉-ပိုဒ်မြောက်= မဂ္ဂင် ရှစ်တန်း၊ လမ်းမှန်ခရီး၊ ရပ်ကြီးသာစည်၊ ရောက်အံ့ရည်၍----အစချီသော၊ ၉-ပိုဒ်မြောက်မှာ - အရိမေတ္တယျဘုရားရှင်လက်ထက်၌ ဇောဓိလောင်းလျာအဖြစ် ဗျာဒိတ်ခံရပါလိုကြောင်း---

"ငါလိုလည်းကောင်း၊ ဇောဓိလောင်းဟု၊ ညွှတ်ညောင်းတံဆိပ်၊ နှုတ်ဗျာဒိတ်ဖြင့်၊ ခပ်နှိပ်သေချာ၊ နှုတ်ဩဘာသည်၊ မြစ္စာဖြစ်လိမ့် **လ** မှန်တည်း"

ဟု ဥဒါန်းနိမိတ် အကြောင်းဟိတ်ဖြင့် ရေးထားသော ဆုတောင်းလင်္ကာ ဖြစ်ပေသည်။ တောလားကြီး အစကို---

**စက်ဆယ့်နှစ်လီ၊ ဒွါဒသီဝယ်- သုံးလီရတု၊ လက်ဝဲလုသား၊ ရတုသာစွ၊ လမဏ္ဍာလျှင်၊ သဘင်ဂိမ်မှာန်၊ တာသကြိန်ဟု၊ လေပြန်လွင့်ကူ၊ ဘုံသစ်ထူ၍၊ ဥဏှဂူနတ်၊ ဖန်ရဟတ်လည်း၊ သဟာသရောင်၊ ခြည်တထောင်ဖြင့်၊ ပြောင်ပြောင်ဝင်းထိန်၊ အာဏာနှိပ်လျက်၊ ပြင်းရှိန်အန္တ၊ ဂုဏ်စွမ်းပြသော်-**

----ဟု အစချီရေးဖွဲ့ထားရာ အရပ်စကားဖြင့်ပြောရပါက ၁၂ လရာသီရှိ ဥတုသုံးပါးတွင် တပေါင်း၊ တန်ခူး ရတု သကြိန်ပြောင်းသော အခါသမယတွင်ဟုဆိုလိုပေသည်။

သို့သော် **ဥတု၊ ရတု၊ လက်ဝဲလု၊ လမဏ္ဍာ၊ သဘင်ဂိမှာန်၊ အတာ၊ သကြိန်၊ ဥဏှဂူနတ်၊ ဖန်ရဟတ်၊ ရောင်ခြည်ထောင်. . .** စသည်တို့မှာ ဇေဒင်ပညာရပ် ရာသီစက်နက္ခတ်နယ်ပယ်ကို အကျွမ်းတဝင်ရှိပါမှ(သို့) မြန်မာစာပေ၊ မြန်မာမှုများကို အထူးပြုလေ့လာသူများသာ သိနိုင်သော ဝေါဟာရအသုံးအနှုန်းဖြစ်ပေသည်။ ထိုသို့ နွေဦးတုရောက်သောအခါ ရော်ရွက်ဝါတို့ ကြွေကျ ရွက်သစ် ပုရစ်ဖူး မြစိမ်းရောင်များ ဖူးပွင့်စေသည် ပွင့်လေပြီကို---

. . . **လေခမြေသက်၊ ဈာန်ဝိတက်သို့၊ သစ်ရွက်ရော်ရီ၊ ဣန္ဒနီဝယ်၊ သိင်္ဂီတဝက်၊ ဖက်၍ဆေးစုံ၊ ခြယ်သောပုံသို့၊ ရဂုံမြိုင်တွင်း၊ တောလုံးလင်းသား၊ သီးကင်းနုစ၊ အချို့ကမူ. . .** ဟု ကာရန်နှဘော၊ ဂုဏ်ရသ၊ စာအလင်္ကာများနှင့် ခြယ်မှုန်းထားရာ ရှေးအခါက စာပေနှင့် အကျွမ်းတဝင်မရှိသည့်တိုင် အများအားဖြင့် သိရှိခံစားနိုင်ကြပါ၏။ ၎င်းတောလားလင်္ကာကြီးကဲ့သို့သော စာအလင်္ကာများမှ မြစ်ဖျားခံသော အတက်အထွက်များသည် မြန်မာ့ဂီတ ရသ စာပေများတွင် ထင်ဟပ်ကျန်ရစ်ခဲ့ပေသည်။

သီချင်းကြီး သီချင်းခန့်များတွင် မြမြမောင်းမောင်းပတ်ပျိုး၊ မြဝတီမင်းကြီး ဦးစရေးပြီး ရဝိန်ဒေါင်းယာဉ်ပျံပတ်ပျိုး၊ မန္တလေး ဦးဘသိန်းရေး၍ အဆိုတော် ကိုအံ့ကြီး မိန်ရာသီသီချင်း၊ ဂီတနတ်သံ ကိုစောငြိမ်းရေးဖွဲ့၍ အဆိုတော် မောင်မောင်ညွှန့်သီဆိုသော ဝသန်ခါဦးသီချင်း၊ ဆရာကြီးတက္ကသိုလ်ဘုန်းနိုင်ရေး၍ ရေနံ့သာစိုးလှိုင်သီဆိုသော ကမ္ဘာကုန်ကျယ်သရွေ့ စသည် စသည့် သီချင်းများပါ သံစဉ်တေးသွား ကာရန်များသည် ၎င်းတပေါင်းလဘွဲ့ စာအလင်္ကာများ၏ အဖူးအပွင့်များပင် ဖြစ်ပေသည်။

စာမျက်နှာ ၂၂ သို့

# လာအိုနိုင်ငံမှဝင်ရောက်လာသော မီးခိုးမြူများကြောင့် ဗီယက်နမ်နိုင်ငံ ဒိန်ပင်ပြည်နယ်သို့ ပျံသန်းမည့်လေကြောင်းခရီးစဉ်တချို့ဖျက်သိမ်းခဲ့ရ



**ဟနွိုင်း မေ ၁၀**

လာအိုနိုင်ငံမှဝင်ရောက်လာသော မီးခိုးမြူများကြောင့် ဗီယက်နမ်နိုင်ငံ ဒိန်ပင်ပြည်နယ်သို့ ပျံသန်းမည့် လေယာဉ်ခရီးစဉ်တချို့ ဖျက်သိမ်းခဲ့ရကြောင်း ဗီယက်နမ်လေကြောင်း သယ်ယူပို့ဆောင်ရေး စီမံခန့်ခွဲမှု ကော်ပိုရေးရှင်းက ကြေညာခဲ့သည်ဟု မေ ၉ ရက် သတင်းများအရ သိရသည်။

လာအိုနိုင်ငံအတွင်း လယ်ကွင်းများ မီးရှို့ခြင်းမှ ထွက်ပေါ်လာသော မီးခိုးမြူများကြောင့် ဒိန်ပင်ပြည်နယ်သို့ ပျံသန်းမည့်လေယာဉ် ခရီးစဉ်များကို မေ ၆ ရက်တွင် ပျံသန်းမှု ငါးကြိမ်၊ မေ ၇ ရက်တွင် ခြောက်ကြိမ်နှင့် မေ ၈ ရက်တွင် ပျံသန်းမှုရှစ်ကြိမ် စုစုပေါင်း ၁၉ ကြိမ် ဖျက်သိမ်းခဲ့ရကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ ဒိန်ပင်ပြည်နယ်ရှိ ဒိန်ပင်လေဆိပ်သည် နှစ်စဉ် ဧပြီလတွင် မီးခိုးမြူဖုံးလွှမ်းသည့်ရက်များဖြင့် ကြုံတွေ့ရလေ့ရှိပြီး လာအိုနိုင်ငံ အထက်ပိုင်းဒေသများမှ လယ်ကွက်များကို မီးရှို့ရာမှ ထွက်ပေါ်လာသော မီးခိုးမြူများကြောင့် လေကြောင်းခရီးစဉ်များကိုလည်း မကြာခဏရပ်ဆိုင်းခြင်း၊ ရွှေ့ဆိုင်းခြင်းနှင့် လမ်းကြောင်းပြောင်းလဲခြင်းများ ဆောင်ရွက်ရလေ့ရှိကြောင်း သိရသည်။

၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်ထိ ဒိန်ပင်လေဆိပ်ကို အဆင့်မြှင့်တင်မှု မပြုလုပ်မီ နှစ်များအတွင်း နှစ်စဉ်ဧပြီလတွင် ဒိန်ပင်လေဆိပ်မှ ဝင်၊ထွက် လေယာဉ်ခရီးစဉ်ပျမ်းမျှ ၂၀ ခန့် ဖျက်သိမ်းမှုပြုလုပ်ရလေ့ရှိကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : AZH**

# အိန္ဒိယနိုင်ငံ နျူဒေလီမြို့၌ ယခုနှစ် မိုးရာသီတွင် မိုးခေါင်သည့်ပြဿနာ လျော့ကျသွားဖွယ်ရှိနေ

**နယူးဒေလီ မေ ၁၀**

အိန္ဒိယနိုင်ငံ နျူဒေလီမြို့တွင် အခြေစိုက်သည့် Skymet မိုးလေဝသ ညွှန်ကြားရေးအေဂျင်စီက ၂၀၂၄ ခုနှစ် မိုးရာသီတွင် ပုံမှန်အတိုင်း မိုးရွာသွန်းနိုင်ပြီး မိုးခေါင်သည့်ပြဿနာလျော့ကျသွားဖွယ်ရှိနေကြောင်း ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အိန္ဒိယနိုင်ငံသည် ဇွန်လမှ စက်တင်ဘာလအတွင်းကို မိုးရာသီကာလအဖြစ် သတ်မှတ်ထားပြီး မိုးခေါင်သည့်ပြဿနာဖြင့် ကာလရှည် ရင်ဆိုင်ခဲ့ရပြီးနောက် ၂၀၂၄ ခုနှစ်အတွင်း မိုးခေါင်သည့်ပြဿနာ လျော့ကျနိုင်ပြီး ပုံမှန်အတိုင်း မိုးရွာသွန်းဖွယ်ရှိနေကြောင်း၊ အိန္ဒိယနိုင်ငံ၏ စိုက်ပျိုးမြေထက်ဝက်ခန့်မှာ မိုးခေါင်မှုကြောင့် ရေအလုံအလောက် မရရှိသည့်အခြေအနေဖြင့် ရင်ဆိုင်နေရပြီး မိုးရာသီသီးနှံစိုက်ပျိုးမှုများမှာလည်း ရေရရှိမှုပေါ်မူတည်၍ အောင်မြင်ဖြစ်ထွန်းနိုင်သော အခြေအနေဖြစ်သည့်အတွက် လာမည့်မိုးရာသီကာလတွင် ပုံမှန်အတိုင်း မိုးရွာသွန်းပါက မိုးရာသီသီးနှံများ စိုက်ပျိုးမှုအတွက် များစွာအထောက်အကူဖြစ်လာစေနိုင်ကြောင်း မိုးလေဝသအေဂျင်စီ (Skymet) သတင်းများအရ သိရသည်။

"အယ်နီညိုရာသီဥတုကြောင့် မိုးခေါင်မှုတွေနဲ့ ရင်ဆိုင်ခဲ့ရသလို မိုးရာသီကာလမှာလဲ ပုံမှန်မဟုတ်တဲ့ မိုးရွာသွန်းမှုတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်။ ဒီနှစ်မှာတော့ မိုးရာသီကာလအတွင်း ပုံမှန်အတိုင်း မိုးရွာသွန်းဖွယ်ရှိနေပါတယ်။ အယ်နီညိုရာသီဥတုအကုန် လာနီညာရာသီအကူးသဘောမျိုးဖြစ်သွားမယ်။ ပုံမှန်အတိုင်း မိုးရွာသွန်းဖွယ်ရှိနေတဲ့နေရာတွေကတော့ တောင်ဘက်ပိုင်းဒေသတွေ၊ အနောက်ဘက်ပိုင်းဒေသတွေနဲ့ အနောက်မြောက်ဘက်ပိုင်းဒေသတွေ ဖြစ်ပါတယ်။ ပန်ဂျပ်ပြည်နယ်၊ ဟာယာနာပြည်နယ်၊ ရာဂျက်စတန်ပြည်နယ်တွေမှာ မိုးကောင်းနိုင်ပါတယ်"ဟု Skymet ၏ ညွှန်ကြားရေးမှူးဖြစ်သူ ဂျာတင်ဆင်းဟ်က ပြောကြားခဲ့သည်။

မိုးရာသီကာလအတွင်း ပုံမှန်အတိုင်း မိုးရွာသွန်းလာခဲ့ပါက ရေလှောင်တမံများနှင့် ဆည်များတွင် ရေသိုလှောင်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှု ပြုလုပ်သွားမည်ဖြစ်သကဲ့သို့ လယ်ယာစိုက်ခင်းများကို ဆည်မြောင်းရေပုံမှန်ပေးသွင်းနိုင်ရေးအတွက်လည်း ပြင်ဆင်နေကြောင်း အိန္ဒိယစိုက်ပျိုးရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

**Ref : Sputnik News**

**Trs : Sai Sat**

# ကိုလံဘီယာနိုင်ငံ ဘိုဂိုတာမြို့ရှိ ရေကာတာများတွင် ရေပမာဏကျဆင်းနေမှုကြောင့် သောက်သုံးရေကိုခွဲတမ်းဖြင့်သာ ပေးဝေသွားမည်

**ဘိုဂိုတာ မေ ၁၀**

ကိုလံဘီယာနိုင်ငံ ဘိုဂိုတာမြို့ အနီးရှိ ရေကာတာများ၌ ရေပမာဏကျဆင်းမှုကြောင့် သောက်သုံးရေကို ခွဲတမ်းဖြင့်သာ ပေးဝေသွားမည်ဖြစ်ကြောင်း ကိုလံဘီယာ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အယ်နီညိုရာသီဥတုဖြစ်ပေါ်မှုကြောင့် မိုးခေါင်ရေရှားသည့်ပြဿနာဖြင့် ရင်ဆိုင်နေရခြင်းဖြစ်ပြီး ရေကာတာများတွင် ရေပမာဏကျဆင်းနေသည့်အတွက် သောက်သုံးရေ ပြတ်လပ်မှုမဖြစ်ပေါ်စေရေးအတွက် ရေကိုခွဲတမ်းဖြင့် ပေးဝေသွားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ကိုလံဘီယာ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

သောက်သုံးရေကို ခွဲတမ်းဖြင့် ပေးဝေသွားမည့် နေရာများမှာ ၁၁ နေရာထိရှိပြီး ၎င်းနေရာများတွင် လူဦးရေ ကိုးသန်းထိ နေထိုင်လျက်ရှိကြောင်း၊ ဘိုဂိုတာမြို့အပါအဝင်



နေရာပေါင်း ၁၁ နေရာမှ ဒေသခံများအနေဖြင့် သောက်သုံးရေကို ကာလတစ်ခုထိ ခွဲတမ်းဖြင့်သာ အသုံးပြုရတော့မည်ဖြစ်ပြီး သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေးအတွက် ရေကိုချွေတာသုံးစွဲရန် ညွှန်ကြားချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။

ဘိုဂိုတာမြို့အနီးရှိ ရေကာတာများတွင် ရေပမာဏကျဆင်းမှုမှာ နှစ်ပေါင်း ၄၀ အတွင်း အနိမ့်ဆုံးအဆင့်သို့ရောက်ရှိနေပြီး ပုံမှန်ရေပေးဝေသည့်ပမာဏနှင့် နှိုင်းယှဉ်လျှင် နည်းပါးကြောင်း ကိုလံဘီယာ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

**Ref : Russia Today**

**Trs : Sai Sat**

# ဝေလနိုင်ငံ ကမ်းခြေဒေသများတွင် ရေကြီးရေလျှံမှုဖြစ်ပွားနေပြီး သွားရောက်အပန်းဖြေခြင်းများမပြုလုပ်ရန် ထုတ်ပြန်

**ကာဒစ် မေ ၁၀**

ဝေလနိုင်ငံ ကမ်းခြေဒေသများတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားနေပြီး သွားရောက်အပန်းဖြေခြင်းများ မပြုလုပ်ကြရန်နှင့် ကမ်းခြေဒေသရှိ ရေဘေးဒဏ်သင့်ဧရိယာများကို ဖြတ်သန်းသွားလာခြင်းမပြုလုပ်ရန် ဝေလအာဏာပိုင်အဖွဲ့အစည်းက သတိပေးချက် ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဝေလနိုင်ငံ ကမ်းခြေဒေသများတွင် ရေဘေးအန္တရာယ်သတိပေးချက်ထုတ်ပြန်ထားသည့် နေရာပေါင်း ၂၃ နေရာထိရှိနေပြီး ဝေလသဘာဝအရင်းအမြစ်အဖွဲ့အစည်းကလည်း ရေဘေးအန္တရာယ်နှင့်ပတ်သက်၍ သတိပေးချက်များ ထုတ်ပြန်ပေးလျက်ရှိကြောင်း၊ လေတိုက်နှုန်းလည်း မြင့်မားလျက်ရှိနေပြီး ကမ်းခြေဒေသများမှာ အန္တရာယ်ရှိသည့် အခြေအနေဖြစ်သည့်အတွက် ဧရိယာတချို့ကို ယာယီပိတ်ထားကြောင်း ဝေလအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ကမ်းခြေဒေသတွေမှာ ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်နေပြီးတော့ လေတိုက်နှုန်းတွေ မြင့်မားနေပါတယ်။ ရေကြီးရေလျှံမှုဟာ အန္တရာယ်ရှိတဲ့အတွက် ကမ်းခြေတွေမှာသွားရောက်အပန်းဖြေတာမျိုးမလုပ်ကြဖို့ တိုက်တွန်းအပ်ပါတယ်။ ရေကြီးရေလျှံမှုနဲ့ပတ်သက်ပြီး အန္တရာယ်ဇုန်တွေ သတ်မှတ်ထားပြီးတော့ အန္တရာယ်ဇုန်နဲ့ နီးကပ်စွာနေထိုင်တဲ့ ဒေသခံတွေကိုလဲ လိုအပ်လာရင် ဘေးလွတ်ရာရွှေ့ပြောင်းဖို့ ပြင်ဆင်ထားသင့်ပါတယ်။ ရေကြီးရေလျှံမှုကြောင့် အချို့သောဧရိယာနဲ့ လမ်းတွေကို ယာယီပိတ်ထားပါတယ်"ဟု ဝေလ သဘာဝအရင်းအမြစ်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ကမ်းခြေဒေသများဖြင့် နီးကပ်စွာ နေထိုင်သောဒေသခံများကိုလည်း ဘေးလွတ်ရာရွှေ့ပြောင်းရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန် သတိပေးချက်ထုတ်ပြန်ထားကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : Sai Sat**

## မီးဘေးအတွက်ကြိုတင် ပြင်ဆင်ရန်များ

၁။ မီးငြိမ်းသတ်ရန်ပစ္စည်းများ( မီးသတ်ဦးစီးဌာန၏ စံနှုန်းနှင့်ကိုက်ညီသော မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲအိတ်များ၊မီးသတ်ဆေးဘူးများ)အသင့်ထားရှိပါ။



၂။ မြို့၊ရပ်ကွက်၊ ကျေးရွာအလိုက် အပေါ့စားမီးသတ်စက်များ၊ မီးသတ်ရေကန်များ၊ မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ အသင့်ရှိစေရေး အတွက် ပူးပေါင်းပါဝင်ပါ။

၃။ မီးလောင်နေစဉ်တွင် ပြုမူနေထိုင်ရမည့် နည်းလမ်းများကို မိသားစုဝင်များအား အသိပေး လေ့ကျင့်ထားပါ။



# ရေစုန်နဲ့ရေဆန်

မာန်(စက်မှု)



(၁)

"မယ်ဆုံ ဘာလုပ်နေတာလဲ ထမင်းစားရအောင်"

အိမ်တံခါးဘက်မျှော်ကြည့်နေသည့် အမယ်ကြီးကို ဦးသာအိုးလှမ်းမေးသည်။ အချိန်ပဲလင့်တော့မည်။ သည်အမယ်ကြီး ယခုထိနေရာကနေမရွေ့။ သူမေးသံကြောင့် ခေါင်းလေးငဲ့၍ မှုန်သီနေသောမျက်လုံးတို့ဖြင့် မော့ကြည့်လေသည်။

"တော် ကိုသာအိုး။ တော့် သားနဲ့သမီး ပြန်လာမလားလို့ပါ။ မငွေတို့ဆီ မနေ့က သူ့သမီးတွေလာကန်တော့ကြတယ်ဆိုပဲ"

"မင်းကွာ။ ကလေးတွေ ပြေလည်မှန်းမသိ မပြေလည်မှန်းမသိ မျှော်ကိုးမနေပါနဲ့ကွာ"

"တော့်နှယ် ပြောရက်ပုံ။ ကျုပ် လိုချင်လို့မျှော်နေတာမဟုတ်ဘူး။ ကျုပ် လွမ်းလို့ပါတော်ရယ်။ မနှစ်ကလဲ မလာကြဘူးလေ။ တစ်နှစ်နေလို့မှ တစ်ခါမတွေ့ရတာ ကျုပ် သတိရနေတာ လွန်သလားတော်"

မယ်ဆုံ၏ စကားကြောင့် ဦးသာအိုးသက်မချသည်။ အမယ်ကြီးပြောတာလည်း မမှားဘူးလေ။ သူတို့မှာတစ်နှစ်တစ်ခါ အခါကြီးရက်ကြီးပိတ်ရက်လေးများရောက်ရင် မျှော်မိရတာ အမောပင်။ ဟိုယခင်ကာလက တစ်နှစ်တစ်ခါလာကြသော်လည်း ယခုမလာဖြစ်ကြတာသုံးလေးနှစ်ပင်မကတော့ပေ။ သည်အိုကြီးအိုမ မိဘများကို မေ့ထားလေရော့သလား။ သားသမီးများက မေ့ရက်ကြသော်လည်း မိဘများ ရင်ထဲကလွမ်းဆွတ်မှုက တစ်နေ့မှမပြတ်ပေ။

"ကဲပါကွာ မျှော်မနေပါနဲ့ လာရင်ရောက်လာမှာပေါ့ကွာ။ စားစရာရှိတာ လာစားစမ်းပါ။ အချိန်လွန်ရင်လေအောင့်နေမှ ခံနေရမယ်"

ဒေါ်မယ်ဆုံ နေရာက မထချင် ထချင် ထသည်။ ထမင်းပွဲမှာ ဝင်ထိုင်ပြီး-

"မငွေသမီးကလေ အမေကြီးဖို့ဆိုပြီး သူ့အမေကြိုက်တတ်တာတွေနဲ့ လာကန်တော့တာ။ မငွေတို့များ ကြွားမဆုံးဘူးတော်"

"မင်းကွာ မမျှော်ဘူးဆို"

"မလိုချင်ပါဘူး အဘိုးကြီးရယ်။ ဒါပေမဲ့ ကျုပ်လဲ ကြွားချင်တာပေါ့တော်။ အင်း ဒါတွေက အဓိကမဟုတ်ပါဘူး။ ကျုပ် ကလေးတွေကို တွေ့ချင်တာက အဓိကပါ"

ဦးသာအိုးက ခေါင်းလေးခါကာ ထမင်းပန်းကန်ထဲ ထမင်းထည့်ပေးပြီး-

"ကဲ စားပါကွာ။ ပြောလို့ ပြောတာမဟုတ်ဘူး ငါလဲ လွမ်းပါတယ်"

လင်မယားနှစ်ယောက် ထမင်းကိုယ်စီစားနေကြသော်လည်း စိတ်က သားသမီးများဆီမှာ ရောက်နေကြသည်။ အရွယ်ရောက် အတောင်အလက်စုံတော့ ကိုယ်စီအိမ်ထောင်ကျကာ မိဘရင်ခွင်ကနေ ခွဲထွက်သွားကြလေသည်။ ဘဝရေဆန်ကို ကိုယ်စီကူးခပ်နေကြရင်းက ယခင်ကတော့ မိဘများဆီ လာကြသေးသည်။ သူတို့လည်း သူတို့ဘဝနှင့်သူတို့ ရုန်းကန်ကြရတော့ အဖေ၊ အမေကို ပြန်မကြည့်နိုင်ကြပေ။ ယခုများတော့ ပြန်ကြည့်ဖို့နေနေသာသာ တစ်နှစ်တစ်ခါတောင် လာဖို့မသေချာကြတော့။

ဒေါ်မယ်ဆုံ ထမင်းကို တစ်ဝက်တစ်ပျက်နှင့်ထားကာ လက်ဆေးပြီး ထသွားသည်။ ဦးသာအိုးက အမယ်ကြီးကိုကြည့်ပြီး ပင့်သက်ချသည်။ သူလည်း ထမင်းစားမဝင်။ အမယ်ကြီးက ဒီနှစ်ထဲ ကျန်းမာရေးမကောင်းတော့ သားသမီးများကို ပိုတမ်းတပုံပင်။ အမယ်ကြီး၏ ထမင်းပန်းကန်ကို ကောက်သိမ်းပြီး ထမင်းဝိုင်းကို သိမ်းသည်။ လုပ်စရာရှိတာများလုပ်ပြီး အိမ်ရှေ့ထွက်ကာ-

"မယ်ဆုံ ငါသွားအုံးမယ်"

"ညနေ စောစောပြန်လာနော်"

"အေးပါ မယ်ဆုံရယ်"

သူလွယ်နေကျ လွယ်အိတ်ကလေး ကောက်လွယ်ကာ ထီးစုတ်လေးချိုင်းကြားညှပ်ပြီး မြို့ထဲထွက်လာသည်။ တစ်လမ်းဝင် တစ်လမ်းထွက်ကာ ဝမ်းရေးအတွက် ကြိုးစားရဦးမည်။

"မီးခြစ်တွေ ဂက်ဖြည့်တယ်။ ဂက်တွေဖြည့်တယ်နော်"

ဦးသာအိုး၏ မတိုးမကျယ်အသံလေးက လမ်းလေးထက် ပျံ့လွင့်သွားသည်။ ရော်ဘာဖိနပ်လေးစီး၍ ခြေထောက်များ တောင့်တင်းမတတ်သွားလာရပေဦးမည်။ တရုတ်မီးခြစ်များပေါ်များလာတော့ အရင်ကလို ဂက်ဖြည့်တာ အလုပ်မဖြစ်ပေ။ လွယ်လွယ်ကူကူပေါ်တဲ့ တရုတ်မီးခြစ်ပဲ ဝယ်သုံးကြသည်။ သူနှင့်အဘွားကြီးအတွက် ဝမ်းဝရုံ အဆင်ပြေသည်ပေါ့။

တစ်မြို့လုံး ခြေတိုအောင်သွားမှ အလွန်ဆုံးရလှငါးထောင်ရယ်ပါ။ မရသည့်နေ့များလည်း ရှိသည်။ အသက်ကြီးနေပြီမို့ အခြားအလုပ်လည်းမလုပ်နိုင်ပေ။ ရသည့်ပိုက်ဆံလေးနှင့် ချွေတာစားသောက်ရသည်။ တစ်ခါတလေ အေးအေးဆေးဆေးနေရသည့်ဘဝကို တမ်းတမိသည်။ စိတ်ကူးရုံအပြင် မတတ်နိုင်သည့်ဘဝများမို့ တမ်းတမိရုံလေးပင်။

(၂)

"ကိုသိန်းရေ ဒီနှစ်အမေတို့ဆီ သွားချင်တယ်တော်။ မသွားဖြစ်တာ သုံးနှစ်လောက်ရှိနေပြီ။ အမေတို့ ဒီအချိန်ဆို မျှော်နေမှာ"

အိမ်ရှေ့ဇာဒ်ပင်အောက်က ကွမ်းယာဆိုင်လေးမှာ ဝယ်သူကို ရောင်းပေးနေသည့် ကိုသိန်း။ ဆိုင်ဘေးရပ်ကာ စကားလာပြောသည့်ဇနီးကို-

"အေး သွားချင်တာပေါ့ဟ။ ဈေးမှရောင်းမကောင်းတာ။ သွားရင် ဘာဘာညာညာ ပေးချင်သေးတာ။ လက်ဗလာနဲ့ မသွားချင်ဘူးကွ"

မိစုက ဆိုင်ခုံဘေးနားကခုံတန်းမှာ ဘုတ်ခနဲထိုင်ချကာ-

"ဟုတ်ပ့ါတော်။ ဘာလုပ်လုပ်အဆင်မပြေတဲ့ ဒီလိုကာလမှာ ဘာလုပ်စားရမယ်မှန်းတောင်မသိတော့ဘူး။ အမေနဲ့အဖေလဲ အဆင်ပြေမှပြေရဲ့လား"

ကိုသိန်းက ဇနီးဖြစ်သူ၏စကားမကြားသလိုနေကာ ဘာမှပြန်မဖြေပေ။ ကိုသိန်းက မိဘမရှိသောသူမို့ ယောက္ခမကြီးများကို ကိုယ့်မိဘလိုသာ သဘောထားသည်။ ယခုလို သူ့ကို ကိုယ်မကူနိုင် ကိုယ့်ကို သူမကူနိုင်သော ကာလမျိုးမှာ အိုကြီးအိုမများကို ပစ်ထားမိသည့်အတွက် ရင်ထဲမကောင်းမိတာတော့ အမှန်ပင်။ သူ့ဇနီးဖြစ်သူမိစုကတော့ စိတ်ပျက်စွာငေးနေရာက အိမ်ဘက်သို့လှည့် ထွက်သွားသည်။

ကိုသိန်းက သည်ကျူးကျော်ရပ်ကွက်လေးတွင် ကိုယ်နိုင်သလောက် ဆိုင်ဖွင့်ခင်းကာ ကွမ်းယာရောင်းသည်။ မိစုက ဘေးနားမှာတဲထိုးကာ နံနက်ခင်းစာ မုန့်ဟင်းခါးရောင်းသည်။ ရရစားစား သမားများမို့ စားဖြစ်ရုံချက်ကာ ပေါပေါနှင့်ရောင်းရသည်။ သို့သော် ယခုတလော ရောင်းပြီး ဘာမှမကျန်ဘူးဆိုကာ မိစု မကြာခဏ ညည်းညူနေတာကြားရသည်။ ယခင်က တစ်ပွဲ၂၀၀တန် မိစုမုန့်ဟင်းခါးက ယခုဆို တစ်ပွဲ၅၀၀။ ဒါတောင်အမြတ်က စားရရုံကျန်သည်။ ယခင်က တစ်ပွဲ၂၀၀ရောင်းတုန်းကတောင် လူကပြေလည်ကာ စားစားသောက်သောက် နေနိုင်သေးသည်။ ယခုတစ်ပွဲ ၅၀၀ရောင်းတာတောင် အရင်းလောက်ပဲပြန်ရနေ၍ မိစုတစ်ယောက် ဈေးရောင်းပြီးတိုင်း ညည်းနေရသည်။

ကိုယ်တွေတင်လားဆိုတော့ မဟုတ်ပေ။ သူတို့လို လက်လုပ်လက်စား အခြေခံလူတန်းစားအကုန် ညည်းခြင်းများပြည့်နေ သည်။ တစ်နေ့က ကုန်ထမ်း ပြန်လာသည့် သာဂဒိုးလည်း အလုပ်အကိုင်မကောင်းကြောင်း ကွမ်းယာဝယ်ရင်း ညည်းညူသွားသည်။ ငါးစိမ်းသည် ဒေါ်ကြင်လည်း ဈေးအဝယ်မလိုက်၍ သူ့ငါးများကို ရေခဲပုံးဖြင့်ပြန် သယ်လာရသည်။

"ဒေါ်ကြင်ရေ ကျန်ပြန်ပြီလား ငါးတွေ"

"အေးဟေ့ လူတွေလဲ အစားတောင် စားကြသေးရဲ့လား။ ငါလဲ ဒီပုံနဲ့အရင်းပြုတ်တော့မယ်"

"ရွှေတွေ တံတောင်ဆစ်လောက်ထိတက်ပြီး ညည်းနေ ဒေါ်ကြင်"

သူ၏ စကားကြောင့် ဒေါ်ကြင်က သူ့ဆိုင်ဘက်ကို အသာလေးလာကာ သူ့နားကပ်၍ တိုးတိုးပြောသည်။

"အတုတွေဟဲ့ မောင်သိန်းရဲ့။ ဈေးထဲကဟာတွေက ရွှေမမြင်ရင် အထင်သေးချင်ကြတာ။ အဓိကကြက်သားသည်မ မိလွှမ်းပေါ့။ နင်ကော အရောင်းအဝယ်ကောင်းလား"

"အခြေအနေအရ ထုံးစံအတိုင်းပေါ့ ဒေါ်ကြင်"

ဒေါ်ကြင်အမေးကို ခေါင်းခါကာ သူပြန်ဖြေသည်။ ဒေါ်ကြင်ပြောသွားတာလေးကို သဘောကျပြီး ကိုသိန်းပြုံးမိသည်။ သူတို့ချင်း ဂုဏ်တုဂုဏ်ပြိုင်များကလည်း ဈေးထဲမှာရှိကြသည်ကိုး။ လူ့သဘောလူ့မနောတွေပေါ့။ ထိုအချိန် ဇနီးဖြစ်သူ မိစုက သူ့နားလာကာ-

"ကိုသိန်း"

"အေး ပြော"

"ကျုပ်တို့ ရှိရှိ၊ မရှိရှိ တစ်ရက်တစ်ထောင် ဒီအရှပ်စုဘူးလေးထဲ စုရအောင်။ အရှပ်လေးထဲ ပိုက်ဆံပြည့်ရင် အမေနဲ့အဖေဆီ သွားကြမယ်။ ဘယ်နေ့ဖြစ်ဖြစ်တော်"

ကိုသိန်းက မိစုကိုကြည့်ကာ-

"အေး တစ်နေ့တစ်ထောင်ပဲဟာ ဒီတိုင်းနေလဲ ကုန်ကုန်သွားတာ စုကြတာပေါ့"

ပြောရင်း ဆိုင်ခုံအံဆွဲကိုဖွင့်ကာ တစ်ထောင်တန် တစ်ရွက်ကမ်းပေးလိုက်သည်။ မိစုက လှမ်းယူကာ အရှပ်ခေါင်းက အပေါက်လေးထဲ တစ်ထောင်တန်ကို ခေါက်ထည့်လိုက်သည်။ သူ့မျက်ဝန်းထဲမျှော်လင့်ချက် အရောင်လေးများ လင်းဖြာနေသည်။ မိအိုဖအို တို့ဆီသွားနိုင်မည့်နေ့ကို စိတ်ကူးနှင့်ရှူးကာ ပျော်နေမိသည်။

သည်လိုနှင့် တစ်နေ့တစ်နေ့ စုလာခဲ့ကြတာ စုဘူးပြည့်လုနီးပါးသို့ ရောက်လာသည်။

(၃)

"မေမေ သမီးဗိုက်နာတယ်"

အိပ်နေသော မိစု သမီးလေး၏ငိုသံဖြင့် လူပ်နှိုးမှုကြောင့် နိုးလာခဲ့သည်။ ဗိုက်နာတယ် ဟု ညည်းကာငိုနေသော သမီးကို-

"ဗိုက်နာရင် အိမ်သာသွားပေါ့ သမီးရယ်"

"အိမ်သာ သွားတာလေးခါရှိပြီ။ သမီး မသွားနိုင်တော့ဘူး မေမေ"

"ဟင်"

မိစု လူးလဲထကာ သမီးကိုကြည့်သည်။ ဘေးနားမှာ ဗိုက်ကလေးနှိပ်ကာ ခွေခွေလေးအိပ်နေသောသမီးကိုမြင်လိုက်ရသည်။ နာကျင်မှုကြောင့် မျက်နှာလေးက မဲ့နေသည်။ အချိန်ကလည်း ညဉ့်နက်သန်းခေါင်မို့ ဆေးခန်းများလည်း ပိတ်ပြီ။ အိပ်နေသော ခင်ပွန်းဖြစ်သူကိုနှိုးကာ-

"ကိုသိန်းရေ ထအုံး။ သမီးလေး ဝမ်းပျက်တယ်ထင်တယ်"

ကိုသိန်း အိပ်မှုန်စုံမွှားနဲ့ လူးလဲကာထလာသည်။ သူတို့သမီးငယ်လေး မှာတော့ နာကျင်မှုနှင့်အတူ အားပျက်ကာ အိပ်ရာထက်မှာ ရှုံ့မဲ့ကာငြိမ်ငြိမ်လေး နေရှာသည်။ ဝက်သားနှင့် သစ်တိုသီးချက်ကို ဟင်းကောင်း မစားရတာကြာပြီဖြစ်တဲ့ သမီးလေးက အားရပါးရစားသောက်ခဲ့သည်။ ယခုတော့ ဝမ်းပျက်ခြင်းကိုခံစားနေရရှာသည်။ သမီးလေးဖြစ်နေတာကိုကြည့်ပြီး ရင်ထဲမခံစားနိုင်ဖြစ်ကာ-

စာမျက်နှာ ၂၅သို့ ➤

# ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မတ်ပဲ ၁၀၃၉ ဧက ရိတ်သိမ်းပြီးစီး



**ကသာ မေ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မတ်ပဲ ၁၀၃၉ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မတ်ပဲစိုက်ခင်းများကို ယခုနှစ်ဖေဖော်ဝါရီလမှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၀၃၉ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ တစ်ဧကလျှင် ၁၈ ဒသမ ၄၇ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"ကသာခရိုင်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ မတ်ပဲ ၁၀၃၉ ဧက စိုက်ပျိုးနိုင်ခဲ့တယ်။ အခုလက်ရှိအချိန်မှာလဲ ဧကအားလုံးရိတ်သိမ်းပြီးပါပြီ။ အထွက်နှုန်းအနေနဲ့လဲကောင်းမွန်ကြပါတယ်။မတ်ပဲစိုက်ပျိုးရာမှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းတွေကိုလဲ မြေပြင်ထိကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြသည်။

ကသာခရိုင်တွင်မြို့နယ်အလိုက် မတ်ပဲ ရိတ်သိမ်းပြီးစီးမှုအနေဖြင့် ကသာမြို့နယ်တွင် ၃၉ ဧက နှင့် ထီးချိုင့်မြို့နယ်တွင် ဧက ၁၀၀၀ စုစုပေါင်း ၁၀၃၉ဧက ဖြစ်ကြောင်း သိရသည်။

ကသာခရိုင်တွင် မတ်ပဲစိုက်တောင်သူများအနေဖြင့် အထွက်နှုန်းကောင်းမွန်စေရန်၊ ပိုးမွှားရောဂါ ကင်းရှင်းစေရန်အတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ရိတ်သိမ်းချိန်ထိ တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးထံမှ သိရသည်။

(၂၀၆)

➤ စာမျက်နှာ ၂၄ မှအဆက်

"ဒီအချိန် ဆေးခန်းလဲမရှိတော့ဘူးမိန်းမ။ နွှင်းသွားလော့်ကွာ။ ရေဖျော်ပြီးတိုက်ရအောင်"

မိစု ကိုသိန်းပြောတာနှင့် နေရာကနေထကာ နောက်ဖေးဘက်ထွက်သွားသည်။ ခဏနေတော့ နွှင်းပန်းကန်လေးကိုင်ပြီး ပြန်ရောက်လာသည်။ ဇွန်းလေးထဲ နွှင်းထည့်၊ ရေထည့် သမီးပါးစပ်ထဲထည့်ပေးကာ ရေကျက်အေးလေးတိုက်သည်။ သမီးလေးက အတော်ဖျော့တော့နေပေပြီ။ အချိန်က ကုန်ခဲ့သည်ထင်သည်။ နေမြန်မြန်ထွက်ကာ နံနက်ရောက်ချင်လှပြီ။ နွှင်းသောက်ပြီး ခဏကြာ သမီးလေးအန်ပြန်သည်။ သူ သမီးကိုကြည့်ပြီး မခံစားနိုင်တော့ပေ။ ဘာလုပ်လို့ လုပ်ပေးရမှန်းလည်းမသိ။ အသက်ခုနစ်နှစ်သာသာကလေးအရွယ်မို့ ယခုလိုဖြစ်တော့ နုန်းခွေပျော့ဖတ်နေတော့သည်။ ကိုသိန်းက သမီးကိုကြည့်ကာ

"မိန်းမရေ ဆေးခန်းစောင့်မနေနဲ့တော့။ ဆေးရုံပဲ တင်ရအောင်။ အစ်ကို ကားအကူအညီသွားတောင်းကြည့်မယ်"

"ဘယ်သူ့ သွားတောင်းမလို့လဲ"

"သုံးဘီးမောင်းတဲ့ ကိုကံမောင်ဆီပဲ ပြေးရမှာပေါ့။ တောင်းစရာ သူပဲရှိတာကိုး"

မိစု မျက်ရည်များနှင့် ခေါင်းညိတ်ပြသည်။ ဆေးရုံသွားရန် ပိုက်ဆံလိုသည်။ လက်ထဲအပိုအလျှံက မရှိပေ။ မျက်လုံးက မိဘများဆီသွားရန်စုထားသော စုဘူးအရှပ်ဆီ ရောက်သွားသည်။ သမီးကိုအသာချကာ အရှပ်ကိုယူပြီး ဓားဖြင့်ခွဲချလိုက်သည်။ အရှပ်ထဲကထွက်လာသည့် ပိုက်ဆံများကို ကြွပ်ကြွပ်အိတ်တစ်လုံးထဲ စုထည့်လိုက်သည်။ ရေတွက်မနေတော့။ ထိုအချိန် ကိုသိန်းသုံးဘီးငှားပြီး ပြန်ရောက်လာသည်။ မိစုနေရာကထကာ ဆေးရုံသွားရန် လိုတာထည့်သည်။ ပစ္စည်းစုံတော့ လင်မယားနှစ်ယောက် သမီးကိုပွေ့ကာ သုံးဘီးဖြင့် ဆေးရုံလာခဲ့သည်။ ဆေးရုံရောက်သည်နှင့် ဆရာဝန်များက ဖြစ်စဉ်ကိုမေးကာ ကုသမှုများအမြန်လုပ်ကြသည်။ ဓာတ်ဆားများချိတ်၊ ဆေးများသွင်းနှင့်အလုပ်များ ရှုပ်သွားကြသည်။

မိစုကတော့ မျက်လုံးမှိတ်ကာမှိန်းပြီး ပျော့ခွေနေသည့်သမီးကိုကြည့်ကာ မျက်ရည်မျက်ခွက်။ နည်းနည်းနောက်ကျရင် အသက်အန္တရာယ်ရှိတယ်ဆိုသည့်စကားကိုကြားချိန် သူ့ရင်ထဲ အလုံးကြီးဆို့မတတ်ပင်။ ကံကောင်းလို့ပါလား။ ဆုံးဖြတ်ချက်မှန်သွားလို့ပေါ့။ စိတ်ချရပြီဆိုမှ သူတို့လင်မယား သက်ပြင်းချနိုင်တော့သည်။ ဆေးများသွင်း၊ ဓာတ်ဆားများချိတ်နှင့်ဆိုတော့ အားပြန်ပြည့်လာတာမို့ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေသည့်သမီးကိုကြည့်ပြီး မိစုက-

"ကိုသိန်း ကျုပ်အိမ်တစ်ချက်ပြန် စားစရာတွေချက်မယ်။ သမီးကိုတော် စောင့်နေလိုက်"

"အေး အေး မြန်မြန်သွား"

သူ့လက်ထဲက ပိုက်ဆံထည့်ထားသည့်ကြွပ်ကြွပ်အိတ်ကိုဖွင့်ပြီး ပိုက်ဆံတချို့ယူကာ ကိုသိန်းကို ကမ်းပေးတော့ ကိုသိန်းက သူ့ကိုနားမလည်စွာကြည့်သည်။

"စုဘူးထဲက ပိုက်ဆံ ဆေးရုံလာဖို့ မရှိလို့ခွဲလိုက်ပြီ"

"ဟာကွာ"

ထိုစကားလေးသာ ခပ်တိုးတိုးဆိုပြီး ဘာမှမပြောတော့ဘဲလှမ်းယူသည်။ သူ ဆေးရုံအပြင်ဘက် ခပ်သွက်သွက်ထွက်လာကာ ထိုးရပ်လာသော လိုင်းကားပေါ်ကိုတက်ပြီး နေထိုင်ရာ ကျုံးအရပ်လေးသို့ ပြန်လာခဲ့သည်။သူ့အိမ်ရှေ့ရောက်ချိန် အိမ်ရှေ့မှာရပ်နေသည့် လူရိပ်ကြောင့်-

"ဘယ်သူလဲဟင်"

သူ့အသံကြားပြီး လှည့်ကြည့်လာတဲ့ ထိုသူနှစ်ဦးကိုတွေ့မြင်ချိန်-

"ဟင် ဖေဖေနဲ့မေမေ ဘယ်လိုရောက်လာကြတာလဲ"

"ဘယ်သွားနေတာလဲ သမီးရယ်။ အမေတို့ရောက်နေတာကြာပြီ"

မိခင်အမေးကြောင့် သူ စိုးနေသည့်မျက်ရည်ကိုသုတ်ကာ-

"အမေ့မြေး ညကဝမ်းသွားလို့ ဆေးရုံတင်လိုက်ရတယ် အမေ"

အဘိုးကြီးနဲ့အဘွားကြီးတွေ မျက်နှာထက်တွင် စိုးရိမ်မှုများလွှမ်းသွားသည်။

"ဟင် ခု ဘယ်လိုနေသေးလဲ"

"ခု သက်သာနေပါပြီ။ အဲဒါကြောင့် သမီး စားဖို့သောက်ဖို့လာပြန်လုပ်တာ။ မေမေတို့က ဘယ်လိုရောက်လာကြတာလဲ"

စကားပြောရင်း သူ့အိမ်တံခါးကို မိစုဖွင့်သည်။ ဒေါ်မယ်ဆုံက-

"သမီးရယ် ညည်းတို့မလာတာ ဘယ်လောက်ကြာပြီလဲ။ ညည်းတို့က နေစိမ့်ပေမဲ့ မနေစိမ့်တဲ့ ငါတို့မိဘတွေ လာရတာပေါ့အေ"

ပြောလဲပြော အထုပ်တွေဆွဲပြီး သမီးနောက်ကနေ လိုက်ဝင်သည်။ မိစု အိမ်တံခါးတွေဖွင့်ကာ-

"လာချင်တာပေါ့ အမေရယ်။ လာချင်လွန်းလို့ စုဘူးနဲ့တောင် ပိုက်ဆံစုခဲ့တာ။ အခုတော့စုထားတဲ့ပိုက်ဆံတွေလဲ ဆေးရုံစရိတ်ဖြစ်ကုန်ပြီ။ အမေတို့ကို သတိရတာပေါ့"

"လမ်းစရိတ်တောင် မရှိဘူးလားဟယ်"

"လမ်းစရိတ်ရယ် မဟုတ်ဘူး။ အမေတို့ကို ကန်တော့ချင်တာလဲပါတာပေါ့။ အခုတော့ အကုန်ဆေးရုံစရိတ်ဖြစ်ကုန်ပြီ။ အမေတို့ရောက်လာလို့သာ တွေ့ခွင့်ရတာ"

ပြောရင်း မိစုမျက်ရည်ဝဲကာ ဒေါ်မယ်ဆုံရင်ခွင်ထဲ ခေါင်းတိုးဝင်သည်။ ဒေါ်မယ်ဆုံ သမီးကိုသိမ်းဖက်ကာ မျက်ရည်စများကို လက်တံတောင်ဆစ်က အင်္ကျီစဖြင့်သုတ်သည်။ ဦးသာအိုးလည်း မိန်းမနှင့်သမီးကို မျက်ရည်ဝဲစွာ ကြည့်နေမိသည်။

"အခုရော အမေ့မြေး ဘယ်လိုနေသေးလဲသက်သာလား"

"သက်သာနေပါပြီ။ ဆေးရုံကတော့ ဘယ်အချိန်ဆင်းရမလဲ မသိဘူး"

ဒေါ်မယ်ဆုံ သူ့အင်္ကျီကိုလှန်တင်ကာ ခါးခြံအိတ်ကိုနှိုက်သည်။ ကျစ်နေအောင်လိပ်ထားသော သူ့ပိုက်ဆံများကို ဖြည်ကာရေတွက်နေသည်။ ထိုထဲက တစ်ချို့တဝက်ကို သမီးဖြစ်သူကို ကမ်းပေးပြီး-

"ငါ့မြေးအတွက် သုံးလိုက်။ ကျန်တာက ငါတို့လမ်းစရိတ်"

မိခင်ဆီက ပိုက်ဆံကိုတုန်ယင်သော လက်ဖြင့် မိစု ကမ်းယူသည်။ ရင်ထဲမှာလည်း ဝမ်းနည်းမှုက လှိုက်တက်လာသည်။ မိဘကိုပေးချင်စိတ်ဖြင့် တစ်နေ့ နည်းနည်းကြိုးစားစုသည်။ သားသမီးအရေးကြုံလာတော့ မိဘက နောက်ရောက်သွားသည်။ သားသမီးအတွက်သာ ဦးစားပေးမိတော့သည်။ မိဘအတွက်တွေးသော်လည်း မိဘကို ဦးစားမပေးနိုင်ဘဲ နောက်ဆုံး ကိုယ့်သားသမီးအတွက်သာ တွေးမိရသည်။ ရေစုန်နှင့်ရေဆန် ယှဉ်ပြိုင်ပိုလ်လုပွဲမှာ ရေစုန်သာ အနိုင်ရခဲ့သည်။ မိစု မိဘနှစ်ပါးကို မျက်ရည်များ အပြည့်နှင့်လှမ်းကြည့်ချိန် သားသမီးအတွက် ဖြည့်ဆည်းပေးရ၍ ကျေနပ်နေသည့် အမေနှင့် အဖေအပြုံးက ရင်ထဲသံမှိုနှက်သလို စွဲထင်နေတော့သည်။

## လတန်ခူးရှင်ပျော် ရေသဘင်ပွဲတော်

\- နှစ်ဟောင်းကုန်လို့ နှစ်သစ်ဝင်
ပြိဿရာသီခွင်
ထန်းခူးချိန်ပင် ခေါ်ဆိုကြ
ဖြစ်ပေါ်တန်ခူးလ။

\- ရာသီအလှ ပန်းတို့ဝေ
ပိတောက် ကံ့ကော်တွေ
သင်းပျံ့ထုံနေ ကြိုင်လှိုင်မွှေး
ဖူးပွင့် ပန်းကလေး။

\- ပျော်ရွှင်ကြသေး ဆင်ယင်နော်
ရေသဘင်ပွဲတော်
အညစ်ကြေးသော် ကင်းစင်ပ
သွန်းလောင်းပယ်ရှားကြ။

\- ဥပုသ်သီလ စောင့်ကြသည်
ရှာဦးကျောင်းစေတီ
ခေါင်းဆေးကြမည် အဘိုးဘွား
လူငယ်တို့ လုပ်အား။

\- ယဉ်ကျေးမှုထား သွန်းလောင်းပါ
သပြေပန်း နံ့သာ
ဆွတ်ဖျန်းကြကာ ပျော်ရွှင်နွဲ
အတာကူးပြောင်းပွဲ။

\- ခြိမ့်ခြိမ့်သဲသဲ ပျော်ပျော်ရွှင်
မြန်မာ့ထုံးတမ်းစဉ်
လေးစားချစ်ခင် မြတ်နိုးလို့
တန်ဖိုးထားကြစို့။ ။

**ဇင်မင်းစိုး(ဗိုလ်ကလေး)**

# စဉ့်ကူးမြို့နယ် တလိုင်းငုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စဉ့်ကူး မေ ၁၀**

မန္တလေးတိုင်းဒေသကြီးသပိတ်ကျင်းခရိုင် စဉ့်ကူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တလိုင်းငုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို မေ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်း၊ ဦးစီးအရာရှိ ဦးဇော်ထွန်းလင်း၊ စီမံကိန်းကျေးရွာ တာဝန်ခံနှင့် ဝန်ထမ်းများက တလိုင်းငုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းကော်မတီဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းစသည့် တစ်နိုင်တစ်ပိုင်ဝင်ငွေတိုးလုပ်ငန်းများ အမှန်တကယ်အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ငွေစာရင်းပုံစံများစနစ်တကျရေးသွင်းထားရှိမှု၊ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားမှု ရှိမရှိကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ် ဦးစီးမှူးက လုပ်ငန်းများနှင့်ပတ်သက်၍ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ တလိုင်းငုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းထံမှ သိရသည်။

**ချမ်းဦးကို**

# ရွှေသောင်ယံကမ်းခြေသို့ ပြီးခဲ့သည့်မတ်လအတွင်း ခရီးသွား ၃၀၅၅၅ ဦးထိ လာရောက်လည်ပတ်ခဲ့



**ပုသိမ် ဧပြီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့ရှိ ရွှေသောင်ယံကမ်းခြေသို့ ပြီးခဲ့သည့် မတ်လအတွင်း ခရီးသွား ၃၀၅၅၅ ဦးထိ လာရောက်လည်ပတ်ခဲ့ကြောင်း ရွှေသောင်ယံကမ်းခြေ ခရီးသွားလုပ်ငန်းအသင်းခရီးသွားတာဝန်ခံ ဒေါ်ချယ်ရီမြင့်က ပြောပြမှ သိရသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ခရီးသွားဒေသများတွင်တစ်ခုအပါအဝင်ဖြစ်သည့် ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့ရှိ ရွှေသောင်ယံကမ်းခြေသို့ ပြီးခဲ့သည့် ဖေဖော်ဝါရီလက ပြည်တွင်း၊ ပြည်ပခရီးသွား ၂၉၉၅၄ ဦးထိ လာရောက်လည်ပတ်ခဲ့ပြီး မတ် ၁ ရက်မှ ၃၁ ရက်ထိ ပြည်တွင်း၊ ပြည်ပခရီးသွား ၃၀၅၅၅ ဦးထိ လာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

"ရွှေသောင်ယံကမ်းခြေကို နွေရာသီကျောင်းပိတ်ရက် မတ်လအတွင်း ပြည်တွင်း၊ပြည်ပခရီးသွားတွေအလာများခဲ့ပါတယ်။ ကျောင်းဖွင့်ရက်တွေနဲ့ယှဉ်ရင် စနေနဲ့ တနင်္ဂနွေတွေ ကျောင်းပိတ်ရက်က လာရောက် လည်ပတ်တဲ့သူတွေ တော်တော်များခဲ့ပါတယ်။ လာတဲ့ခရီးသွားတွေက နေ့ချင်းပြန်လာတဲ့ ခရီးသွားတွေများတယ်။ ပြီးခဲ့တဲ့ မတ်လအတွင်း ရွှေသောင်ယံကမ်းခြေကိုလာတဲ့ခရီးသွားတွေထဲမှာ ပြည်တွင်းခရီးသွားတွေအပြင် ပြည်ပခရီးသွားတွေလဲ ပါလာခဲ့ပါတယ်" ဟု ရွှေသောင်ယံကမ်းခြေခရီးသွားလုပ်ငန်းအသင်း ခရီးသွားတာဝန်ခံ ဒေါ်ချယ်ရီမြင့်က ပြောပြသည်။

ရွှေသောင်ယံကမ်းခြေတွင် ရွှေသောင်ယံဟိုတယ်နှင့် Lai Lai ဟိုတယ်များအပါအဝင် ဟိုတယ်နှင့် တည်းခိုရိပ်သာ စုစုပေါင်း ၂၀ ကျော်ဖြင့် ကမ်းခြေသို့လာသည့် ခရီးသွားများကို ဝန်ဆောင်မှုပေးလျက်ရှိပြီး ကမ်းခြေတွင် ပင်လယ်စာအမျိုးမျိုး၊ လက်ဆောင်ပစ္စည်းအမျိုးမျိုး၊ စက်ဘီးငှားလုပ်ငန်း၊ မော်တော်ဘုတ်ငှားလုပ်ငန်း၊ မြင်းငှားလုပ်ငန်း စသည့်လုပ်ငန်းများဖြင့်လည်း ခရီးသွားများကိုဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# သာစည်မြို့နယ် ကြက်မောက်ကျေးရွာတွင် RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဧပြီ ၁၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကြက်မောက်ကျေးရွာတွင် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်ဝင်း၊ သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့် ဝန်ထမ်းများက ကြက်မောက်ကျေးရွာတွင် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) ရန်ပုံငွေကျပ် သန်း ၂၀ ဖြင့် ဆောင်ရွက်သော ဆိတ်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးခဲ့ပြီး မိတ္ထီလာခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကြက်မောက်ကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF)ဖြင့် ဆိတ်မွေးမြူရေးလုပ်ငန်းဆောင်ရွက်မည့် အဖွဲ့ နှစ်ဖွဲ့၊ အဖွဲ့ဝင် ဦးရေ ၂၀ ကို ရန်ပုံငွေကျပ် သန်း ၂၀ ထုတ်ချေးပေးထားကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက ပြောပြမှ သိရသည်။

**ဟိန်းထက်ခိုး(မလှိုင်)**


# တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေထောက်ပဲ ဧက ၅၂၂၀ ရိတ်သိမ်းပြီးစီး

**တမူး ဧပြီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောမြေထောက်ပဲဧက ၅၂၂၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း တမူးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေထောက်ပဲစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ဧက ၅၂၂၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၆ ဒသမ ၂၀ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ တမူးခရိုင်မှာ မြေထောက်ပဲ ဧက ၅၂၂၀ စိုက်ပျိုးခဲ့တယ်။ လက်ရှိ ဧကအားလုံး ရိတ်သိမ်းပြီးစီးနေပြီ။ ပဲအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာ ပေးတာ စတာတွေကို တောင်သူ



တွေနဲ့ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

တမူးခရိုင်တွင် မြို့နယ်အလိုက် မြေထောက်ပဲ ရိတ်သိမ်းပြီးစီးမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ၁၀၅၅ ဧက၊ တမူးမြို့နယ်တွင် ၃၀၅၅ ဧက၊ ခါမ်းပါတ်မြို့တွင် ဧက ၁၁၁၀ စုစုပေါင်း ဧက ၅၂၂၀ ဖြစ်ကြောင်း သိရသည်။

တမူးခရိုင်တွင် မြေထောက်ပဲ စိုက်ပျိုးတောင်သူများအနေဖြင့် မြေထောက်ပဲစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများကို စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)

# တွံတေးမြို့နယ် အောင်စေတီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရန်ကုန် ဧပြီ ၁၀**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် တွံတေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇီးဖြူကုန်းကျေးရွာအုပ်စု အောင်စေတီကျေးရွာ၌ ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တွံတေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယဉ်ယဉ်ဌေးက အောင်စေတီကျေးရွာရှိ ကျေးလက်နေပြည်သူများအလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး အောင်စေတီကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၄၄၀ ကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အောင်စေတီကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်မည့်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ဦးရေ ၉၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၄၄၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **မောင်ခိုင်**

# ကြံခင်းမြို့နယ် ကျေးရွာနှစ်ရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**ကြံခင်း ဧပြီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာနှစ်ရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြံခင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးနှင့် တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ရေငံကျေးရွာနှင့် အေးချမ်းမာလာကျေးရွာတို့တွင် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများဖြစ်သည့် ပန်းစိုက်ပျိုးရေးလုပ်ငန်းများ၊ နွား၊ ဝက်၊ ဆိတ်မွေးမြူရေး လုပ်ငန်းများ၏ ငွေစာရင်းပုံစံများ ဖြည့်သွင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

ကြံခင်းမြို့နယ် ရေငံကျေးရွာနှင့် အေးချမ်းမာလာကျေးရွာတို့တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို နှစ်ရွာတစ်ယူနစ်ဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၅ ဦးကို ငွေကျပ် ၂၆ ဒသမ ၂၃ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၆၀ ကို ငွေကျပ် ၂၆ ဒသမ ၈၂ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၁ ဒသမ ၉၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၉ ဦးကို ငွေကျပ် ၅၅ သန်းထုတ်ချေးပေးထားကြောင်း သိရသည်။ **သံသာ**



# သာယာကြည်နူး လတန်ခူး

**နုခန့်ယဉ်(ရစ်ကန်ကြီး)**



တန်ခူးလသည် မြန်မာဆယ့်နှစ်လ၏ ပထမဆုံးလဖြစ်သည်။ မြန်မာတို့၏နှစ်ဦးလလည်းဖြစ်သည်။ တန်ခူးလကို "တန်းခူးလ"ဟုလည်း ခေါ်ကြသည်။ တစ်ခါတစ်ရံ ပျို့ကဗျာတို့၌ "တာကူးလ"ဟုရေးသားကြသည်ကိုလည်းတွေ့ရသည်။ တာကူးလဟုရေးသားရခြင်းမှာ မိန်ရာသီမှ မိဿရာသီသို့ ကူးပြောင်းခြင်းဖြစ်သည်ဟု ဝေါဟာရလီနတ္ထဒီပနီကျမ်းရေးသားသူ လေ့သင်းအတွင်းဝန်မင်းကြီးက ဖော်ပြခဲ့သည်။ ထိုဝေါဟာရကိုအခြေခံ၍ တာကူးမှ ကာလရွေ့လျားသည့်အခါ တန်ခူးလဟုခေါ်ဆိုခြင်းဟုလည်းဆိုကြသည်။

မြန်မာတို့အတွက် တန်ခူးလဟူသည့် ဝေါဟာရမှာ "ထန်းသီးခူးသည့်လ"ဟု အဓိပ္ပာယ်သက်ရောက်ပြီး သက္ကတဘာသာ "တာလ"မှ ဆင်းသက်သောအမည်ဖြစ်သည်။ တာကူးဆိုသည်မှာ အချိန်ရာသီ၊ နှစ်ဟောင်းမှနှစ်သစ်ကူးပြောင်းခြင်းဖြစ်၍ တန်ခူးဆိုသည်မှာမူ ထန်းပင်ထန်းခိုင်ဝေဆာချိန်"ထန်းခူးမှတန်ခူး"ဟုဖြစ်ပေါ်လာသည်ဟုဆိုသည်။ တန်ခူးလသည် အများအားဖြင့် ဧပြီလတွင်ကျရောက်သည်။ ကံ့ကော်ပန်းသည် တန်ခူးလ၏အထိမ်းအမှတ်ပန်းဖြစ်သည်။ ထို့ကြောင့် ဖိုးသူတော်ဦးမင်းက "ဟောင်းရွက်ညှာခါလှစ်လို့၊ တာသစ်ကဲ့နှံ့ကြိုင်။ သုတ်ဖြူးလေဆော်က၊ ပန်းကံ့ကော်ဝတ်မှုန်ကျင်း၊ သင်းတဲ့လှိုင်လှိုင်"ဟု ရေးဖွဲ့ခဲ့ခြင်းဖြစ်ပေမည်။

**တန်ခူးလ၏သာယာပုံ**

တန်ခူးလသည် မြန်မာလူမျိုးတို့အတွက် နှစ်ဟောင်းမှနှစ်သစ်သို့ကူးပြောင်းသောအချိန်ကာလ၊ တစ်နှစ်ဟူသောအချိန်ကာလကုန်ဆုံး၍ မြန်မာသက္ကရာဇ်တစ်နှစ်ကူးပြောင်းသောကာလဖြစ်သည်။ အတိတ်ဟောင်းတို့ကိုစွန့်၍ အသစ်အသစ်သော စိတ်ကူးအတွေးတို့ ဖော်ဆောင်ရမည့်အချိန်ကာလ၊ စိတ်ဟူသောသက်မဲ့သာမက သက်ရှိအရာများကိုပါ အညစ်အကြေးစွန့်ခွာရှင်းလင်းရသော အချိန်ကာလပင်ဖြစ်ပေသည်။ တန်ခူးလရောက်တော့မည်ဟူသောအသိစိတ်ကပင် မြန်မာပြည်သူ၊ ပြည်သားအားလုံး၏ စိတ်နှလုံးကိုရွှင်မြူးလန်းဆန်းစေသည်။

တန်ခူးလကို မြန်မာ့စွယ်စုံကျမ်းတွင် "စိတ္တကော၊ တန်ခူးလ၊ ရမ္မကော၊ တန်ခူးလ"ဟု ပြဆိုထားသည်။ အဓိပ္ပာယ်မှာ "အထူးထူးသော အသီး၊ အပွင့်၊ အခက်တို့ ဝေဝေဆာဆာပွင့်လန်းသောကြောင့် လူတို့၏စိတ်နှလုံးကိုရွှင်မြူးစေသည်"ဟုဆိုသည်။ တန်ခူးလသည် ပူပြင်းခြောက်သွေ့သည့် နွေရာသီကုန်လွန်၍ မိုးရာသီကူးပြောင်းမှုကိုကြိုဆိုသကဲ့သို့ရှိသည်။ တောင်လေတဖြူးဖြူး တိုက်ခတ်ချိန်တွင် မိုးရနံ့များ သင်းပျံ့သယောင်ရှိပေသည်။ သစ်ပင်ပန်းမန်တို့သည်လည်း ရွက်ဟောင်းကြွေ၍ ရွက်သစ်ဝေသကဲ့သို့ အဖူးအပွင့်ဝေဝေဆာဆာဖြင့် အတာကူးရန်အတွက် ပွင့်ဖူးဆင်နေသကဲ့သို့ရှိနေပေသည်။ မြေသင်းရနံ့နှင့်အတူ ပန်းမန်ရနံ့တို့ ရောယှက်သင်းပျံ့နေသည်ဟုပင် ထင်မြင်ရပေသည်။ မြန်မာနိုင်ငံအတွင်းရှိ ပြည်သူများလည်း အနားယူအပန်းဖြေသောကာလဖြစ်သည်။ တစ်နည်းအားဖြင့် တစ်နှစ်မှာတစ်ကြိမ် ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့အတွက် အားလပ်ရက်ဟု ဆိုရမည်ဖြစ်ပေသည်။

ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့သည် အားလပ်ရက်များတွင် ကုသိုလ်ဒါနဖြင့် ပျော်မွေ့တတ်ကြပေသည်။ နှစ်တစ်နှစ်ကုန်ဆုံးပြီဖြစ်၍ အညစ်အကြေးဟူသမျှ ကုသိုလ်ဒါနဖြင့်ဆေးကြောကြသည်။ ရှာဖွေစုဆောင်းထားသမျှဖြင့် ကုသိုလ်ဒါနပြုကြသည်။ ရှင်ပြု၊ နားသ၊ စတုဒိသာစသည်ဖြင့် အလှူဒါနများ ပြုကြသည်။ "မရှိလို့မလှူ၊ မလှူလို့မရှိ"မဖြစ်ရအောင် တတ်နိုင်သမျှ အလှူဒါနပြုကြသည်မှာ နှစ်ကူးတန်ခူးလ၏ ထူးခြားသော ပြယုဂ်တစ်ခုပင်ဖြစ်သည်။

**သင်္ကြန်ပွဲတော်**

မြန်မာလူမျိုးတို့အတွက် တန်ခူးလ၏အထင်ကရပွဲတော်မှာ သင်္ကြန်ပွဲတော်ပင်ဖြစ်သည်။ သင်္ကြန်ဟူသောဝေါဟာရသည် သင်္ကြန္တ ခေါ် သက္ကတဘာသာမှ သက်ဆင်းလာသောဝေါဟာရဖြစ်သည်။ သင်္ကြန္တဟူသည် ကူးပြောင်းခြင်းဟု အဓိပ္ပာယ်ရသည်။ တန်ခူးလသည် နှစ်ဟောင်းကုန်၍နှစ်သစ်ကူးသောလ၊ သင်္ကြန်ရေဖြင့် အေးမြစေသောလ၊ တစ်နှစ်တာအညစ်အကြေးဟူသမျှကို သင်္ကြန်ရေဖြင့်ဆေးကြောသော အချိန်ကာလပင်ဖြစ်သည်။ ရှေးမြန်မာတို့သည် တန်ခူးလရောက်လျှင် မြန်မာနှစ်ဆန်းတစ်ရက်နေ့ မရောက်မီ အချိန်ကာလထိ မိမိတို့အိမ်ခြံဝင်း၊ မိမိတို့၏အသုံးအဆောင်ပစ္စည်းဟူသမျှကို အညစ်အကြေးကင်းစင်အောင် ဆေးကြောလျှော်ဖွပ်ကြသည်။ နှစ်ဟောင်းမှအညစ်အကြေးကို နှစ်သစ်သို့သယ်ဆောင်ယူခြင်းမပြုဟူသော ကောင်းမြတ်သည့်ဓလေ့ဖြစ်ပေသည်။ ယခုအခါ ဓလေ့ရိုးရာများ ပျောက်ကွယ်လုနီးပါးဖြစ်နေပေသည်။ လတန်ခူး၏ထူးခြားသည့် ဓလေ့ရိုးရာကို ကြိုးစားထိန်းသိမ်းကြစေချင်သည်။

မြန်မာလူမျိုးတို့သည် တန်ခူးလရောက်လျှင် သင်္ကြန်ရေပက်ဖျန်း၍ ရေကစားကြသည်။ သင်္ကြန်ရေပက်ဖျန်းခြင်းကို ပျော်ပွဲရွှင်ပွဲဟုသာ ထင်မှတ်နေကြသည်။ ရေပက်ဖျန်းခြင်းဆိုသည်မှာ ရေ၏အေးမြကြည်လင်သောဓာတ်ကိုအကြောင်းပြု၍ မေတ္တာအကြည်ဓာတ်ပေးခြင်းဟု အဓိပ္ပာယ်ရပေသည်။ ထိုမေတ္တာရေကိုပင် အမွှမ်းတင်၍ အောင်မြင်စေကြောင်း ရည်ညွှန်းလျက် သပြေခက်နှင့်ပက်ဖျန်းကြသည်။ သင်းပျံ့သောရနံ့နှင့်ပြည့်စုံပါစေ ဆုမွန်ခြွေလျက် သင်္ကြန်ရေထဲတွင် အမွှေးနံ့သာများထည့်၍ ပက်ဖျန်းကြသည်။ ကျက်သရေမင်္ဂလာတိုးပွားစေရန် အလို့ငှာ ငွေဖလားဖြင့် ပက်ဖျန်းကြသည်။

ပုဂံခေတ်မြန်မာသက္ကရာဇ် ၆၅၃(ခရစ်နှစ် ၁၂၉၁)တွင်ရေးထိုးခဲ့သော စောလှဝန်းဘုရားကျောက်စာ၌ "မိဖုန်၊ သင်္ကြန်၊ စာရိယ်၊ ညောင်ရိယ်သွန်း၊ မပြတ်စိန်လျင်တည်၏"ဟု ရာသီပွဲတော်ဝေါဟာရများကိုဖော်ပြထားသောကြောင့် ထေရဝါဒသာသနာထွန်းကားသော ပုဂံခေတ်ကပင် သင်္ကြန်ပွဲတော်များကျင်းပခဲ့သည်ကို သိရှိနိုင်သည်။ ဗုဒ္ဓကျမ်းတွင် နှစ်ကူးသောအချိန်ကာလတွင် ကပွိုလဝတ်ပြည့်၌နေထိုင်ကြသည့် သာကီဝင်မင်းတို့သည် နှလုံးပျော်မွေ့လျက် ဒေဝဒဟရေအိုင်တွင် ပျော်မြူးစွာရေကစားကြသည်ကို ဖော်ပြထားသည်။ မြန်မာလူမျိုးတို့၏ ယဉ်ကျေးစွာ ရေပက်ဖျန်းကြပုံ၊ မေတ္တာအရင်းခံလျက် သန့်စင်စွာရေကစားကြသည်မှာ အံ့သြဖွယ်ကောင်းလှကြောင်း ထူးခြားစွာမှတ်တမ်းတင်ထားကြသည်ကို လေ့လာသိရှိနိုင်သည်။ တန်ခူးလ၌သာ ကျင်းပလေ့ရှိသောမြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကို လက်ဆင့်ကမ်းအမွေအဖြစ် ဆက်လက်ထိန်းသိမ်း၍ ယဉ်ကျေးသိမ်မွေ့စွာ အတာရေပက်ဖျန်းကြရပေမည်။

သင်္ကြန်ပွဲတော်သည် လူငယ်လူရွယ်များအတွက် မေတ္တာရေပက်ဖျန်းသည့်ပွဲတော်ဖြစ်သကဲ့သို့ အမိအဖ ဘိုးဘွားများအတွက်လည်း ရေကန်တော့ပွဲပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သင်္ကြန်ပွဲတော်ကာလအတွင်း၌ လူငယ်လူရွယ်များသည် သက်ကြီးပူဇော်ပွဲများကျင်းပ၍ အဘိုးအဘွား၊ အမိအဖတို့ကို ခေါင်းလျှော်ပေးခြင်း၊ ခြေသည်းလက်သည်းညှပ်ပေးခြင်း၊ ရေချိုးသန့်စင်ပေးခြင်းတို့ကို ပြုလုပ်ပေးကြသည်။ ထို့ပြင် ကျေးလက်ဒေသများ၌ အဘိုးအဘွားများရှိသောနေအိမ်များသို့ လူငယ်များက သောက်သုံးရေများလှူဒါန်းခြင်းကို မြန်မာ့ရိုးရာဓလေ့ကုသိုလ်အဖြစ် ယနေ့တိုင်ပြုလုပ်နေဆဲပင်ဖြစ်သည်။ ထို့ကြောင့် သင်္ကြန်ပွဲတော်သည် ရေကန်တော့ပွဲတစ်ခုပင်ဖြစ်သည်။ မြန်မာပြည်သူ၊ ပြည်သားများ တစ်ယောက်မကျန် မေတ္တာရေချမ်းပက်ဖျန်းသည်ဟူသောအသွင်ကို ကုသိုလ်တရားဖြင့်ဆင်ခြင်၍ ဆောင်ရွက်ကြခြင်းပင်ဖြစ်သည်။

**သာယာကြည်နူး လတန်ခူး**

အတာကူးသည့်တန်ခူးလသည် ထူးမြတ်သည့်မင်္ဂလာအပေါင်းနှင့်လည်းပြည့်စုံပေသည်။ အတာသင်္ကြန်ရက်မြတ်မင်္ဂလာအဖြစ် ငါးရက် သို့မဟုတ် ခြောက်ရက်သတ်မှတ်ပေးထားသည်။ ပြည်သူပိုင်ရုံးပိတ်ရက်အဖြစ်လည်း ၁၀ ရက်သတ်မှတ်ပေးထားသည်။ ထိုရက်မြတ်များတွင် မြန်မာပြည်သူ၊ ပြည်သားတို့သည် ကျောင်းကန်ဘုရားများ၌ သန့်ရှင်းရေးပြုလုပ်ခြင်း၊ ဘုရားဆင်းတုတော်များကို ရေသပ္ပာယ်ခြင်း၊ အလှူပွဲများကျင်းပခြင်းများ ပြုလုပ်ကြသည်။ အချို့သော လူပုဂ္ဂိုလ်တို့သည် သီတင်းသီလဆောက်တည်၍ ဝိပဿနာတရားများ ပွားများအားထုတ်ကြသည်။ ကောင်းမြတ်သောအကျင့်သီလတို့ဖြင့် စိတ်ကိုထိန်းချုပ်၍ မကောင်းသောအကျင့်အကြံများကို နောက်တစ်နှစ်ထိ မယူဆောင်ဘဲ စိတ်ကိုဆေးကြောကြခြင်းပင်ဖြစ်သည်။

အတာကူးသည့်အခါသမယသည် မင်္ဂလာရှိသောအချိန်ကာလဖြစ်သည်ဟု ရှေးလူကြီးများဆိုစမှတ်ပြုကြသည်။ မင်္ဂလာရှိသော အချိန်ကာလဖြစ်၍ သိကြားမင်းသည် လူ့ပြည်သို့ဆင်းသက်လာသည်ဟု ဆိုကြသည်။ မကောင်းမှုမှန်သမျှကို ရှောင်ကြဉ်၍ ကောင်းမှုများစွာပြုလုပ်ကြရန်အတွက် ရှေးလူကြီးများအဆိုပြုခဲ့ခြင်းပင် ဖြစ်ပေလိမ့်မည်။ ရှေးအစဉ်အလာများကိုလက်ခံယုံကြည်၍ ယနေ့ထိတိုင် မဟာသင်္ကြန်စာကိုဖတ်ရှုပြီး ကောင်းကျိုးလိုရာဟူသမျှ ဆောင်ရွက်လေ့ရှိကြသည့် မြန်မာ့ဓလေ့မှာလည်း ချစ်မြတ်နိုးဖွယ်ရာကောင်းလွန်းပါပေသည်။

တန်ခူးလသည် အလှလည်းထူးပါပေသည်။ လေပြည်လေညင်းနှင့်အတူ မြေသင်းရနံ့သည် စိတ်ကိုအေးမြစေသည်။ သင်္ကြန်မိုး၏သွန်းဖြိုးမှုကြောင့် ရွှေစင်ပိတောက်တို့သည်လည်း ဂုဏ်ရှိန်တောက်၍ မွှေးရနံ့သင်းပျံ့စေသည်။ ငုပန်းတို့သည်လည်း ပိတောက်၏ဂုဏ်ရောင်ကို ပိုမိုထွန်းပြောင်စေသကဲ့သို့ ဟန်ချက်ညီစွာ ခါရာသီနှင့် အလိုက်သင့် ဖူးပွင့်နေကြပေသည်။ ထူးမြတ်သည့် အချိန်ရက်မြတ်မှာသာလျှင် မြိုင်မြိုင်ဆိုင်ဆိုင်ဖူးပွင့်တတ်သည့် ပန်းပိတောက်သည် တစ်နှစ်တွင် တစ်လ၊ တစ်လတွင်တစ်ရက် ဖူးပွင့်ပေသည်။

တန်ခူးလသည် မြန်မာတို့၏နှစ်ကူးလဖြစ်သကဲ့သို့ ဗုဒ္ဓဘာသာဝင်တို့အတွက် အလှူဒါနများဖြင့်စိတ်နှလုံးအေးချမ်းရသောအချိန်ကာလဖြစ်သည်။ ရာသီပွဲတော်နှင့်အညီ လူငယ်လူရွယ်များအတွက်လည်း ပျော်ရွှင်ကြည်နူးဖွယ်တန်ခူးလဖြစ်ပေသည်။ နှစ်သစ်အတွက် အသစ်အသစ်သောစိတ်ကူးများ၊ ရှင်လန်းတက်ကြွခြင်းများဖြင့် ဖြတ်သန်းကျော်လွှားရန် ပြင်ဆင်ကြသောအချိန်ကာလလည်းဖြစ်ပေသည်။ ထို့ကြောင့် မြန်မာပြည်သူ၊ ပြည်သားများအနေဖြင့် မြန်မာ့ရိုးရာဓလေ့များကိုထိန်းသိမ်းလျက် လတန်ခူးတွင် ယဉ်ကျေးသိမ်မွေ့စွာ ပျော်ပျော်ရွှင်ရွှင် သင်္ကြန်ပွဲတော်ကို ဆင်နွှဲစေချင်သည်။

"တူးပို့၊ တူးပို့"ဟူသော သံစဉ်များနှင့် အကအလှများသည် ပျော်ပွဲရွှင်ပွဲအဖြစ်သာ ကျင်းပခြင်းမဟုတ်ပေ။ ပူပြင်းသောနွေရာသီ၌ စိတ်ညစ်ညူးမှုများမဖြစ်စေရန်အတွက်လည်းကောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုများကို မြတ်နိုးတတ်စေရန်လည်းကောင်း၊ စုပေါင်းညီညွတ်မှု၏တန်ဖိုးကိုသိရှိစေရန်အတွက်လည်းကောင်း နိုင်ငံတော်အစိုးရက နှစ်စဉ်မပျက် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကို ယိမ်းအကအလှပြိုင်ပွဲများဖြင့် ကျင်းပလေ့ရှိသည်။ မည်သို့ပင်ဆိုစေကာမူ အဟောင်းများ၊ မကောင်းသောအကြောင်းတရားများကို အတာရေဖြင့်ဆေးကြောပြီး နှစ်သစ်မှာစိတ်သစ်လူသစ်ဖြင့် ခေတ်မီနိုင်ငံတော်သစ်ဆီချီတက်ရန် အတွေးသစ်အမြင်သစ်များဖြင့် ပုံဖော်ကြစေလိုပါသည်။ လတန်ခူးတွင် မြန်မာပြည်သူ၊ ပြည်သားအပေါင်း ပျော်ရွှင်ကြည်နူး၍ အတာရေလောင်းကာ အေးချမ်းသာယာကြပါစေကြောင်း ဆုမွန်ကောင်းပို့သ၍ ရေးသားလိုက်ရပါသည်။

❖ သင်္ကြန်ပွဲတော်သည် လူငယ်လူရွယ်များအတွက် မေတ္တာရေပက်ဖျန်းသည့်ပွဲတော်ဖြစ်သကဲ့သို့ အမိအဖ ဘိုးဘွားများအတွက်လည်း ရေကန်တော့ပွဲပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သင်္ကြန်ပွဲတော်ကာလအတွင်း၌ လူငယ်လူရွယ်များသည် သက်ကြီးပူဇော်ပွဲများကျင်းပ၍ အဘိုးအဘွား၊ အမိအဖတို့ကို ခေါင်းလျှော်ပေးခြင်း၊ ခြေသည်းလက်သည်းညှပ်ပေးခြင်း၊ ရေချိုးသန့်စင်ပေးခြင်းတို့ကို ပြုလုပ်ပေးကြသည်။ ထို့ပြင် ကျေးလက်ဒေသများ၌ အဘိုးအဘွားများရှိသော နေအိမ်များသို့ လူငယ်များက သောက်သုံးရေများ လှူဒါန်းခြင်းကို မြန်မာ့ရိုးရာဓလေ့ကုသိုလ်အဖြစ် ယနေ့တိုင် ပြုလုပ်နေဆဲပင်ဖြစ်သည်။ ❖

**ကိုးကား**

- မြန်မာအဘိဓာန်၊
- မြန်မာ့စွယ်စုံကျမ်း၊ အတွဲ (၄)

# နွေရာသီတွင် ခရမ်းလွန်ရောင်ခြည်အန္တရာယ် သတိပြုသွားစေလို

မောင်သောင်းဝင်း(တမန်ဟောင်း)

အယ်နီညိုနောက်ဆက်တွဲဖြစ်စဉ်ကြောင့် ၂၀၂၄ ခုနှစ်တွင် မေလဆန်းကတည်းက မြန်မာနိုင်ငံ၏ အချို့သောဒေသများ၌ အပူချိန်စံချိန်တင်မြင့်တက်လျက်ရှိသည်။ မေ ၇ ရက်တွင် ချောက်မြို့၌ အပူချိန် ၄၇ ဒီဂရီဆဲလ်စီယပ်ထိရှိခဲ့သည်။ လာမည့်ရက်များအတွင်း အပူချိန်ဆက်လက်မြင့်တက်လာနိုင်ကြောင်း မိုးလေဝသပညာရှင်များက သတိပေးထားသဖြင့် ကလေးငယ်များနှင့် သက်ကြီးဘိုးဘွားများ၏ကျန်းမာရေးကို အထူးဂရုပြုသင့်ပေသည်။

**ကြိုတင်ကာကွယ် အပူအန္တရာယ်**

ထိုသို့ တစ်နေ့တခြား အပူချိန်မြင့်တက်လာလျက်ရှိသဖြင့် အပူဒဏ်အန္တရာယ်ကာကွယ်နိုင်ရေးအတွက် အရိပ်ရ၍ အေးမြသောနေရာများတွင်သာနေထိုင်ခြင်း၊ မိမိ၏အသားကို နေရောင်ခြည်နှင့်တိုက်ရိုက်မထိတွေ့စေရန် လက်၊ လည်ပင်းနှင့် ပခုံးတို့ကိုပါ လုံခြုံသော အရောင်ဖျော့သည့် ပွပွချောင်ချောင်ချည်ထည်များကိုဝတ်ဆင်ခြင်း၊ နေ့ခင်းနေလယ်အပြင်သွားပါက ထီး၊ ဦးထုပ်ဆောင်းသွားကြရမည်ဖြစ်ပြီး ရေများများသောက်ကြရမည်ဖြစ်သည်။

ထို့ပြင် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ခြင်း၊ ပူပြင်းသည့်နေရောင်အောက်တွင် အလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို တတ်နိုင်သမျှရှောင်ကြဉ်ခြင်း၊ နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းကိုရှောင်ကြည်ခြင်း၊ ပူပြင်းသောနေရောင်အောက်မှ အလွန်အေးသောအခန်းနှင့် ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့် ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ကြဉ်ခြင်းနှင့် အရက်သေစာ သောက်စားခြင်းတို့ကိုရှောင်ကြဉ်သွားကြရမည်ဖြစ်သည်။

**ခရမ်းလွန်ရောင်ခြည်**

နွေရာသီတွင် အပူချိန်မြင့်တက်လာမှုနှင့်အတူ နေရောင်ခြည်အတွင်း ခရမ်းလွန်ရောင်ခြည် (Ultraviolet-UV) ပါဝင်မှုနှုန်းလည်း တစ်စတစ်စ မြင့်တက်လာလေ့ရှိသည်။ ထိုခရမ်းလွန်ရောင်ခြည်သည် လူသားတို့၏ခန္ဓာကိုယ်ပေါ်သို့ တိုက်ရိုက်ထိတွေ့ကျရောက်ပါက ကျန်းမာရေးထိခိုက်နိုင်သည်။ ထို့ကြောင့် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို ကြိုတင်ကာကွယ်သွားသင့်သည်။ ခရမ်းလွန်ရောင်ခြည်ကို ၁၈၀၁ ခုနှစ်တွင် ဂျာမနီရူပဗေဒပညာရှင်တစ်ဦးက စတင်တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ခရမ်းလွန်ရောင်ခြည်သည် အီလက်ထရွန်နစ်ရောင်ခြည်တန်းတစ်ခုဖြစ်သည်။ ထိုရောင်ခြည်သည် သာမန်လူသားတို့၏ မျက်စိဖြင့်မြင်နိုင်သောအလင်းရောင်ထက် အလျားတိုပြီး X-rays ရောင်ခြည်တန်းထက် ပိုမိုရှည်လျားသည်။ နေရောင်ခြည်မှ ဖြာထွက်လာသောခရမ်းလွန်ရောင်ခြည်ကို ရောင်ခြည်ဖြာထွက်မှုအလျားကို အခြေခံလျက် UV-a၊ UV-b နှင့် UV-c ဟူ၍ သုံးမျိုးခွဲခြားထားရှိသည်။ ၎င်းရောင်ခြည်သုံးမျိုးအနက် UV-b သည် လူသားတို့အပေါ်သို့ ဆိုးကျိုးသက်ရောက်မှုအများဆုံးဖြစ်ပေါ်စေသည့် ရောင်ခြည်တန်းဖြစ်သည်။ ထိုရောင်ခြည် တိုက်ရိုက်ထိတွေ့ခံစားရပါက အရေပြားကင်ဆာဖြစ်ပွားနိုင်သည်။ ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို အိုဇုန်းလွှာက ကာကွယ်ပေးနိုင်သော်လည်း လူသားတို့ကိုယ်တိုင် နေရောင်ခြည်နှင့်တိုက်ရိုက်ထိတွေ့မှုမရှိအောင် ကြိုတင်ကာကွယ်ဆင်ခြင်နေထိုင်သွားသင့်သည်။

> ❖ ခရမ်းလွန်ရောင်ခြည်ကျရောက်မှု ပိုမိုများလေလေ နေလောင်ဒဏ် ပိုမိုပြင်းထန်လာလေလေပင်ဖြစ်သည်။ အသားအရေချောမွေ့ပြီး အဖြူရောင်သန်းသူများသည် အသားမည်းသူများထက် နေလောင်ဒဏ်ပို၍ခံစားရသည်။ အသားအရေချောမွေ့သူများသည် နေရောင်ခြည်နှင့် ၁၁ မိနစ်ခန့်ထိတွေ့ရုံမျှဖြင့် နေလောင်ဒဏ်ခံစားရနိုင်သည်။ နေလောင်ဒဏ်ခံစားရသူများသည် နဂိုမူလအသားအရေအတိုင်း ပြန်မဖြစ်နိုင်သည့်အပြင် နောက်ပိုင်းတွင် အရေပြားကင်ဆာထိပါခံစားရနိုင်သည်။ ❖

**ခရမ်းလွန်ရောင်ခြည်လွန်ကဲမှု**

လူ့ခန္ဓာကိုယ်ပေါ်သို့ ခရမ်းလွန်ရောင်ခြည်လွန်ကဲစွာထိတွေ့ကျရောက်ပါက အသားအရေနှင့် မျက်စိတို့ကိုထိခိုက်ခြင်း၊ နေလောင်ခြင်းဒဏ်မှသည် နောက်ဆုံးတွင် အရေပြားကင်ဆာထိပါဖြစ်ပွားလာနိုင်သည်။ အရေပြားပေါ်သို့ ခရမ်းလွန်ရောင်ခြည်လွန်ကဲစွာထိတွေ့ကျရောက်ပါက နေလောင်ခြင်းဒဏ်ခံစားရလေ့ရှိသည်။ နေလောင်မှုကြောင့် အရေပြားသည် နှစ်နာရီမှခြောက်နာရီအတွင်း အနီရောင်သန်းလာသည်။ ထို့နောက် တစ်ရက်မှ သုံးရက်အတွင်း ရောဂါခံစားရမှု ပိုမိုပြင်းထန်လာသည်။

ခရမ်းလွန်ရောင်ခြည်ကျရောက်မှု ပိုမိုများလေလေ နေလောင်ဒဏ် ပိုမိုပြင်းထန်လာလေလေပင်ဖြစ်သည်။ အသားအရေချောမွေ့ပြီး အဖြူရောင်သန်းသူများသည် အသားမည်းသူများထက် နေလောင်ဒဏ်ပို၍ခံစားရသည်။ အသားအရေချောမွေ့သူများသည် နေရောင်ခြည်နှင့် ၁၁ မိနစ်ခန့်ထိတွေ့ရုံမျှဖြင့် နေလောင်ဒဏ်ခံစားရနိုင်သည်။ နေလောင်ဒဏ်ခံစားရသူများသည် နဂိုမူလအသားအရေအတိုင်း ပြန်မဖြစ်နိုင်သည့်အပြင် နောက်ပိုင်းတွင် အရေပြားကင်ဆာထိပါ ခံစားရနိုင်သည်။ သက်ရှင်နေထိုင်စဉ်ကာလအတွင်း ခရမ်းလွန်ရောင်ခြည်နှင့် ထိတွေ့မှုများလေလေ အရေပြားကင်ဆာရောဂါဖြစ်နိုင်ခြေ ပိုများလေလေပင်ဖြစ်သည်။ ထို့ပြင် မျက်စိရောင်ရမ်းခြင်း၊ အမြင်မှုန်ဝါးခြင်း၊ အရွယ်မတိုင်မီ အိုမင်းရင့်ရော်ခြင်း၊ အသားအရေပေါ်တွင် အစက်အပြောက်များဖြစ်ပေါ်ခြင်း၊ အသားအရေများ ကြမ်းတမ်းမာကျောလာခြင်းတို့ကိုပါ ဖြစ်ပေါ်ခံစားရသည်။

**ကြိုတင်ကာကွယ်**

နေရောင်ခြည်တွင် ခရမ်းလွန်ရောင်ခြည်ပါဝင်မှုနှုန်းမြင့်မားလာပါက ကြိုတင်ကာကွယ်သွားသင့်သည်။ ထိုသို့ကာကွယ်ရာတွင် UV ကာကွယ်သည့် ခရင်(မ်)များလိမ်းခြင်း၊ နေကာမျက်မှန်တပ်ခြင်း၊ ချောင်ချိသောအဝတ်အစားများဝတ်ဆင်ခြင်း၊ နေလောင်ဒဏ်ကာကွယ်မှုပေးသည့် ထီး၊ ဦးထုပ်များဆောင်းခြင်း၊ အရိပ်အောက်တွင်နေထိုင်ခြင်းနှင့် ပူပြင်းသည့်နေရောင်ခြည်အောက်တွင် သွားလာခြင်းမှတတ်နိုင်သမျှရှောင်ရှားခြင်းများပြုလုပ်သွားသင့်သည်။ အထူးသဖြင့် နေရောင်ခြည်အတွင်း ခရမ်းလွန်ရောင်ခြည်ပါဝင်မှုနှုန်းသည် မွန်းတည့်ချိန်တွင်အများဆုံးဖြစ်သည်။ တတ်နိုင်ပါက နံနက် ၁၀ နာရီမှ ညနေ ၄ နာရီ အချိန်အတွင်း နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့မှု မခံရအောင် ရှောင်ရှားသွားသင့်သည်။

ထိုအချိန်မျိုးတွင် မဖြစ်မနေသွားလာရမည်ဆိုပါကလည်း နေရောင်ခြည်ကာကွယ်ပေးနိုင်သည့် ခရင်(မ်)များလိမ်းခြင်း၊ နေကာမျက်မှန်၊ ထီးနှင့် ဦးထုပ်များ ယူဆောင်သွားသင့်သည်။ ကလေးများသည် လူကြီးများထက် နေရောင်ခြည်နှင့်ထိတွေ့မှုအချိန်ပိုများသဖြင့် နေကာမျက်မှန်နှင့်အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်တို့ဝတ်ဆင်ထားကြရန် ကြပ်မတ်ပေးသင့်သည်။ အရောင်ရင့်သည့်အဝတ်အထည်များသည် အရောင်ဖျော့သည့်အဝတ်အထည်များထက် နေလောင်မှုဒဏ်ကို ပိုမိုကာကွယ်ပေးနိုင်သည်။ ခရမ်းလွန်ရောင်ခြည်ကို တတ်နိုင်သမျှ ရှောင်ရှားသွားရန်သည် နေ့စဉ် ဆောင်ရွက်ရမည့်လုပ်ငန်းများကိုတတ်နိုင်ပါက နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအချိန်အတွင်း လုပ်ကိုင်ဆောင်ရွက်ခြင်းကိုရှောင်ရှားသွားသင့်သည်။ ထိုသို့မရှောင်နိုင်ပါကလည်း ခရမ်းလွန်ရောင်ခြည်အကာအကွယ်ပေးနိုင်သည့်နေကာမျက်မှန်တပ်ခြင်း၊ အင်္ကျီလက်ရှည်နှင့်ဘောင်းဘီရှည်များဝတ်ဆင်လျက် လုပ်ငန်းခွင်ဝင်သင့်သည်။

**နွေရာသီတွင် ခရမ်းလွန်ရောင်ခြည်အန္တရာယ်သတိပြုသွားစေလို**

နွေရာသီအပူဒဏ်နှင့် ခရမ်းလွန်ရောင်ခြည်အန္တရာယ်အောက်တွင် ကျန်းမာစွာဖြတ်သန်းနိုင်ရေးအတွက် နေထိုင်မှုပုံစံများမှန်ကန်ရန်လိုသည်။ လူသားတို့သည် အနာဂတ်ကာလတွင် အစွန်းရောက်ရာသီဥတုကို ဆက်တိုက်ကြုံတွေ့လာရတော့မည်ဖြစ်သည်။ ထို့ကြောင့် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားရန်လိုအပ်သည်။ အထူးသဖြင့် ယခုလို ပူပြင်းလှသောနွေရာသီတွင် အပူဒဏ်ခံနိုင်ရန်အတွက် သဘာဝနည်းကိုသာအသုံးပြုသင့်သည်။

ဆိုလိုသည်မှာ သဘာဝကျကျနေထိုင်သွားမည်ဆိုလျှင် အပူဒဏ်ကိုလွယ်ကူစွာ ကျော်ဖြတ်နိုင်မည်ဖြစ်သည်။ ထိုသို့မဟုတ်ဘဲ ခေတ်မီအီလက်ထရွန်နစ်ပစ္စည်းများ၊ သဘာဝလွန်အစားအသောက်များကိုသာ အသုံးပြုမှီဝဲသွားမည်ဆိုလျှင် ရေရှည်တွင် ကျန်းမာရေးကို များစွာထိခိုက်စေနိုင်သည်။ ထို့ပြင် နွေရာသီတွင် နေရောင်ခြည်အတွင်း ခရမ်းလွန်ရောင်ခြည်ပါဝင်မှုနှုန်းသည်လည်း နှစ်စဉ်မြင့်တက်လာလျက်ရှိသည်။ လူကို အန္တရာယ်ဖြစ်စေနိုင်သော ထိုခရမ်းလွန်ရောင်ခြည်ကို တတ်နိုင်သမျှ ကြိုတင်ကာကွယ်သွားသင့်သည်။ ထိုသို့ ကြိုတင်ကာကွယ်ဆင်ခြင်နေထိုင်ခြင်းမရှိပါက မျက်စိရောင်ရမ်းခြင်းနှင့် နေလောင်ဒဏ်တို့ကိုခံစားရပြီး နောက်ဆုံးတွင် အရေပြားကင်ဆာရောဂါအဆင့်ထိ ပြင်းထန်စွာခံစားလာရမည်ဖြစ်သည်။ ထို့ကြောင့် နွေရာသီတွင် အပူဒဏ်နှင့် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို ကာကွယ်နိုင်ရေးအတွက် အပူချိန်မြင့်မားသည့် မွန်းတည့်ချိန်များတွင် နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့မှုကို တတ်နိုင်သမျှ ရှောင်ရှားသွားသင့်ပြီး နေရောင်ခြည်အောက်သို့ မဖြစ်မနေသွားလာရမည်ဆိုပါကလည်း နေကာမျက်မှန်နှင့် လုံခြုံသောအဝတ်အစားများကိုသာ ဝတ်ဆင်သွားလာသင့်ကြောင်း တိုက်တွန်းအကြံပြုရေးသားလိုက်ရပါသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ဝါဒဖြန့်ခြင်းများလိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၁၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင်နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မေ ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "မနှင်းအိမ်ခြံမြေ" Facebookအကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၈၅)ရပ်ကွက်နေ နှင်းနှင်းခိုင်ကို ည ၈ နာရီ ၄၅ မိနစ်တွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။




## မြန်မာသက္ကရာဇ် ၁၃၈၅-၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက်နေ့မှ ၈ ရက်နေ့အထိ (၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ) မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်မောင်းသူများ သိရှိလိုက်နာစေရေး အသိပေးကြေညာချက်

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကာလ မန္တလေးမြို့တော်သင်္ကြန်ပွဲအား စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်နိုင်ရေးအတွက် **အခမ်းအနားစတင်ချိန်မှ ပြီးဆုံးချိန်ထိ** မဝင်ရလမ်းနှင့် တစ်လမ်းမောင်းလမ်းသတ်မှတ်ချက်များ-

**ယာဉ်မဝင်ရလမ်း သတ်မှတ်ခြင်း**

(က) ကျုံးအရှေ့ဘက်ခြမ်း ၆၆ လမ်းအား ၁၂ လမ်းမှ ၂၇ လမ်းအထိ ဆိုင်ကယ်မဝင်ရ

(ခ) ကျုံးတောင်ဘက်ခြမ်း ၂၆ လမ်းအား ၆၅ လမ်းမှ ၇၈ လမ်းအထိ ဆိုင်ကယ်မဝင်ရ

(ဂ) ကျုံးတောင်ဘက်ခြမ်း ၂၆ လမ်းပေါ်တွင် ၇၃ လမ်းမှ ၆၆လမ်းအထိ အနောက်ဘက်မှအရှေ့ဘက်သို့ မော်တော်ယာဉ်မဝင်ရ

(ဃ) ၂၇ လမ်းပေါ် ၆၈ လမ်းမှ ၇၃ လမ်းအထိ အခမ်းအနားသို့ လာရောက်သည့် မော်တော်ယာဉ်မှအပ အခြားမည်သည့်ယာဉ်မျှ ဝင်ခွင့်မပြု

(င) ၇၃ လမ်းပေါ် ၁၀၂ လမ်းမှ ၁၀၇ လမ်းထိ မော်တော်ယာဉ်/ဆိုင်ကယ်မဝင်ရ

**တစ်လမ်းမောင်း သတ်မှတ်ခြင်း**

(က) ကျုံးတောင်ဘက်ခြမ်း ၂၆ လမ်းအား ၆၆ လမ်းမှ ၇၃လမ်းအထိ အရှေ့ဘက်မှ အနောက်ဘက်သို့တစ်လမ်းမောင်း မောင်းနှင်ခွင့်ပြုသည်

(ခ) ကျုံးတောင်ဘက်ခြမ်း ၂၆ လမ်းပေါ် လမ်း ၈၀ မှ ၇၃ လမ်းအထိ **မော်တော်ဆိုင်ကယ်မှအပ** မော်တော်ယာဉ်များ နှစ်လမ်းမောင်း မောင်းနှင်ခွင့်ပြုသည်

## "(၁-၄-၂၀၂၄)နေ့စွဲပါ ရတနာပုံနေ့စဉ်သတင်းစာ၊ စာမျက်နှာ(၃၁)၌ (ဖခင်) ဦးရီနွတ်ဘိုင် မှ အမွေပြတ်စွန့်လွှတ်ခြင်းကြေညာချက်ကို ပြန်လည်တုံ့ပြန်ရှင်းလင်းခြင်း"

၁။ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊အမှတ်(၄)ရပ်ကွက်၊ ၆၁-လမ်းနေ ဦးရီနွတ်ဘိုင် (ခ) ဦးဝိုင်ထွန်း (၉/မရမ(နိုင်)၀၆၂၈၉၄)မှ ၎င်း၏ပထမဇနီး ဒေါ်ခင်ဖြူ နှင့်ပေါင်းသင်း၍ သမီး(၃)ဦး၊ သား(၁)ဦး ထွန်းကားခဲ့ပါသည်။ ဖခင်ဖြစ်သူ ဦးရီနွတ်ဘိုင် မှ ဒုတိယဇနီးသည် မကြူကြူ နှင့် သား၊သမီး(၇)ဦး ထွန်းကားခဲ့ပါသည်။

၂။ ပထမဇနီးနှင့်မွေးဖွားခဲ့သော (၁)မခင်စောဖြူ (၂) မခင်မာလွင် တို့ကို သမီးများအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာရာတွင် ၎င်းသမီးများသည် အိမ်ထောင်ကျပြီး သီးခြားနေထိုင်ကြပါသည်။ ဖခင်နှင့်နေထိုင်ခြင်းမရှိပါ။ ၆၁-လမ်းနေအိမ်အား ကာလတန်ဖိုးမြင့်မားစွာဖြင့်ရောင်းချပြီး ဖခင်ထံမှ ရင်းနှီးလုပ်ကိုင်စားသောက်ရန် မှုမှုတတ ဆောင်ရွက်ပေးရန် တင်ပြပြောဆိုသည့်အခါ ဖခင်ဖြစ်သူမှ (၁-၄-၂၀၂၄)နေ့စွဲပါ ရတနာပုံသတင်းစာ၊ စာမျက်နှာ(၃၁)တွင် အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်းသည် အစ္စလာမ့် အမွေခန်းဥပဒေ(စွန်နီဓလေ့ထုံးတမ်း)အရ ဖခင်တာဝန်ရှိသည့်အတိုင်း ကျေပွန်ခြင်းမရှိသောကြောင့် သမီးအဖြစ်မှစွန့်လွှတ်ကြောင်းကြေညာချက်သည် တရားမဝင်ကြောင်း ပြန်လည်တုံ့ပြန်ရှင်းလင်းအပ်ပါသည်။

**လွှဲအပ်သူများ**
၁။ မခင်စောဖြူ
၂။ မခင်မာလွင်
မန္တလေးမြို့။

**လွှဲအပ်ညွှန်ကြားချက်အရ-**
ဦးမောင်မောင်အေး(ခ)ကိုအေး
LL.B,D.B.L,C.A.B.S(Eco),D.B.S
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၂၉၂)
အကွက်(၅၅၂)၊ အောင်နန်းရိပ်သာအရှေ့၊
၈၄လမ်း(၃၄×၃၅)ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
Ph;09-966543325 , 09-258987836

## ပျောက်ဆုံးကြောင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်နေ ဒေါ်ချိုမာဦး (ဘ) ဦးလှထင် (၉/မနတ(နိုင်)၀၀၀၀၈၀)၏ နိုင်ငံကူးလက်မှတ်အမှတ် (MD-084554) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၄၀၂၀၀၂၉၆၇

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးမိုးနိုင် (၅/ပလဘ(နိုင်)၀၆၁၀၇၆၀)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် မီးလောင်ရာပါသွားပါသဖြင့် ပျောက်ဆုံးပျက်စီးသွားကြောင်း ကြော်ငြာအပ်ပါသည်။
၀၉-၇၉၀၁၂၉၃၀၈

မီး
သတိပြု

## အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းမြို့၊ နန္ဒဝန်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၃/၁၈)၊ အကွက်အမည် ချင်းစုကွင်း၊ ဦးပိုင်အမှတ်(၃၀/က-၃)၊ဧရိယာ (၁. ၀၁၈)ဧကရှိသည့်အနက်မှ ဧရိယာ(၀. ၀၉၄)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည်-

(က) အရှေ့လားသော် - ဦးပိုင်အမှတ်-၃၀/က-၃ကျွန်မြေ

(ခ) အနောက်လားသော် - ဦးပိုင်အမှတ်-၂၉/၂

(ဂ) တောင်လားသော် - ကားလမ်း

(ဃ) မြောက်လားသော် - ဦးပိုင်အမှတ်-၃၀/က-၃ကျွန်မြေ

အထက်ဖော်ပြပါမြေကို(ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဒေါ်စန်းစန်းဝါ**မှ လျှောက်ထားလာသည့်အတွက် ယင်းတို့၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၄ခုနှစ်၊ မေလ (၉)ရက်နေ့** နောက်ဆုံးထား ဆိုင်ရာတာဝန်ရှိ အထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက် တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ စစ်ကိုင်းမြို့။**

သင့်သွေးဖြင့် အသက်ကယ်ပါ

စာအုပ် စာပေ လူ့မိတ်ဆွေ

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက သတင်းအချက်အလက်မျှဝေရာစင်တာသို့ ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

ပလင်းတန် ဖွံ့ဖြိုးပို့ စာအုပ် စာပေ ဖတ်ကြစို့

❖ တိုင်းပြည်တစ်ခု ဖွံ့ဖြိုးတိုးတက်ခြင်း၏ အခြေခံသည် ပညာတတ်လူ့အရင်းအမြစ်များ ပေါကြွယ်ဝခြင်းပင်ဖြစ်...

❖ အသိပညာ၊ အတတ်ပညာပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများ မဖြစ်မနေလိုအပ်သည်ဟု မိမိအနေဖြင့် ယုံကြည်သည့်အတွက် နိုင်ငံသားတိုင်း ပညာရည်မြင့်မားရေးကို နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် ပြုလုပ်သော (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးတာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မကျိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ

## ဥရောပအာရှစီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဝင် အကြီးစားစီးပွားရေးနှင့်ပေါင်းစည်းရေးဝန်ကြီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ဥရောပအာရှစီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဝင် အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး H.E. Mr. Sergei GLAZEV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

**နေပြည်တော် မေ ၁၀** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ဥရောပအာရှ စီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဝင် အကြီးစားစီးပွားရေး နှင့် ပေါင်းစည်းရေးဝန်ကြီး H.E. Mr. Sergei GLAZEV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး သံတမန်ဆောင်ရှိ ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

**စာမျက်နှာ ၁၈ ကော်လံ ၁ ☆**

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

OKKAN SUGAR MILL


ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး

FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la











Phone; 09973037364(Office), 09971922346(Mill)

မြန်မာပြည်တွင်ထုတ်လုပ်သည်

သကြားဖြူ White Sugar